ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့ (14-7-2014) (၇၉၀၁)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြင်သစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဖရန်ဆွာ အိုလောန်ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပြင်သစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မန်နျူရယ် ဗဲလ်စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လူ့စွမ်းအားအရင်းအမြစ်များဖြင့်သာ နိုင်ငံ၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍမှ ပညာရှင်များအား ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာဗဟိုဌာန (MICT Park)အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာ ဝါသနာရှင်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေနှင့် အဖွဲ့အစည်းများ၊ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၏ လက်ရှိအခြေအနေများ၊ e-Government ကဏ္ဍလုပ်ငန်းများ၊ ဆော့ဖ်ဝဲနှင့် အိုင်စီတီဝန်ဆောင်မှု ကဏ္ဍလုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် အကြံပြုတင်ပြချက်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

သဘာဝသယံဇာတမှာ ကုန်ခန်းနိုင်ပြီး လူ့စွမ်းအားအရင်းအမြစ်သည် မည်သည့်အခါမျှ မကုန်ခန်းနိုင်သောကြောင့် နိုင်ငံတော်၏ သဘာဝသယံဇာတအသုံးပြုမှုကို အတတ်နိုင်ဆုံး လျှော့ချပြီး ဖြစ်နိုင်လျှင်အသုံးမပြုဘဲ သားစဉ်မြေးဆက်သို့တိုင်အောင် အသုံးပြုနိုင်ရန် ထိန်းသိမ်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် e-Government လုပ်ငန်းဆိုင်ရာနှင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ဆော့ဖ်ဝဲ ထုတ်ကုန်များနှင့် အိုင်စီတီဝန်ဆောင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဈေးကွက်တင်ရန် အရွယ်အစားအညီရွေးချယ်ထားသည့် ငါးမုတ်များချိန်တွယ်နေစဉ်။

ဈေးကွက်ကျယ်ပြန့်လာခြင်းနှင့် ဈေးကောင်းရရှိနေသည့် မြန်မာ့ငါးမုတ်

အောင်ဝင်း (ဖျာပုံ)

ဖျာပုံ ဇူလိုင် ၁၃

ကမ္ဘာပေါ်၌ ငါးစားသုံးမှုသည် ၂၀၂၀ ခုနှစ်တွင် တစ်နှစ်လျှင် လူတစ်ဦးချင်း စားသုံးမှု ၁၅ ဒသမ ၇ ကီလိုဂရမ်အထိ ရောက်ရှိလာမည်ဟု သုတေသီများက ခန့်မှန်းထားကြသည်။ ကမ္ဘာ့ငါးထုတ်လုပ်မှု၏ ထက်ဝက်ကျော်ကို အာရှတိုက်က ထုတ်ပေးနေသည့်အတွက် ရေထွက်ကုန်နှင့်ပတ်သက်လာလျှင် အာရှနိုင်ငံများက ဩဇာရှိနေသည်ဟု သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သားငါးကဏ္ဍအသားတင်ထုတ်လုပ်မှုတန်ဖိုး သုံးဆအထိ တိုးတက် ထုတ်လုပ်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိနေသည်ဟု သိရသည်။

မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသည့် ငါးမုတ်ငါးသည် နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရလျက်ရှိသည်။ ငါးမုတ်ငါးကို ဂျပန်၊ စင်ကာပူ၊ ထိုင်းနှင့်ထိုင်ဝမ်တို့က နှစ်သက်စွာစားသုံးကြပြီး တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူလျက်ရှိကြောင်း သိရသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**

မိုးရွာသွန်းမှု

၁၃-၇-၂၀၁၄

လောင်းလုံ	၁၀ ဒသမ ၂၀ လက်မ
ကော့သောင်း	၆ ဒသမ ၀၂ လက်မ
ထားဝယ်	၅ ဒသမ ၆၃ လက်မ
သထုံ	၅ ဒသမ ၃၁ လက်မ
ခရမ်း	၃ ဒသမ ၈၆ လက်မ
လှည်းကူး	၃ ဒသမ ၃၉ လက်မ
မြိတ်	၃ ဒသမ ၂၉ လက်မ

ကြေးမုံ စာတည်း ရှုထောင့် ၁၄-၇-၂၀၁၄၊ တနင်္လာနေ့

မိသားစု

မိသားစုဟူသည် နွေးထွေးမှုအတိနှင့် သိုက်မြုံလေးတစ်ခု။ ငြိမ်းချမ်းမှုအတိနှင့် အဝိုင်းအဝန်းတစ်ခု၏ နိမိတ်ပုံရိပ်ဖြစ်သည်။ ကမ္ဘာဦးအစကို လူသားတို့က စတင်ဖွဲ့တည်ခဲ့ကြောင်း ကျမ်းဂန်အမျိုးမျိုးတို့က ဆိုသည်။ ကမ္ဘာဦးကာလ၊ မြေဆီလွှာကို စားသုံးပုံ၊ ကိုယ်ရောင်ကိုယ်ဝါ ထွန်းတောက်ပုံ၊ အချင်းချင်းဆက်နွှယ်ကြရာမှ လူသားဟူ၍ တိုးပွားဖြစ်ပေါ်လာပုံတို့ကို အမျိုးမျိုးဖွင့်ဆိုထားသည်။ သဘာဝတ္ထပညာရှင် "ဒါဝင်"ကလည်း လူဖြစ်တည်လာပုံကို အထောက်အထားများနှင့် ရှင်းပြထားသည်။ လူသားဘဝဖြစ်တည်လာခြင်းအစကို နယ်ပယ်အသီးသီးမှ ဖော်ပြချက်များ မည်သို့ဆိုစေ မိသားစုဟူသော အသိုက်အမြုံသည် ကမ္ဘာဦးကာလကတည်းက ဖွဲ့တည်လာခဲ့သည်မှာ အမှန်ဖြစ်သည်။

အထူးသဖြင့် ကလေးငယ်များအတွက် မိသားစုရိပ်မြုံသည် မရှိမဖြစ်လိုအပ်သည့်နေရာ။ အထူးသဖြင့် မိဘနှစ်ပါး၏ ရင်အုပ်မကွာစောင့်ရှောက်ပေးမှု မေတ္တာရိပ်သည်သာ ကိုယ်ရောစိတ်ပါ ဖွံ့ဖြိုးမှုကို ဖြစ်စေပါသည်။ သို့သော် ကလေးတိုင်း ဤအခွင့်အရေးကို ပြည့်ပြည့်ဝဝ မခံစားကြရ။ မရရှိကြပါ။ ဘဝကံအကြောင်းတရားဟု ဆိုရမည်လား။ သိုက်မြုံပျက်ငှက်ငယ်လေးများပမာ မိဘရိပ်မှ အလှမ်းဝေးကွာရှိနေကြရသည်။ တချို့မိဘစုံညီရှိနေပါလျက် မိဘနှစ်ပါးနှင့်အတူ မနေရသူများ မိမိတို့နိုင်ငံတွင် ၄၄ ရာခိုင်နှုန်းရှိနေသည်။ တချို့ အမေရှိ၍ အဖေမရှိသူ၊ အမေမရှိ၍ အဖေရှိသူကလေးငယ် ၂၈ ဒသမ ၈ ရာခိုင်နှုန်းနှင့် မိဘနှစ်ပါးလုံးမရှိသူ ၂၂ ရာခိုင်နှုန်းရှိနေ၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဂေဟာပေါင်း ၂၁၇ ခုတွင် ဝင်ရောက်ခိုလှုံလျက်ရှိနေသော ကလေးငယ်သုံးသောင်းဝန်းကျင် စာရင်းမှ ရာခိုင်နှုန်းတွက်ပေးထားသော စာရင်းဇယားဖြစ်ပါသည်။ ဤကဲ့သို့မှတ်ပုံတင်ပြီးဂေဟာမျိုးလို မှတ်ပုံတင်လျှောက်ထားဆဲ ဂေဟာများနှင့် မှတ်ပုံမတင်ရသေးသည့် ဂေဟာများလည်း ရှိနေသေးကြောင်း သိရသည်။

ကလေးဟူသည် မိဘတိုင်း၏ ရတနာလေးများဖြစ်သည်။ ပိုးမွေးသလိုပြုစုပျိုးထောင်ပေးရင်း လူလားမြောက်စေခြင်းသည် မိဘတိုင်း၏ အနှိုင်းမဲ့မေတ္တာပြယုဂ်ဖြစ်သည်။ သို့သော် တချို့သော မိဘများ၏ လုပ်ရပ်က "ကမ္ဘာမီးလောင် သားကောင်ချနင်း" သကဲ့သို့ ဖြစ်နေသည်။ မိစုံဖစုံရှိနေပါလျက် ၄၄ ရာခိုင်နှုန်းသော ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဂေဟာရောက် ကလေးများက သက်သေပြနေသည်။ တောင်းဆိုးပလုံးဆိုးကိုသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိ။ ရှေးတုန်းက ဆိုရိုးစကား မိဘတို့၏ အနှိုင်းမဲ့မေတ္တာတရား။ ယခု ဆိုးသွမ်းသော သားသမီးများလည်း မဟုတ်ကြသလို အရွယ်ရောက်ပြီးသူများလည်း မဟုတ်ကြသေးပါ။ မိဘအရင်းအချာများ၏ ဥပေက္ခာပြုမှုကို ခံနေကြရသည်။

ကလေးသူငယ်စောင့်ရှောက်မှု ဂေဟာများရောက် ကလေးအများစုမှာ မိသားစု မပြေလည်မှုများနှင့် မိဘများ၏ အိမ်ထောင်ရေး ပြဿနာများကြောင့် အများဆုံးဖြစ်ကြောင်း သိရသည်။ တချို့အရွယ်မရောက်သေးသော ကလေးလေးများ အလုပ်လုပ်နေကြရသေးသည်။ မိဘများကိုယ်တိုင် လာရောက်အပ်နှံပြီး လစာကိုကြိုထုတ်သွားကြသောမိဘများလည်းရှိနေကြသည်။ မိဘ၏ အရိပ်ကိုခိုကာ ကျောင်းနှင့်အိမ်ကြား သွားလာနေကြရမည့် အရွယ်လေးများ ယခု မိဘဆိုသူများ၏ ရက်စက်မှုကြောင့် စားသောက်ဆိုင်များမှာ ပင်ပန်းကြီးစွာ အရွယ်နှင့်မလိုက် လုပ်ကိုင်နေကြရသည်။

တရားဝင်ဖွင့်လှစ်ထားသော ကလေးများဂေဟာမှာ စားချိန်မှန်၊ အိပ်ချိန်မှန်နှင့် စနစ်တကျ ပြုစုပျိုးထောင်ပေးထားသည်ဆိုငြားလည်း အေးမြသာယာမိဘရိပ်နှင့်ဝေး၊ မေတ္တာငတ်မွတ်နေကြရှာသော သူတို့လေးတွေဘဝ၏ ဖွံ့ဖြိုးမှုကို ထိခိုက်စေပါသည်။

"ဂေဟာတွေဖွင့်ပြီး ကူညီပေးတာထက် ဂေဟာတွေမရောက်အောင်၊ မိဘတွေနဲ့နေထိုင်နိုင်အောင် ရပ်ရွာနဲ့ပေါင်းပြီး လုပ်ရမှာ။ ဂေဟာမှာနေထိုင်တဲ့ကလေးတွေနဲ့ မိဘနဲ့အတူ နေထိုင်ရတဲ့ ကလေးတွေယှဉ်ရင် ဂေဟာမှာနေရတဲ့ ကလေးတွေက ဦးနှောက်ဖွံ့ဖြိုးမှုအားနည်းတယ်။ စိတ်ဒဏ်ရာတွေဖြစ်စေတယ်" UNICEF, Myanmar မှ Child Protection Officer ၏ သုံးသပ်ချက်ဖြစ်သည်။

ကလေးများ၏ စိတ်ဒဏ်ရာကို ကုစားပေးနိုင်သည့်နေရာမှာ မိဘနှစ်ပါး၏ မေတ္တာတရားမှတစ်ပါး အခြား မရှိပါ။ မိသားစုသိုက်မြုံများနှင့် ဖွဲ့စည်းထားသောနေရာ အဝိုင်းအဝန်းများသည် အစဉ်ထာဝရငြိမ်းချမ်းမှုအတိနှင့် ရှိတတ်စမြဲဖြစ်ပါသည်။ "ပုခက်လွှဲလက် ပန်းပျိုးလက်" ပိုင်ရှင်မိဘများ အစဉ်ထာဝရ "မိကောင်းဖခင်များ" ပီသနိုင်ကြစေရန် ဆန္ဒပြုရပါသည်။ ။

အမြန်လမ်းမကြီး ယာဉ်မတော်တဆဖြစ်ပွားမှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် အရှိန်လွန်မောင်းနှင်ခြင်း ထိန်းချုပ်ရေးစနစ် B'Smart ရှင်းလင်းတင်ပြ

နေပြည်တော် ဇူလိုင် ၁၃

အမြန်လမ်းမကြီး ယာဉ်မတော်တဆဖြစ်ပွားမှု အခြေအနေနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးစနစ် B'Smart အကောင်အထည်ဖော်ဆောင်ရွက်ရေးအစည်းအဝေးနှင့် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် အရှိန်တိုင်းကိရိယာဖြင့် စစ်ဆေးအရေးယူခြင်းကို ၂၀၁၃ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆဖြစ်ပွားမှု အများဆုံးဖြစ်ရခြင်းမှာ မော်တော်ယာဉ်ကို အရှိန်ပြင်းပြင်းမောင်းနှင်မှုကြောင့်ဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ယာဉ်မတော်တဆမှု လျော့နည်းစေရန်အတွက် မော်တော်ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးစနစ် B'Smart ဖြင့် အရှိန်နှုန်းမြင့် မောင်းနှင်သောယာဉ်များ၊ မဆင်မခြင်မောင်းနှင်သောယာဉ်များကို စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်သည့်စနစ်ကို ကနဦး စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါစနစ်သည် အဆင့်မြင့်နည်းပညာများဖြင့် ပေါင်းစပ်ဆောင်ရွက်ထားခြင်းဖြစ်ပြီး လက်ရှိကျင့်သုံးနေသည့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး ကြိုတင်ကာကွယ်ခြင်း အစီအမံများအပေါ် များစွာအထောက်အကူပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(သတင်းစဉ်)



မအူပင် ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျောင်းရွာ (စံပြကျေးရွာ)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို အဆိုပါကျောင်း၌ ဇူလိုင် ၇ ရက်

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းထွန်းနှင့် ကျောင်းအုပ်ဆရာကြီးတို့က အမှာစကားပြောကြားပြီး သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၈ ဦးနှင့် ဂုဏ်ထူးသင် ဆရာ ဆရာမ လေးဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန်နှင့် ဇနီး မိသားစုက ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၁၀၀၀ ၊ ကျောင်းသုံးဗလာစာအုပ် ၅၅၇ ဒါဇင်ကို ပေးအပ်လှူဒါန်းရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကျော်ငြိမ်မှ ဝန်ကြီးမိသားစုကိုယ်စား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်တင်လှိုင်(ဟိုတယ်/ ခရီး)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သာစည် ဇူလိုင် ၁၃

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက မိတ္ထီလာခရိုင် သာစည်မြို့နယ် အမှတ်(၁)ငါးဆူတိုးချဲ့ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် ကော်မတီဝင်များက တာဝန်ရှိသူများအား ပျိုးပင်များပေးအပ်သည်။

ထို့နောက် တက်ရောက်လာသူများက ငုစပ် ပင် ၂၀ ၊ ပိတောက် ၃၆ ပင်၊ ယူကလစ်အပင် ၄၀ ၊ ကုက္ကိုအပင် ၄၀ ၊ လျှော်ဖြူ ၄၅ ပင်၊ အော်ရေးရှား အပင် ၄၀၊ မဲဇလီ အပင် ၉၅ ၊ ကျွန်း ၅၁ ပင်၊ စိန်ပန်းကြီး ၆၃ ပင်၊ စိန်ပန်းဝါ အပင် ၅၀ ၊ ဗာဒံပင် အပင် ၅၀ နှင့် ရေတမာ အပင် ၃၀ စုစုပေါင်း အပင် ၅၆၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မုဒုံ မထသ ပညာသင်စရိတ်ထောက်ပံ့

မုဒုံ ဇူလိုင် ၁၃

မုဒုံမြို့နယ် ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီ နှစ်ပတ်လည်အစည်းအဝေးကို မြို့နယ်သာသနာ့ဗိမာန်၌ ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသက်ဝင်း၊ ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်၊ မုဒုံမြို့နယ်ဥက္ကဋ္ဌ ဦးပေါ်ထွန်းတို့က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် သာရေးနာရေး ရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးအောင်မိုးက ဖတ်ကြားကာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးရှင်းတမ်းကို အသင်းဘဏ္ဍာရေးမှူး ဦးအောင်ကျော်ဝင်းက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ၏ သားသမီး ၂၂၈ ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင်သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ အဋ္ဌမတန်းအောင် သုံးဦးတို့အား တာဝန်ရှိသူများက ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(၃၀၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍမှ ပညာရှင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၏ လုပ်ငန်းများဆောင်ရွက်နေမှု၊ အိုင်စီတီကဏ္ဍဖွံ့ဖြိုးမှုအတွက် ဝန်ကြီးဌာနများနှင့် အသင်းချုပ်တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးအောင်ကြည်၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးသောင်းတင်၊ ဦးစိုးတင့်နှင့် အိုင်စီတီပညာရှင်များက e-Government ကဏ္ဍ၌ ပီပြင်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် အိုင်စီတီကဏ္ဍဖွံ့ဖြိုးရေးတို့ကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တင်ပြချက်တစ်ခုချင်းစီအလိုက် ပြန်လည်ဆွေးနွေးညှိနှိုင်းပေါင်းစပ်ပေးပြီး အမှာစကားပြောကြားရာတွင် အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်းတွင် ရတနာပုံ ဆိုက်ဘာစီးတီးတစ်ခုရှိပြီး ရန်ကုန်မြို့အနီးပတ်ဝန်းကျင်၌ အလားတူဆိုက်ဘာစီးတီးတစ်ခုထူထောင်သွားရန် လိုအပ်ပါကြောင်း၊ ဆိုက်ဘာနည်းပညာမြို့တော်တည်ထောင်ရာတွင် လျှပ်စစ်စွမ်းအား၊ ရေနှင့်ပို့ဆောင်ဆက်သွယ်ရေး လွယ်ကူမှုအပါအဝင် အခြေခံအဆောက်အအုံများ ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်နိုင်သည့် နေရာဖြစ်ရန် စဉ်းစားရွေးချယ်ရမည်ဖြစ်ပါကြောင်း၊ အိုင်စီတီကဏ္ဍသည် စီးပွားရေးကဏ္ဍတစ်ခုတည်းအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လုံခြုံရေးစသောကဏ္ဍစုံတို့တွင်ပါ အရေးပါသည့်နေရာတွင်ရှိပါကြောင်း။

e-Government စနစ် ကျင့်သုံးအကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု လုပ်ငန်းသဘောသဘာဝချင်း မတူညီသောကြောင့် အသင်းချုပ်ကြီးက အိုင်စီတီအခြေခံစနစ်တစ်ခု သတ်မှတ်ပေးပြီး အုတ်မြစ်ချထားပေးရန် လိုအပ်ပါကြောင်း၊ ၎င်းအခြေခံစနစ်အပေါ် အခြေတည်၍ ဝန်ကြီးဌာနများကလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ငွေကြေးအရင်းအနှီးများလည်း လိုအပ်မှုရှိပါကြောင်း၊ ထိုလိုအပ်ချက်များကို စနစ်တကျဖြင့် ပြန်လည်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

အိုင်စီတီနည်းပညာရပ်များကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ကွန်ပျူတာနည်းပညာရပ်များကို အခြေခံအဆင့်မှစ၍ ပညာရေးကဏ္ဍတွင် သင်ကြားနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားရန် လိုပါကြောင်း၊ သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို လက်တွေ့နယ်ပယ်နှင့် ကိုက်ညီမှုရှိအောင် ထည့်သွင်းရေးဆွဲသွားရမည်ဖြစ်ပါကြောင်း။

အိုင်စီတီလုပ်ငန်းသည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလျက်ရှိသည့်အတွက် လက်ငင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်များကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သဘာဝသယံဇာတမှာ ကုန်ခန်းနိုင်ပြီး လူ့စွမ်းအားအရင်းအမြစ်သည် မည်သည့်အခါမျှ မကုန်ခန်းနိုင်သောကြောင့် နိုင်ငံတော်၏သဘာဝသယံဇာတအသုံးပြုမှုကို အတတ်နိုင်ဆုံးလျှော့ချပြီး ဖြစ်နိုင်လျှင် အသုံးမပြုဘဲ သားစဉ်မြေးဆက်သို့တိုင်အောင် အသုံးပြုနိုင်ရန်ထိန်းသိမ်း၍ လူ့စွမ်းအားအရင်းအမြစ်များဖြင့်သာ နိုင်ငံ၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရမည်မှာ မိမိတို့၏ အန္တိမရည်မှန်းချက်ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ရည်မှန်းထားသည့် e-Government ကို ဖော်ဆောင်ရာတွင် အသင်းချုပ်ကြီးက အဓိကတာဝန်ယူပြီး ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ၁၉၉၆ ခုနှစ်က ပြဋ္ဌာန်းထားသည့် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကိုလည်း လက်ရှိအချိန်အခါနှင့် ကိုက်ညီမှုရှိအောင် ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်ပါကြောင်း၊ အသင်းချုပ်ကြီး၏ ဖွဲ့စည်းမှုအဆင့်ဆင့်ကိုလည်း လူငယ်၊ လူလတ်ပိုင်းများဖြင့် တောင့်တင်းခိုင်မာကျစ်လျစ်အောင် ဖွဲ့စည်းသွားရန်နှင့် ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့ သာမကလိုအပ်ပါက အခြားအသင်းများ အပါအဝင် ထပ်မံဖွဲ့စည်းပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင်ပါ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပင်မလုပ်ငန်းစီမံချက် (Master Plan) ရေးဆွဲခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအမံ (Action Plan)ရေးဆွဲခြင်းနှင့် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ (Road Map) ချမှတ်ခြင်းတို့ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာ၊ ဆန္ဒနှင့် တိုင်းပြည်၏ လိုအပ်ချက်များအား သဘောပေါက်နားလည်ပြီး အတ္တနှင့်ပရမ္မတအောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် e- Government လုပ်ငန်းဆိုင်ရာနှင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ဆော့ဖ်ဝဲထုတ်ကုန်များနှင့် အိုင်စီတီဝန်ဆောင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အနေဖြင့် ကျေးလက်ဒေသ၏ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အီလက်ထရွန်နစ်ကျေးရွာ (e-Village) စီမံကိန်းအား ဝေးလံသည့်ဒေသများသို့ တိုးချဲ့လုပ်ဆောင်သွားရန်၊ ပြည့်စုံကောင်းမွန်သည့် မြန်မာစာ "စံ" စနစ်ဖြစ်ပေါ်လာစေရေး ဆောင်ရွက်သွားရန်၊ အိုင်စီတီပညာရေး ဖွံ့ဖြိုးတိုးတက်ရန် Training for Trainerနှင့် အိုင်စီတီ အခြေခံသင်တန်းများအား တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်သွားရန်နှင့် ကဏ္ဍပေါင်းစုံတွင် အိုင်စီတီအသုံးချမှု တိုးတက်လာစေရန်အတွက် ဆောင်ရွက်သွားရန်တို့ အပါအဝင် ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ် ချမှတ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြင်သစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ လောရင့် ဖာဘီယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ဘူတန်နိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၁၄

မစ္စတာ ကီဆန် ဝမ်ဒီအား ထိုင်းနိုင်ငံတွင် အခြေစိုက်လျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘူတန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ကီဆန် ဝမ်ဒီသည် ဘူတန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၈၂ ခုနှစ်တွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် စတင်ဝင်ရောက်ခဲ့ပြီး သိပ္ပံပညာ၊ စီးပွားရေးနှင့်နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်များကို လေ့လာဆည်းပူးခဲ့သည်။ ပြည်ပတာဝန်များအဖြစ် မစ္စတာ ကီဆန် ဝမ်ဒီသည် ၁၉၈၆-၁၉၉၁ ခုနှစ်အထိ အိန္ဒိယနိုင်ငံရှိ ဘူတန်သံရုံးတွင် လည်းကောင်း၊ ၁၉၉၂-၁၉၉၈ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုရှိ ဘူတန် ကောင်စစ်ဝန်ချုပ်ရုံးတွင်လည်းကောင်း၊ ၂၀၀၂-၂၀၀၅ ခုနှစ်အထိ နီပေါနိုင်ငံရှိ တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်း(ဆာ့ခ်) အတွင်းရေးမှူးချုပ်ရုံးတွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ သံအမတ်ကြီးအဖြစ် တာဝန်မထမ်းဆောင်မီ ၂၀၁၂ခုနှစ်ထိ ဘူတန်နိုင်ငံ ခရီးသွားလုပ်ငန်းကောင်စီတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

လက်ရှိတွင် မစ္စတာ ကီဆန် ဝမ်ဒီသည် ထိုင်းနိုင်ငံဆိုင်ရာ ဘူတန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ထိုင်းနိုင်ငံတွင် အခြေစိုက်၍ ဩစတြေးလျနှင့် စင်ကာပူနိုင်ငံဆိုင်ရာ ဘူတန်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ဦးနှင့် သမီးတစ်ဦး ထွန်းကားသည်။ **(သတင်းစဉ်)**

သုတစုံလင် ဗဟုသုတဝင်ပြိုင်ပွဲ ဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

လယ်ဝေး ဇူလိုင် ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ ရန်ကင်းတောရပရိယတ်၊ ပဋိပတ်ဌာန၌ ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် တတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗဟုသုတဝင်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး သပြေပင်တောရကျောင်းဆရာတော်က သုတစုံလင်ဗဟုသုတဝင်ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက နေပြည်တော်ကောင်စီနယ်မြေမှ ဆုရရှိသည့် ကျောင်းသူတစ်ဦး၊ ထူးချွန်စွာအောင်မြင်သူ ၁၅ ဦးတို့အား နေပြည်တော်ကောင်စီမှ ငွေကျပ် ၂၀၀၀၀၀၊ အလှူရှင်များက ငွေကျပ် ၄၅၀၀၀၀ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

နျူကလီးယားစွမ်းအင်ဆိုင်ရာ သဘောတူစာချုပ် ရုရှားနှင့် အာဂျင်တီးနား လက်မှတ်ထိုး

ဗျူနိုအေရိစ် ဇူလိုင် ၁၃

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အာဂျင်တီးနားနိုင်ငံသို့ ရောက်ရှိပြီး နျူကလီးယားစွမ်းအင်ဆိုင်ရာ လုပ်ငန်းများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လက်တင် အမေရိကဒေသတွင် ရုရှားနိုင်ငံ၏ ဩဇာသက်ရောက်မှု တိုးမြှင့်ရေးရည်မှန်းချက်ဖြင့် သွားရောက်သော ခရီးစဉ်အတွင်း ရုရှားသမ္မတ ပူတင်သည် အာဂျင်တီးနားသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယင်းသဘောတူစာချုပ်အရ ရုရှားနိုင်ငံမှ ရိုဆာတန်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းသည် အာဂျင်တီးနားနိုင်ငံမှ အာတူချာအမှတ်-၃ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးတွင် လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်သည်။

ရုရှားသမ္မတပူတင်သည် အာဂျင်တီးနားမှတစ်ဆင့် ဘရာဇီးနိုင်ငံသို့ သွားရောက်၍ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုလည်းကြည့်ရှုမည်ဖြစ်သည်။ ရုရှားနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

ဇွန် ၁၄ရက်တွင်ပင် ရုရှား၊ တရုတ်၊ အိန္ဒိယ၊တောင်အာဖရိကနှင့်ဘရာဇီးငါးနိုင်ငံတို့ ပူးပေါင်းဖွဲ့စည်းထားသည့် (ဘီအာရ်အိုင်စီအက်စ်)အဖွဲ့ ထိပ်သီးအစည်းအဝေးကို ဘရာဇီးနိုင်ငံ ဖော်တယ်လီဇာမြို့၌ ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးသို့ ရုရှားသမ္မတ တက်ရောက်မည်ဖြစ်သည်။

ရုရှားသမ္မတပူတင်သည် ၎င်း၏ လက်တင်အမေရိက ခရီးစဉ်ကို ကျူးဘားနိုင်ငံမှစတင်ခဲ့ပြီး နီကာရာဂွါနိုင်ငံသို့လည်း မမျှော်လင့်ဘဲ သွားရောက်ခဲ့သည်။ ၎င်း၏ လက်တင်အမေရိကခရီးစဉ်မှာ ရုရှားနိုင်ငံခေါင်းဆောင်တစ်ဦးအနေဖြင့် ပထမဆုံးသော ခရီးစဉ်လည်းဖြစ်သည်။

ဘီဘီစီ။

ရုရှားသမ္မတပူတင်နှင့် အာဂျင်တီးနားသမ္မတ ခရစ္စတီးနားဖာနန်ဒက်ဇ်တို့အား တွေ့ရစဉ်။

လန်ဒန်လေကြောင်းပြပွဲသို့ ရုရှားကိုယ်စားလှယ်များ တက်ရောက်ခွင့်မရ

လန်ဒန် ဇူလိုင် ၁၃

ယူကရိန်းပြဿနာအပေါ် ရုရှား၏ လုပ်ဆောင်ချက်များအား တုံ့ပြန်သောအားဖြင့် ဖန်ဘိုရပ်လေကြောင်းပြပွဲသို့ ရုရှားကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်းကို ၎င်းတို့က တားမြစ်ပိတ်ပင်လိုက်ကြောင်း ဗြိတိန်နိုင်ငံက စနေနေ့တွင် ပြောကြားသည်။

လန်ဒန်မြို့ရှိ ရုရှားသံရုံးက ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့ကို ပြည်ဝင်ခွင့်လက်မှတ်ဗီဇာ ထုတ်ပေးခြင်းမပြုသည့်အတွက် ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားပြီး ယင်းကိစ္စကို အမြန်ဆုံးရှင်းလင်းချက်ပေးရန် တောင်းဆိုခဲ့သည်။

ပြက္ခဒိန်တစ်နှစ်အတွင်း စီစဉ်ထားသော လေကြောင်းပြပွဲများတွင် ဖန်ဘိုရပ် နိုင်ငံတကာလေကြောင်းပြပွဲ(အက်ဖ်အိုင်အေ)သည် အဓိကပြပွဲတစ်ခုဖြစ်ရာ ရုရှားနိုင်ငံသည် ပြည်ပသို့ လေယာဉ်များ ရောင်းချနိုင်ရေးကို မျှော်ကိုး၍ နှစ်စဉ် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်မြဲဖြစ်သည်။

မော်စကိုအပေါ် ဥရောပသမဂ္ဂက ဒဏ်ခတ်အရေးယူခြင်းကို ဗြိတိန်နိုင်ငံက အခိုင်အမာထောက်ခံသည်။ ပြဿနာများဖြင့် ရှုပ်ထွေးနေသော ယူကရိန်းနိုင်ငံအရှေ့ပိုင်းကို ရုရှားနိုင်ငံက ဝင်ရောက်စွက်ဖက်လျက်ရှိသည်ဟု ၎င်းက ပြောကြားသည်။

ဖန်ဘိုရပ်လေကြောင်းပြပွဲသည် စီးပွားရေးဆိုင်ရာပြပွဲတစ်ခုဖြစ်သော်လည်း နိုင်ငံခြားအစိုးရများမှ ကိုယ်စားလှယ်တို့ကို ဖိတ်ကြားခဲ့ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

လေကြောင်းပြပွဲတွင် ပျံသန်းပြမည့် ရုရှားလေယာဉ်များ၏ ကျွမ်းကျင်သူများနှင့်အတူ ရုရှားစက်မှုဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ရုရှားအာကာသအေဂျင်စီ၊ လေကြောင်းသယ်ယူပို့ဆောင်ရေးအေဂျင်စီ၊ ရုရှားကုမ္ပဏီတစ်ဒါဇင်ခန့်တို့သည် အက်ဖ်အိုင်အေသို့ တက်ရောက်ခွင့်မရှိကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားပြီး အသေးစိတ်အချက်များကို ဖော်ပြခြင်း မပြုခဲ့ပေ။ **အေအက်ဖ်ပီ။**

လစ်ဗျားနိုင်ငံ ထရီပိုလီ နိုင်ငံတကာလေဆိပ်အနီးတွင် ပြိုင်ဘက် လက်နက်ကိုင်များနှင့် တိုက်ပွဲဖြစ်

ထရီပိုလီ ဇူလိုင် ၁၃

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီ နိုင်ငံတကာ လေဆိပ်အနီးတွင် ပြိုင်ဘက်လက်နက်ကိုင် စစ်သွေးကြွများအကြား တိုက်ပွဲများဖြစ်ပွားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံ ဇီတန်ဒေသမှ အစ္စလမ်မစ်ဆန့်ကျင်ရေးသူပုန်အဖွဲ့က လေဆိပ်အား ထိန်းချုပ်ထားပြီး ၎င်းတို့နှင့်ပြိုင်ဘက် အခြားလက်နက်ကိုင်သူပုန်အဖွဲ့က ယင်းလေဆိပ်အား သိမ်းယူရန် ကြိုးပမ်းရာမှ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထရီပိုလီနိုင်ငံတကာလေဆိပ်တွင် ပြိုင်ဘက်လက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွားပြီး မီးခိုးလုံးကြီးများ ထွက်ပေါ်နေစဉ်။

အဆိုပါလေဆိပ်သို့ ဆင်းသက်ပျံသန်းမည့် လေကြောင်းခရီးစဉ်များကို ဆိုင်းငံ့ထားပြီး လေဆိပ်တွင် ပြင်းထန်သောပေါက်ကွဲမှုနှင့် သေနတ်ပစ်ခတ်သံများ ထွက်ပေါ်နေသည်ဟု သတင်းတွင်ဖော်ပြသည်။

လစ်ဗျားနိုင်ငံခေါင်းဆောင် မွမ်မာကဒါဖီအား ရာထူးမှဖယ်ရှားခဲ့သည့် ၂၀၁၁ ခုနှစ်ကတည်းက ခကာဇီတန် တိုက်ခိုက်ရေးသမားများက အစ္စလမ္မစ်ဝါဒီများ၏ အာဏာဆုပ်ကိုင်ရေး ကြိုးပမ်းမှုများကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်။

မွမ်မာကဒါဖီ၏ ၄၂ နှစ်ကြာ အုပ်စိုးမှု ဆုံးခန်းတိုင်ပြီးအချိန်တိုအတွင်းမှာပင် ယင်းသူပုန်အဖွဲ့က မြို့တော်ထရီပိုလီ၏ တောင်ဘက် ၁၈ မိုင်(ကီလိုမီတာ ၃၀)အကွာရှိ ယင်းလေဆိပ်နှင့် ပတ်ဝန်းကျင်ဒေသကို ထိန်းချုပ်ထားခဲ့ခြင်းဖြစ်သည်။**ဘီဘီစီ။**

ကက်ရှ်မီးယားတွင် ကားတစ်စီးချောက်ထဲကျ ၁၃ ဦးသေဆုံး၊ ၁၄ ဦးဒဏ်ရာရရှိ

အစ္စလမ္မာဘတ် ဇူလိုင် ၁၃

ပါကစ္စတန်နိုင်ငံမှ ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသတွင် ဇူလိုင် ၁၃ ရက် နံနက်က ခရီးသည်တင်အလုံပိတ်ကားတစ်စီး ချောက်အတွင်း ထိုးကျသွားသဖြင့် ၁၃ ဦးထက်မနည်းသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

အဆိုပါ ခရီးသည်တင်ကားသည် ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ရာဝါပင်ဒီမြို့သို့ ခရီးသည် ၃၀ ကျော်တင်ဆောင်၍ မောင်းနှင်လာစဉ် ကက်ရှ်မီးယားဒေသ ဘာ့ဂ်၌ ချောက်နက်အတွင်း မတော်တဆကျသွားခြင်းဖြစ်ကြောင်း အေအာရ်ဝိုင် သတင်းဌာနက ဖော်ပြသည်။

ဒဏ်ရာရရှိသွားသူများအား နီးစပ်ရာဆေးရုံတစ်ရုံ၌တင်၍ ကုသပေးလျက်ရှိကြောင်း၊ ၎င်းတို့အနက် ရှစ်ဦးထက်မနည်းမှာ သေလုမျောပါးအခြေအနေဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းမတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးသော်လည်း ရာသီဥတုဆိုးရွားမှုနှင့် ယာဉ်မောင်း၏ ဂရုစိုက်မှုအားနည်းခြင်းကြောင့်ဟု ရဲတပ်ဖွဲ့က ထင်မြင်ယူဆလျက်ရှိသည်။ **ဆင်ဟွာ။**

ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်မှုဖြစ်ပွား အမျိုးသမီး ၁၀ ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဒေသခံများစုပေါင်းနေထိုင်ရာနေရာတွင် ဇူလိုင် ၁၂ ရက်က တိုက်ခိုက်မှုဖြစ်ပွားရာ အမျိုးသမီး ၁၀ ဦးထက်မနည်း သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းရှိ ဇာယွန်နာဒေသမှ ဒေသခံများနေထိုင်ရာ အခန်းတွဲများရှိရာသို့ သေနတ်သမားများက ဝင်ရောက်၍ စီးနင်းတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အမျိုးသမီး ၁၀ဦး သေဆုံးကြောင်း၊ ထို့နောက် သေနတ်သမားများကအနီးရှိ နောက်ထပ်အခန်းတွဲတွင် တိုက်ခိုက်ပြန်ရာ အမျိုးသမီး ၁၅ ဦးနှင့် အမျိုးသားငါးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် မည်သူမည်ဝါတို့က နောက်ကွယ်မှစေခိုင်းနေခြင်း ဖြစ်သည်ကို ရှင်းလင်းစွာမသိရသေးကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ။**

အီရတ်မြောက်ပိုင်းမှ ရေနံမြေနှစ်ခုအား ကာ့ဒ်တို့ သိမ်းယူဟုဆို

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်၌ အငြင်းပွားမှုကြီးထွားလာစဉ် အီရတ်ကာ့ဒ်တို့က ရေနံမြေနှစ်ခုကို သိမ်းယူလိုက်ပြီဖြစ်ကြောင်း အီရတ်နှင့် ကာ့ဒ်သတင်းအရင်းအမြစ်များက ပြောသည်။

နိုင်ငံမြောက်ပိုင်းရှိ အိုင်ဟတ်ဆန်နှင့် ကာကွတ်ရေနံမြေနှစ်ခု၏ ထုတ်လုပ်ရေးအဆောက်အအုံများကို ကာ့ဒ်တပ်ဖွဲ့များက ထိန်းချုပ်ထားပြီဟုဆိုသည်။

ကာ့ဒ်လွှတ်တော်အမတ်များကလည်း အီရတ်ဗဟိုအစိုးရအဖွဲ့မှ နုတ်ထွက်လိုက်ကြပြီဖြစ်သည်။

စွပ်စွဲခဲ့

အီရတ်ဝန်ကြီးချုပ် နိုရီမာလီကီက ကာ့ဒ်တို့သည် အစွန်းရောက်များကို ခိုလှုံခွင့်ပေးထားသည်ဟု စွပ်စွဲခဲ့ပြီးနောက် ၎င်းတို့က ဤသို့ လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။

ထိုစဉ် ကာကွတ်မြို့စွန်၌ ကားဗုံးပေါက်ကွဲသဖြင့် သေဆုံးသူဦးရေမှာ ၃၀ အထိရှိလာပြီဖြစ်သည်။

လွန်ခဲ့သည့်လတွင် အိုင်အက်စ်အိုင်အက်စ်အုပ်စု ခေါင်းဆောင်သည့် အစ္စလာမ္မစ်စစ်သွေးကြွများက ရှေ့သို့ချီတက်လာစဉ် အီရတ်တပ်မတော်က စွန့်လွှတ်သွားသောနိုင်ငံ အနောက်မြောက်ပိုင်းနယ်မြေများသို့ ကာ့ဒ်တပ်ဖွဲ့များက ချီတက်ခဲ့ကြသည်။

ထိန်းချုပ်လိုက်သော ရေနံမြေနှစ်ခုမှ တစ်ရက်လျှင် ရေနံစည်ပေါင်း ၄၀၀၀၀၀ ခန့်ထွက်ရှိသည်ဟု ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကား၍ အေအက်ဖ်ပီက ဖော်ပြသည်။

အီရတ်နိုင်ငံ ကာ့ဒ်ဒေသ၏ခေါင်းဆောင် မတ်ဆွတ်ဘာဇာနီက ကာ့ဒ်တို့၏ရည်မှန်းချက်သည် လွတ်လပ်သောနိုင်ငံထူထောင်ရေးဖြစ်သည်ဟု ပြောကြားလိုက်သည်။

ဘီဘီစီ။

ကာ့ဒ်တို့ သိမ်းယူထားသော ကာကွတ်ရေနံမြေကို တွေ့ရစဉ်။

ခြိမ့်ခြိမ့်သဲသဲ ဆင်ယင်နွှဲ အင်ဒိုနီးရှား ရွေးကောက်ပွဲ

နိုင်ငံတကာ ဒီမိုကရေစီရှုခင်းတွင် စံနမူနာပြသနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၌ ဇူလိုင် ၉ ရက် က သမ္မတသစ်တစ်ဦးကို ရွေးချယ်နိုင်ရန် ပြည်သူများ မဲပေးခဲ့ကြသည်။

ကမ္ဘာပေါ်တွင် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် တတိယအကြီးဆုံးဒီမိုကရေစီနိုင်ငံအဖြစ် ရပ်တည်နေသော အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲ၌ ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝို ဆူဘီယန်တိုနှင့် ဂျကာတာ အုပ်ချုပ်ရေးမှူး ဂျိုကိုဝီဒိုဒိုတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ဒီမိုကရေစီနည်းလမ်းနှင့်အညီ ပထမဆုံးရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသော ခေါင်းဆောင်တစ်ဦးထံမှ အခြားခေါင်းဆောင်တစ်ဦးထံသို့ နိုင်ငံတော်အာဏာကို တိုက်ရိုက်လွှဲပြောင်းပေးအပ်နိုင်ရန် မဲဆန္ဒရှင် ၁၈၇ သန်းက မဲပေးခဲ့ကြသည်။ မဲပေးခွင့်ရှိသူများအနက် ၆၇ သန်းမှာ ပထမဆုံးအကြိမ် မဲပေးခွင့်ရရှိသူများဖြစ်ကြသည်။

ရွေးကောက်ပွဲကျင်းပစဉ် မဲရုံများလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင် ၂၅၀၀၀၀ ကိုဖြန့်ကြက်ခဲ့သည်။ ကျွန်းပေါင်း ၁၇၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ သန်း ၂၄၀ နေထိုင်ရာ အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် မဲရုံပေါင်း ၄၈၀၀၀၀ ခန့်ဖွင့်လှစ်ပေးခဲ့သည်။

သမ္မတရွေးကောက်ပွဲမှာ အလွန်ပင် အကြိတ်အနယ်ရှိလှပြီးအင်ဒိုနီးရှား ဒီမိုကရေစီအရေး ကြိုးပမ်းလှုပ် ရှား မှုပါတီမှ ဂျိုကို၏ ပြိုင်ဘက်မှာ မဟာအင်ဒိုနီးရှားလှုပ်ရှားမှုပါတီမှ ပရာဘိုဝိုဖြစ်သည်။

အသက်(၅၃)နှစ်ရှိ ဂျိုကိုသည်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဘဝမှ နိုင်ငံရေးသမားတစ်ဦးဘဝသို့ ကူးပြောင်းလာခဲ့သူဖြစ်ပြီးအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကြွေးကြော်သံနှင့်အတူ ရွေးကောက်ပွဲဝင်ခဲ့သည်။

ဂျိုကိုသည် နိုင်ငံရေးပါတီသစ်ထူထောင်ခြင်းမရှိဘဲ တည်ရှိဆဲ ပါတီတစ်ပါတီကို ကိုယ်စားပြု၍ ရွေးကောက်ပွဲဝင်ခဲ့ခြင်းမှာ ထူးခြားချက်တစ်ရပ်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ယခင်က ရွေးကောက်ပွဲဝင်သူ နိုင်ငံရေးသမားအများစုမှာ ပါတီသစ်ထူထောင်လေ့ရှိခဲ့ကြသည်။ အကျိုးဆက်အဖြစ် နိုင်ငံရေးပါတီ အရေအတွက်ဖောင်းပွမှုကို ဖြစ်ပေါ်စေပြီးနိုင်ငံရေးအခင်းအကျင်းအရ သူတလူငါတမင်းစိတ်ဓာတ်ကို ဖြစ်ပေါ်စေသည်။ ပါတီအရေအတွက်အလွန်များပြားခြင်းသည် နိုင်ငံတော်အဆင့်မူဝါဒ ရေးဆွဲချမှတ်ရေးတွင် ညီညွတ်မှုကို ပျက်ပြားစေနိုင်ပြီး တုပြိုင်မှုစွမ်းအားကို တိုးစေသည်။ သို့ဖြစ်ပေရာ ယခုကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ဂျိုကိုအနိုင်ရမည်ဆိုပါက နိုင်ငံတော်၏ ပါတီစနစ်၌ အပြောင်းအလဲများရှိလာမည်ဟု မျှော်လင့်ရသည်။

တိုင်းရင်းသားများကလည်း အသည်းကြားမှ မဲတစ်ပြားအတွက် မဲပေးကြသည်

သမ္မတလောင်းအဖြစ်ယှဉ်ပြိုင်သူ ဂျိုကို၏ ထူးခြားချက်မှာ ၎င်းသည် ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ပြီး တရုတ်မျိုးနွယ်တစ်ဦးဖြစ်ခြင်းပင်။ အင်ဒိုနီးရှားလူဦးရေ သန်း ၂၄၀ အနက် ၉၀ ရာခိုင်နှုန်းမှာ မွတ်စလင်တို့ဖြစ်ပေရာ မဲဆွယ်စည်းရုံးရေးကာလအတွင်း ၎င်းမှာ မျိုးနွယ်အရ ဝေဖန်ခံခဲ့ရသည်။

ဂျိုကိုအားစိန်ခေါ်သူ ပရာဘိုဝိုမှာ ကြည်းတပ်ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်ပြီးသမ္မတဆိုဟာတို၏ လက်ထက်တွင် အထူးတပ်ဖွဲ့များကို ဦးဆောင်ခဲ့သူဖြစ်သည်။ ဆိုဟာတိုသည် ၁၉၉၈ ခုနှစ်တွင် ရာထူးမှ ဖြုတ်ချခံခဲ့ရပြီး ၎င်းကျဆုံးမှုသည် ၃၁ နှစ်ကြာအာဏာရှင်စနစ်ကျဆုံးမှုအဖြစ် ပြောစမှတ်ပြုကြသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ခဲ့သူ သမ္မတယူဒိုယိုနိုထက်ပင် အမျိုးသားစည်းလုံးညီညွတ်မှုကို ပိုမိုတည်ဆောက်သွားမည်ဟု ပရာဘိုဝိုက ကြွေးကြော်ထားသည်။

အကယ်၍ ရွေးကောက်ပွဲတွင် ပရာဘိုဝိုအနိုင်ရရှိမည်ဆိုပါက အာဏာရှင် ခေတ်လွန်ကာလဖွံ့ဖြိုးလာသော ဒီမိုကရေစီအဖွဲ့အစည်းများပိုမိုအင်အား ခိုင်မာလာအောင် ၎င်းက အားပေးမြှင့်တင်ရန် ပြည်သူများက လိုလားကြသည်။ အာဏာရှင်စနစ်ကို ကျောခိုင်းလာပြီးဖြစ်ရာ နောက်ကြောင်းပြန်မလှည့် စတမ်း ဒီမိုကရေစီလမ်းကြောင်းအတိုင်း ရှေ့သို့ ချီတက်စေလိုခြင်းမှာ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒဖြစ်ပေမည်။

ပရာဘိုဝိုသည် သမ္မာရင့် အားကောင်းမောင်းသန် နိုင်ငံရေးသမားအသွင်ကို ဆောင်နေပြီး ၎င်းအား ထောက်ခံသူများက စီးပွားရေးလုပ်ငန်းရှင်ဘဝမှ နိုင်ငံရေးသမားဘဝသို့ တစ်လှမ်းခဲ့သူ ဂျိုကိုအားမချင့်မရဲဖြစ်မိကြသည်။ လာမည့်နှစ်များအတွင်း နိုင်ငံတော်ရင်ဆိုင်ရဖွယ်ရှိသည့် စိန်ခေါ်မှုကြီးများကို ဂျိုကို အနေဖြင့် ပယ်ပယ်နယ်နယ် ကိုင်တွယ်ဖြေရှင်းနိုင်ပါမည်လောဟု မလုံမလဲဖြစ်ကြခြင်းပင်။

အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုသည် သမ္မတရာထူး၌ သက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နောက်ထပ်တစ်ကြိမ် အရွေးခံခွင့် မရှိတော့ပေ။ အင်ဒိုနီးရှားသမ္မတရာထူးသက်တမ်းမှာ ငါးနှစ်ဖြစ်သည်။

ယူဒိုယိုနို၏လက်ထက်တွင် အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံရေးနှင့်စီးပွားရေး တည်ငြိမ်မှုတို့ကို ရရှိလာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် လွန်ခဲ့သည့် ၁၀ နှစ်ခန့်မှစ၍ နိုင်ငံရေးအသွင်ကူးပြောင်းမှုကို တွန်းတွန်းတိုက်တိုက်ဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီအုတ်မြစ်ကို အခိုင်အမာချမှတ်နိုင်ရန် ဇွဲနပဲဖြင့်လုံ့လဥဿဟ စိုက်ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် အာရှဘဏ္ဍာရေးကပ်ကို တွေ့ကြုံခံစားခဲ့ရသော အင်ဒိုနီးရှားနိုင်ငံသည် ယနေ့ကာလတွင် အရှေ့တောင်အာရှဒေသ၏ အင်အားအကြီးဆုံးစီးပွားရေးတည်ရာ နိုင်ငံအဖြစ် ရပ်တည်လာနိုင်စေရန် မရပ်မနားဆောင်ရွက်ခဲ့သည်။

လူမျိုးရေးနှင့်ဘာသာရေးတို့အရ အစွဲအလန်းကြီးမားပြီး ပဋိပက္ခရောပြွမ်းသောနိုင်ငံကို တည်ငြိမ်အေးချမ်းသော နိုင်ငံတော်အဖြစ် တည်ဆောက်ရင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့သည်။

ဤသို့ဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ဂျီ-၂၀အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး နိုင်ငံတကာ စီးပွားရေးစွမ်းဆောင်ရည် အကောင်းဆုံးနိုင်ငံများစာရင်းတွင် ပါဝင်လာသည်။

အင်ဒိုနီးရှားနိုင်ငံသည် မက္ကဆီကို၊ နိုင်ဂျီးရီးယားနှင့် တူရကီနိုင်ငံတို့နှင့်အတူ ကမ္ဘာ့ ထွန်းသစ်စ စီးပွားရေးအင်အားကြီးနိုင်ငံများအုပ်စုတွင် ပါဝင်လာသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ ကမ္ဘာပေါ်တွင် သတ္တမမြောက် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်ရပ်တည်လာရန် ရည်မှန်းချက်ချမှတ်ထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၅ ဒသမ ၇ ရာခိုင်နှုန်းရှိလာရန် ရည်မှန်းထားသည်။

သမ္မတယူဒိုယိုနိုသည် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်အားပေးနိုင်ရန် ဘာသာရေးလွတ်လပ်ခွင့် ပိုမိုပေးခဲ့သည်။ အင်ဒိုနီးရှားပြည်သူများသည် ဘာသာရေးအစွန်းရောက်မှုကို လက်မခံကြဘဲ ဘာသာရေးအရ အလယ်အလတ်လမ်းစဉ်ကိုလိုက်ကြသည်။

ကျွန်းပေါင်း ၁၇၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော အင်ဒိုနီးရှားနိုင်ငံ၌ တိုင်းရင်းသားမျိုးနွယ်နှင့် ဘာသာရေးတို့အရ ကွဲပြားခြားနားမှုများ ရှိနေလင့်ကစား အမျိုးသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို နိုင်ငံခေါင်းဆောင်သစ်က ဆက်လက်မြှင့်တင်သွားမည်ဟု မျှော်လင့်ရသည်။

ဇူလိုင် ၉ ရက်က ခြိမ့်ခြိမ့်သဲသဲဆင်ယင်နွှဲခဲ့သော သမ္မတရွေးကောက်ပွဲအပြီး နာရီပိုင်းအတွင်းမှာပင် သမ္မတလောင်းနှစ်ဦးစလုံးတို့က မိမိအနိုင်ရသည်ဟု အပြန်အလှန်ထုတ်ပြန်ကြေညာခဲ့ကြသည်။ သမ္မတလောင်းများအနေဖြင့် ထောက်ခံမဲရရှိမှုချင်း မတိမ်းမယိမ်းဖြစ်နေခြင်းကြောင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုပေါ် ပေါက်လာတော့မည်လောဟု စိုးရိမ်သူအချို့ရှိလာသည်။

မြန်ဆန်စွာမဲရေတွက်နည်း (Quick Count System) အရ မိမိအနိုင်ရသည်ဟု သမ္မတလောင်းနှစ်ဦးစလုံးတို့က ကြေညာခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် ဂျိုကိုက နှာတဖျားဖြင့်အနိုင်ရသည်ဟု ပဏာမစစ်တမ်းတွင် အလွတ်သဘောဖော်ပြထားပြီးတရားဝင်မဲစာရင်းရလဒ်ကို ဇူလိုင် ၂၀ ရက်ထက်စော၍ ထုတ်ပြန်နိုင်မည်မဟုတ်ပေ။ ။

(ရောင်းမည်/ငှားမည်)
"Supermarket/ဟိုတယ်/ဘဏ် လုပ်ငန်းလုပ်ကိုင်လိုသူများ ပိုင်ရှင်နှင့် တိုက်ရိုက်ဆက်သွယ်ရန်"

အမှတ်(၁၃၄) ၂၆ ဘီလမ်း၊ ဈေးချို/တိုက်တန်း/
နာရီစင်အနီး၊
၈၃ × ၈၄ လမ်းကြား ၂၅' × ၁၀၀' (၇)ထပ်တိုက်သစ်အသွင်
အကျိုးတူဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန်
(သို့) ဘဏ်လုပ်ငန်းအတွက် ငှားရမ်းရန်
(သို့) ရောင်းမည်။

* Any Foreign Invester Interested to Joint Venture for Hotel Business in Mandalay heart of City; No.(134), 26B Street x Between 83-84 Road, Infront of Zaycho Market, Taitan Market, Near Tower Clock, 7 Story Building -(25' x 100')
Welcome direct Invester

ဆက်သွယ်ရန်ဖုန်း- (၀၉) ၅၄၆၆၇၇၇
(၀၉) ၄၃၂၀၆၃၈၃

Inquiry Tel No.- (09) 5466777
(09) 43206383

ပုဂံအမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်ဆီသို့

မောင်သာ(ရှေးဟောင်းသုတေသန)

လွန်ခဲ့သောလကပုဂံသို့ ခရီးတစ်ခေါက်ရောက်ခဲ့ရာ၀ယ် ပုဂံ၏အမွေအနှစ်တစ်ခုဖြစ်သော မြစေတီကျောက်စာကို ကြည့်ရှုရန် စိတ်အားထက်သန်ခဲ့သည့်အားလျော်စွာ မြစေတီကျောက်စာတိုက်များ ထိန်းသိမ်းထားရာ မြစေတီဘုရားဝင်းနှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်များသို့ သွားရောက်ခဲ့ပါသည်။ မြစေတီကျောက်စာတိုင်များကို မြစေတီဘုရား မဟာရာမ်တံတိုင်းကို ပြုပြင်ရာမှတွေ့ရှိခဲ့ခြင်းဖြစ်ပြီး မြစေတီဘုရားအနီးမှ တွေ့ရှိခဲ့ရသောကြောင့် မြစေတီကျောက်စာဟုထင်ရှားသကဲ့သို့ ကျောက်စာရေးထိုးသူ ရာဇကုမာရ်မင်းသားကို အစွဲပြု၍ ရာဇကုမာရ်ကျောက်စာဟုလည်း အများကသိရှိထားကြပါသည်။

မြစေတီသည်ပုဂံမြို့မှ တောင်ဘက်တစ်မိုင်ခွဲခန့်အကွာ မြင်းကပါအရပ်တွင်တည်ရှိပြီး မြစေတီဘုရားအနီးမှ ဘာသာလေးမျိုးဖြင့် ရေးထိုးထားသော ကျောက်စာတိုင်တစ်တိုင်ကို အကောင်းပကတိအတိုင်းတွေ့ရှိခဲ့ရာ ယင်းကျောက်စာကို ယခုအခါ ပုဂံပြတိုက်တွင် ပြသထားပါသည်။ အလားတူ ဘာသာလေးမျိုးဖြင့်ပင် ရေးထိုးထားသည့်ကျောက်စာ ထက်ပိုင်းကျိုးတစ်ခုကို မြစေတီအနီးမှပင် ထပ်မံရရှိခဲ့ရာ ယင်းကိုဆက်စပ်ပြီး မြစေတီဘုရားရင်ပြင်ပေါ်တွင် ကျောက်စာတိုက်ဆောက်လုပ်ကာ ထိန်းသိမ်းပြသထားခဲ့ပါသည်။ မြစေတီကျောက်စာတိုင်နှစ်ခုစလုံးတွင် ရေးထိုးထားသော စာများအားလုံးသည် အတူတူပင်ဖြစ်လေရာ ပါမောက္ခဆရာကြီးဦးဖေမောင်တင်က ဒုတိယကျောက်စာတိုင်သည် ပထမကျောက်စာတိုင်၏အပွားဖြစ်သည်ဟု သုံးသပ်ခဲ့ပါသည်။

ပုဂံသို့ရောက်ခဲ့စဉ် မြစေတီဘုရားရင်ပြင်ပေါ်မှ ကျောက်စာတိုက်သို့ ဝင်ကာ လေ့လာနိုင်ခဲ့ပြီး ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ ပုဂံပြတိုက်တွင်ပြသထားသော ကျောက်စာတိုင်ကိုမူ ပြတိုက်အတွင်းသို့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ခဲ့သော်လည်း ဖုန်းနှင့်ကင်မရာများကို ပြတိုက်သို့ယူဆောင်လာခွင့်မရှိ၍ ဓာတ်ပုံမရိုက်ကူးနိုင်ခဲ့ပါချေ။

မြစေတီကျောက်စာခေါ် ရာဇကုမာရ်ကျောက်စာကို ပျူ၊ မွန်၊ ပါဠိ၊ မြန်မာဘာသာလေးမျိုးဖြင့် အကြောင်းအရာတစ်ခုတည်းကို ရေးထိုးထားပြီး စာလုံးများမှာ ပုဂံခေတ်အက္ခရာစာလုံးပုံစံဖြစ်သည့် လေးထောင့်ကျကျ မန်ကျည်းစေ့ပုံများဖြစ်ပါသည်။ ကျောက်စာကို -

ဤ။ နမောဗုဒ္ဓါယ၊ ပုရှာသွင် သာသနာအနှစ် တစ်ထောင်ခြောက်ရာ နှစ်ဆယ် ပေတ်နှစ်လောန် လိယ်ဗြီ ရကာ။ ဤယ် အရိမဒ္ဒနပဉ်ရ် မည်သုပြည်နိုက်အာ။ ဂြိတြိဘုဝနာ ဒိတျဓမ္မ ရာဇ်မည်သုမ. . .

ဟု အစချီထားပြီး စာကြောင်းရေ ၃၉ ကြောင်းခန့် ရေးထိုးထားပါသည်။

မြစေတီကျောက်စာကို ကျန်စစ်သားမင်းကြီးကွယ်လွန်သောနှစ် (မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ်)၌ ရေးထိုးခဲ့သည်ဟု ယူဆကြသည်။ အချို့ကလည်း ကျန်စစ်သားမင်းကြီးကွယ်လွန်ပြီးနောက် တစ်နှစ် (မြန်မာ သက္ကရာဇ် ၄၇၅ ခုနှစ်)တွင် ရေးထိုးခဲ့သည်ဟု ဆိုကြပါသည်။ ကျောက်စာရေးထိုးခဲ့သူမှာ ကျန်စစ်သားမင်းကြီး၏ သားတော်ရာဇကုမာရ်မင်းသားဖြစ်သည်။

ကျန်စစ်သားမင်းသည် အနော်ရထာဘုရင်လက်ထက်က အိမ်နိမ့်စံဘဝတွင်ရှိနေခိုက် အနော်ရထာစိတ်မျက်သဖြင့် ကြောင်ဖြူအရပ်တွင် ပုန်းရှောင်နေခဲ့ရစဉ် သမ္ဘူလနှင့် တွေ့ရှိပေါင်းဖက်ခဲ့သည်။ အနော်ရထာမင်း လွန်တော်မူ၍ စောလူးမင်းနန်းတက်သောအခါ ကျန်စစ်သားသည် စောလူးမင်းထံခစားရန်ပုဂံသို့ ပြန်လာချိန်တွင် သမ္ဘူလသည် ပဋိသန္ဓေနှင့် ကျန်နေရစ်ခဲ့သည်။ ကျန်စစ်သားက သားယောက်ျားလေးမွေးပါက ပုဂံသို့ လိုက်လာရန် မှာကြားထားခဲ့သည်။

ကျန်စစ်သားမင်းဖြစ်ပြီးနှစ်နှစ်ခန့်အကြာ ရာဇကုမာရ် ခုနစ်နှစ်အရွယ်တွင် သမ္ဘူလသည် ရာဇကုမာရ်နှင့်အတူ ကျန်စစ်သားမင်းကြီးထံမှောက်သို့ ရောက်ရှိလာခဲ့သည်။ မင်းကြီးလည်း သမ္ဘူလ၏ ကျေးဇူးများကို ထောက်ထားလျက် “သုံးလောက၏ဦးဆောက်ပန်း”ဟု အဓိပ္ပာယ်ရသည့် တြိလောကဝဋ္ဋံသကာဒေဝီဘွဲ့နာမတော်ဖြင့် မိဖုရားမြှောက်ခဲ့သည်။ ထိုအချိန်တွင် ကျန်စစ်သားမင်းကြီးသည် မြေးတော်အလောင်းစည်သူအား ဘိသိက်သွန်းကာ မင်းမြှောက်ထားပြီးဖြစ်သောကြောင့် ရာဇကုမာရ်သည် သားအရင်းဖြစ်ပါလျက် ဇေယျခေတ္တရာဘွဲ့ကိုသာရရှိပြီး တောင်စဉ်ခုနစ်ခရိုင်ကို စားခဲ့ရပေသည်။

နောင်အခါ မယ်တော်အနိစ္စရောက်သည်။ သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ဖခင် ကျန်စစ်မင်းကြီးကွယ်လွန်သောအခါ ရာဇကုမာရ်သည် မြင်းကပါအရပ်တွင် ဘုရားသခင်နှင့်တူစွာ ရွှေအတိပြီးသော ရွှေဆင်းတုကို ဌာပနာကာ ရွှေအထွတ်ရှိသော ဂူဘုရားတစ်ဆူကို တည်ခဲ့သည်။ (ထိုဂူဘုရားသည် မြစေတီမဟုတ်ဘဲ မြစေတီနှင့်ကပ်လျက်တည်ရှိနေသော ဂူပြောက်ကြီးဘုရားဖြစ်သည်ဟု ပညာရှင်အများက ယူဆကြပါသည်) ထိုဘုရားကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အလို့ငှာ သက်နုမုလွန်၊ ရပယ်၊ ဟန်ဗိုဟူသော ကျွန်သုံးရွာကိုလည်း လှူဒါန်းခဲ့သည်။ တစ်ဆက်တည်းမှာပင် အမိအဖတို့၏ ရှေးဖြစ်ဟောင်းများကို အောက်မေ့ကာ ကျောက်စာတိုင် စိုက်ထူခဲ့သည်။

ရာဇကုမာရ်သည် အမိအဖတို့အတွက် မိမိဆောင်ရွက်သမျှတို့ကို ကျောက်စာတွင် ဤသို့မှတ်တမ်းပြုခဲ့သည်။

“သီရိ၊ နမော ဗုဒ္ဓါယ၊ ဘုရားသခင် သာသနာအနှစ်တစ်ထောင်ခြောက်ရာနှစ်ဆယ်ရှစ်နှစ်လွန်လေပြီးရကား၊ ဤအရိမဒ္ဒနာပုရ်မည်သောပြည်၌ သီရိတြိဘဝနာဒိတျဓမ္မရာဇ် မည်သော မင်းဖြစ်၏။ ထိုမင်း၏ ပယ်မယားတစ်ယောက်သော်ကား တြိလောက ဝဋ္ဋံသကာဒေဝီမည်၏။ ထိုပယ်မယားသားတမူလည်း ရာဇကုမာရ်မည်၏။ ထိုမင်းကား ကျွန်သုံးရွာတည်း ပယ်မယားအားပေး၏။ ထိုပယ်မယားသေခဲ့ရကား ထိုပယ်မယားတန်ဆာနှင့် ထိုကျွန်သုံးရွာသော နှင့်တည်း၊ ထိုပယ်မယားသား ရာကုမာရ်မည်သောအား မင်း ပေးတုံ၏။ ထိုမင်းအနှစ် နှစ်ဆယ့်ရှစ်နှစ် မင်းမူပြီး၍ သေခမူ နာသရော၌တည်း။ ထိုရာဇကုမာရ်မည်သော ပယ်မယားသား မိမိကိုမွေးသော မင်းကြီးကျေးဇူးကို အောက်မေ့ရကား ရွှေအတိသော ဘုရားသခင်အဆင်းပြု၍ နုပ်လေသရောတည်း ဤသို့ မိန့်၏။ ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြုသောတည်း။ ကျွန်သုံးရွာ အတို့ကျွန် ငါ့သခင်ပေးသည်ကား ဤရွှေဘုရား အတို့ကျွန်ပေး၏။”

ရာဇကုမာရ်သည် ဖခင်ကျန်စစ်သားမင်းကြီး သေအံ့မူးမူးဖြစ်နေချိန်တွင် ရွှေဆင်းတုဘုရားကို ပင့်ဆောင်လာခဲ့ပြီး ဖခင်ကျန်စစ်သားမင်းကြီးအား ကိုယ်တော်တိုင် ဆရာ၊ ရဟန်းတော်တို့ထံမှောက်တွင် ရေစက်သွန်းချလှူဒါန်းစေခဲ့သည်။

“ထိုရောတည်း မင်းနှစ်ကျို့ရကား ကောင်းလှေင့်တည်း ကောင်းလှေင့်တည်း မိန့်၍ သင်ကြီးမဟာထေရ်၊ သင်ကြီး မုဂ္ဂလိပုတ္တတိဿထေရ်၊ သင်ကြီး သုမေဓပဏ္ဍိတ်၊ သင်ကြီး ဗြဟ္မပါလ်၊ သင်ကြီး ဗြဟ္မဒိဝ်၊ သင်ကြီး သောန်၊ သင်ကြီး သယ်သေနဝရပဏ္ဍိတ၊ ထိုသခင်တို့အမှောက်တည်း မင်းရေသွန်း၏။” ဟု ဆက်၍ ရေးထိုးခဲ့သည်။

ထို့နောက် ရာဇကုမာရ်သည် ဂူဘုရားတည်ခဲ့ပုံ၊ ကျွန်သုံးရွာ လှူဒါန်းခဲ့ပုံတို့ကို ဆုတောင်းစာ၊ ကျိန်စာများဖြင့် အောက်ပါအတိုင်း အဆုံးသတ်ခဲ့သည်။

“ထိုပြီးရကား ထိုရာဇကုမာရ်မည်သော ပယ်မယားသား ထိုရွှေဘုရား ဌာပနာ၍ ရွှေအထွတ်မူသော ဂူပြု၏၊ ပြုပြီးရကား ဤဂူဘုရား လွှတ်သရော၌တည်း သက်နုမုလွန် တရွာ၊ ရပယ်တရွာ၊ ဟန်ဗိုဝ်တရွာ ဤကျွန်သုံးရွာကိုယူ၍ ထိုရာဇကုမာရ်မည်သော ပယ်မယားသား ဤဂူဘုရားအား ရေသွန်း၍ ဤသို့မိန့်၏။ ဤငါ့အမှုကား သဗ္ဗညုတဉာဏ် ပညာရအံ့သော အကြောင်းဖြစ်စေသတည်း။ ငါ့နောင်အား ငါ့သားလည်းကောင်း၊ ငါ့မြေးလည်းကောင်း၊ ငါ့ဆွေလည်းကောင်း၊ သူတထူးလည်းကောင်း၊ ဤဘုရားအား ငါလှူခဲ့သော ကျွန်အနှိပ်အစက်တည်းမူမူကား အရိမေတ္တေယျဘုရားသခင် အဖူးရစေ”

မြစေတီကျောက်စာပါ စကားပြေကို ရှေးအကျဆုံးမြန်မာစကားပြေဟု ဆိုခဲ့ကြပြီး အချို့သော စကားများသည် ယခုခေတ်အသုံးနှင့်မတူညီ၊ ကွဲပြားသည်ကိုတွေ့နိုင်ပေသည်။ ဥပမာအားဖြင့် “နာသရော၌တည်း”ဟူသည့် နာမကျန်းဟူသောစကားလုံးမှ နာနှင့်ရှေးသရောအခါဟူသော စာလုံးမှ သရောတို့ကိုပေါင်းစပ်ထားခြင်းဖြစ်ပေသည်။ နာမကျန်းသောအခါဟု အဓိပ္ပာယ်ရသည်။ “ အတို့ကျွန်” ကို ကျွန်တို့၊ ကျွန်ုပ်တို့ဟုယူဆကြသကဲ့သို့ “သင်ကြီး”သည် သင်္ဃာကြီး ဖြစ်သည်ဟု ဆိုကြသည်။ “အဖူးရစေ” ဟူရာတွင် မအစား အကို သုံးစွဲထားဟန်ရှိပေသည်။

မြစေတီကျောက်စာသည် ပုဂံကိုခြေရာကောက်ကြသော သုတေသီတို့အတွက် ခိုင်လုံသော အထောက်အထား တစ်ရပ်ပင်ဖြစ်ပါသည်။ ဘာသာစကားလေးမျိုးဖြင့်ရေးထိုးထားသောကြောင့် ဘာသာဗေဒအမြင်ဖြင့်ကြည့်ပါက အထူးပင်တန်ဖိုးရှိလှသည်ကို တွေ့ကြရပေမည်။ သမိုင်းအမြင်ဖြင့်ကြည့်လျှင်လည်း ပုဂံခေတ်ကျန်စစ်သားမင်း၏ဆောင်ရွက်ချက်များကို အထင်းသားတွေ့မြင်ရမည်ဖြစ်ပေသည်။

ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) သည်ကမ္ဘာ့နေရာဒေသအသီးသီးရှိ မှတ်တမ်းဝင်အမွေအနှစ်များကို နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိရာ မန္တလေးတောင်ခြေ၊ ကုသိုလ်တော်ဘုရားဝင်းအတွင်း စိုက်ထူထားသော ပိဋကတ်သုံးပုံကျောက်စာချပ်များကို ၂၀၁၃ ခုနှစ် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ကြောင်း အများသိရှိကြပြီးဖြစ်ပါသည်။ ယခုတစ်ဖန် ပုဂံမြို့ရှိမြစေတီကျောက်စာအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း(၂၀၁၅)တွင် သတ်မှတ်ပေးရန် UNESCO သို့ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ တင်သွင်းထားပြီးဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းတွင် ရှေးဟောင်းအမွေအနှစ်များသည် နေရာအနှံ့တွင်ရှိနေသည်ဖြစ်ပေရာ နိုင်ငံသားများအနေဖြင့် ရှေးကထက်ပို၍ မြတ်နိုးတန်ဖိုးထားကာ ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် လိုအပ်လှပေသည်။ ရှေးဟောင်းအမွေအနှစ်များပေါကြွယ်ဝနေခြင်းသည် ပင်လျှင် နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားနေခြင်းဖြစ်ကြောင်း လူတိုင်းသိရှိခံယူထားသင့်ပေသည်။

သို့ဖြစ်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံမှ မှတ်တမ်းအမွေအနှစ်များကို ကမ္ဘာသိသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များဖြစ်လာစေရေးအတွက် UNESCO သို့ ဆက်လက်တင်သွင်းဆောင်ရွက်လျက်ရှိရာ ပုဂံအမွေအနှစ်တစ်ခုဖြစ်သော မြစေတီကျောက်စာသည်လည်း ကမ္ဘာ့အမွေအနှစ်တစ်ခုဖြစ်လာတော့မည်သာ ဖြစ်ပါတော့သည်။ ။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူသမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာလာကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးငွေအောင်နှင့် သံရုံးမှတာဝန်ရှိသူများ၊ စစ်သံမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းငွေနှင့် ဇနီးတို့သည် ဇူလိုင် ၁၁ ရက်နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မျောက်ချောကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ပညာရည်ချွန်ဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် ပက်မခမ်းရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်အောင်မြို့ အောင်ဇေယျခန်းမ၌ ကျင်းပသော ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ကနောင်မြို့ အခြေခံပညာအထက်တန်းကျောင်း တည်ဆောက်ဆဲတိုးချဲ့ကျောင်းဆောင်သစ်ကို ကြည့်ရှု၍ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား၌ ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ကနောင်မြို့ တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုပြီး လူနာများအား ထောက်ပံ့ငွေများလှူဒါန်းသည်။

ထို့နောက် ထန်းသုံးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားပြီး စာအုပ်စာစောင်များနှင့် ဗလာစာအုပ်ဒါဇင်များ လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာခွကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်အောင်မြို့နယ်မှ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၉၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၉၄ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

❖ ဈေးကွက်မှ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်ခရိုင်၊ လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့သည် ပင်လယ်ပြင်နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့်အတွက် ရေလုပ်ငန်းအထူးဖွံ့ဖြိုးသည့် ခရိုင်များဖြစ်သည်။ ဖျာပုံခရိုင်မှ ပင်လယ်ပြင်တွင် ငါးဖမ်းစက်လှေပေါင်း ၄၀၀ ကျော် ရာသီမရွေး (ခွင့်ပြုဧရိယာအတွင်း) ငါးမုတ်များ ဖမ်းဆီးလျက်ရှိနေသည်။

ယခုရက်ပိုင်းအတွင်း ငါးမုတ်အဝယ်ဒိုင်များဘက်သို့ စာရေးသူရောက်ရှိခဲ့ပြီး ငါးမုတ်ဈေးကွက်လေ့လာရာ ငါးမုတ်တွင် အဖြူနှင့်အမည်းနှစ်မျိုးရှိပြီး ငါးမုတ်အဖြူက ဈေးပိုရကြောင်း၊ ငါးမုတ် ပြည်တွင်းဈေးကွက်တွင် အတက်အကျရှိသော်လည်း ပျမ်းမျှအားဖြင့် ငါးမုတ်ဂရမ် ၄၀၀ အထက် (တစ်ကောင် ၂၅ ကျပ်သားခန့်) တစ်ပိဿာကို ငွေကျပ် ၂၈၀၀၀၊ ဂရမ် ၃၀၀ အထက်ငါးမုတ်တစ်ပိဿာ ငွေကျပ် ၂၁၅၀၀၊ ဂရမ် ၂၀၀ အထက် ငါးမုတ်တစ်ပိဿာ ငွေကျပ် ၁၅၃၀၀၊ ဂရမ် ၁၀၀ အထက် ငါးမုတ် တစ်ပိဿာ ငွေကျပ် ၁၀၃၀၀ နှင့် ဂရမ် ၅၀ အထက် ငါးမုတ်တစ်ပိဿာ ငွေကျပ် ၅၅၀၀ ဖြင့် ဝယ်ယူလျက်ရှိကြောင်း ငါးမုတ်အဝယ်ဒိုင်ပိုင်ရှင်တစ်ဦးက ပြောပြသည်။

မိမိတို့ ရေလုပ်ငန်းရှင်များအနေဖြင့် ၁၉၈၄ ခုနှစ်က ငါးမုတ်ဖမ်းဆီးသည့်လုပ်ငန်း စတင်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်အထိ ငါးမုတ်များအမိများကြောင်း၊ ၁၉၉၀ ခုနှစ်နောက်ပိုင်း ငါးမုတ်များအထိ အမိနည်းသွားကြောင်း ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများကလည်း သမားရိုးကျ နည်းမဟုတ်တော့ဘဲ အဆင့်မြင့် နည်းပညာများဖြင့် ဖမ်းဆီးကြကြောင်း၊ ငါးများဥချရာသီတွင်ပင် ဖမ်းဆီးနေကြကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ငါးဖမ်းစက်လှေများကလည်း တရားမဝင်ဝင်ရောက် ဖမ်းဆီးနေကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း ကြပ်မတ်မှုအားနည်းကြောင်း၊ ကာလကြာမြင့်လာသည့်အခါ ငါးမုတ်များရှားပါးသွားကြောင်း ငါးမုတ်အထိအမိနည်းသော်လည်း နိုင်ငံတကာဈေးကွက်ကျယ်ပြန့်လာခြင်း၊ ဈေးနှုန်းမြင့်မားလာခြင်းတို့ကြောင့် မြန်မာ့ပင်လယ်ပြင်ကို ဆက်လက်အားကိုးလုပ်ကိုင်ဆောင်ရွက်ရဦးမှာ ဖြစ်ကြောင်း ဖျာပုံမြို့မှ ဝါရင့်ရေလုပ်ငန်းရှင် ဦးဝေမြင့်က သူ၏အမြင်ကိုပြောပြသည်။

ဖျာပုံမြို့သည် ကားလမ်း၊ ရေလမ်းများဖြင့် အချိန်တိုအတွင်း ရန်ကုန်မြို့သို့ အချိန်ရာသီမရွေး သွားလာနိုင်သည့်အတွက် ဖျာပုံခရိုင်အတွင်းမှ ငါးဖမ်းရေယာဉ်များတွင်မကဘဲ ပုသိမ်ခရိုင်နှင့် အခါအားလျော်စွာ မြိတ်၊ ထားဝယ်မြို့များမှ ငါးဖမ်းရေယာဉ်များကလည်း ဖျာပုံမြို့အဝယ်ဒိုင်များသို့ ငါးမုတ်များ လာရောက် ရောင်းချနေသဖြင့် ဖျာပုံမြို့သည် ငါး၊ ပုစွန်ဈေးကွက် ခိုင်မာစွာတည်ရှိနေခြင်းနှင့်အတူ ရေလုပ်ငန်းတွင် ထင်ရှားဖွံ့ဖြိုးသောမြို့ဟု သတ်မှတ်နိုင်ပေသည်။

ဒုတိယပိုင်းသွင်းဂိုးများဖြင့် ချင်းယူနိုက်တက်အနိုင်ရ

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၄) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ချင်းယူနိုက်တက်နှင့် ကမ္ဘောဇအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

(သုဝဏ္ဏကွင်း)

ချင်းယူနိုက်တက် - လေးဂိုး

(ဟာမွန်း၊ မာတူနာ၊ ရမ်လာကျဲနှင့် ညီညီမင်း - တစ်ဂိုးစီ)

Southern - နှစ်ဂိုး

(ဇီဇီမစ်နှင့် ရန်နိုင်ထွေး)

ဒုတိယအကျော့တွင် ခြေစွမ်းပြနေသည့် ချင်းယူနိုက်တက်အသင်းမှာ ဒုတိယပိုင်းသွင်းဂိုးများဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ချင်းအသင်းမှာ ပထမပိုင်းတွင် တစ်ဂိုးဖြင့် ရှုံးနေသော်လည်း ဒုတိယပိုင်းတွင် ကစားကွက်ပြန်မိလာပြီး အရေးပါသည့်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ချင်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ၅၆ မိနစ်တွင် ဟာမွန်း၊ ၅၇ မိနစ်တွင် မာတူနာ၊ ၇၃ မိနစ်တွင် ရမ်လာကျဲနှင့် ၉၂ မိနစ်တွင် ညီညီမင်းတို့က သွင်းယူခဲ့ပြီး Southern အတွက် ဂိုးများကို ၃၇ မိနစ်တွင် ဇီဇီမစ်နှင့် ၈၄ မိနစ်တွင် ရန်နိုင်ထွေးတို့က သွင်းယူခဲ့သည်။ ရှုံးပွဲကြုံတွေ့ခဲ့သော Southern အသင်းမှာ တန်းဆင်းဇုန်မှ ရုန်းမထွက်နိုင်သေးဘဲ အမှတ်ပိုပြတ်သွားခဲ့သည်။

(အောင်ဆန်းကွင်း)

ကမ္ဘောဇ - တစ်ဂိုး

(ကျော်ဇေယျာဝင်း)

မနောမြေ - ဂိုးမရှိ

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

ဇေယျာရွှေမြေ - ဇွဲကပင်

ချင်းအသင်းနှင့် Southern အသင်းတို့ အကြိတ်အနယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၃

မွေးမြူရေးလုပ်ငန်း ဗဟုသုတများ ရရှိပြန့်ပွားစေရန်၊ အများပြည်သူ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရန်နှင့် သဘာဝဒီရေတောများ ဆက်လက်ထိန်းသိမ်း ထားရှိရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒီရေတောပင်များ ထပ်မံဖြည့်တင်းစိုက်ပျိုးရန်၊ အများပြည်သူ အပန်းဖြေ လှည့်လည်ကြည့်ရှုရာတွင် အဆင်ပြေချောမွေ့စေရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာများတွင် အဆင့်မြင့်တင်သည့် လုပ်ငန်းများဆောင်ရွက်မည့် နေရာနှင့် ရေထိန်းတံခါးပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ယာပုံ)** လမုတောပတ်လမ်းရှိ တံတားများ ပြင်ဆင်သွားရန်နှင့် လမုတောမြစ်ပြင်ရှုခင်းတစ်လျှောက် သာယာရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) ရွာသာကြီး ဘက်စုံမွေးမြူရေးခြံစခန်းရှင်းလင်းဆောင်၌ အသားတိုး ကြက်မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စားနပ်ရိက္ခာဖူလုံရေး (Food Security) အတွက် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် တိုးတက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် မွေးမြူရေးလုပ်ငန်းသွင်းအားစုများဖြစ်သည့် မျိုးတိရစ္ဆာန်၊ အစာနှင့်ဆေးဝါးတို့ကို ကျေးလက်ဘဏ်စနစ်ဖြင့် မတည်ရင်းနှီးပေးလျက်ရှိကြောင်း၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး (Food Safety) အတွက် စားသုံးသူများအနေဖြင့် ကျန်းမာသန့်ရှင်း၍ အရည်အသွေးပြည့်ဝသော အစားအစာ၊ သားငါးများထုတ်လုပ်နိုင်ရေး တန်ဖိုးမြင့် ပြုပြင်ထုတ်လုပ်သည့် စက်ရုံနှင့် လက်ကားဈေးကွက်များ ထူထောင်၍ နေရာဒေသအသီးသီးသို့ အအေးပေးစနစ်ဖြင့် သယ်ယူဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများ၌ လွတ်လပ်သော ကုန်သွယ်မှုဝန်းကျင် ဖော်ဆောင်ပေါ်ပေါက်လာမည်ဖြစ်၍ တန်ဖိုးမြင့်သားငါး ကုန်ပစ္စည်းများ ထုတ်လုပ်ကာ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင် ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းအလိုက် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွာသာကြီးဘက်စုံမွေးမြူရေးခြံစခန်းဝန်းကျင်ရှိ ငါးမွေးမြူရေးကန်များနှင့် မွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းတို့အား ဆုယူအပြီး တွေ့ရစဉ်။

❂ **ကျော့ဖုံးမှ**

သယ်ပိုးထမ်းဆောင်နိုင်မှုနှင့် ပြည်သူများအတွက် အကျိုးပြုလုပ်ငန်းများတွင် အများဆုံးလှူဒါန်းပေးအပ်နိုင်မှု စသည်တို့ကြောင့် လည်းကောင်း၊ "Best Core Banking System Initiative of the year in myanmar 2014" ဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဘဏ်သမိုင်းတွင် သမားရိုးကျ Core Banking System မှ ကမ္ဘာ့အဆင့်မြင့်ဆုံး အမေရိကန်နိုင်ငံမှ Oracle Flexcube Centralized Core Banking System သို့ ပထမဦးဆုံး အောင်မြင်စွာ ပြောင်းလဲအသုံးပြုဆောင်ရွက်နိုင်ခြင်း၊ ကမ္ဘောဇဘဏ်ရှိ နိုင်ငံအတွင်း ဒေသအနှံ့အပြားတွင် တိုးချဲ့ဆောင်ရွက်ထားသော ဘဏ်ခွဲများအားလုံး တစ်ခုနှင့်တစ်ခု Oracle Flexcube Core Banking System ဖြင့် အပြန်အလှန် ချိတ်ဆက်၍ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အချိန်တိုအတွင်း တိကျလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်မှု၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအသစ်များကို အဆင့်မြင့် နည်းပညာများဖြင့် ဝန်ဆောင်ပေးနိုင်မှုနှင့် ဘဏ်ဝန်ထမ်းများအား ကမ္ဘာ့အဆင့်မြင့်ဆုံး ဆက်သွယ်မှုဆိုင်ရာ နည်းပညာရပ်များကို သင်ကြားတတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်မှု စသည်တို့ကြောင့် လည်းကောင်း ၎င်းဆုများကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ကမ္ဘောဇဘဏ်နှင့် အလားတူ "Best Domestic Retail Bank of the year 2014" ဆုများကို စင်ကာပူနိုင်ငံ UOB Bank၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ DBS Bank (China)၊ ထိုင်းနိုင်ငံ Kasikorn Bank နှင့် အင်ဒိုနီးရှားနိုင်ငံ PT Bank Mandiri တို့မှလည်းကောင်း၊ "Best Core Banking System Initiative of the year 2014" ဆုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Standard Chartered Bank (China)၊ စင်ကာပူနိုင်ငံ DBS Bank၊ မလေးရှားနိုင်ငံ CIMB Bank နှင့် Australia နိုင်ငံ HSBC (Australia) တို့မှ လည်းကောင်း အသီးသီးရရှိကြကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

မန္တလေးမြို့တွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များမှ မသင်္ကာသူများအား ဖမ်းဆီးအရေးယူထား

မန္တလေး ဇူလိုင် ၁၃

မန္တလေးမြို့၌ ဇူလိုင် ၁ ရက်၊ ၂ ရက်နှင့် ၄ ရက်တို့တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူများအား မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က စစ်ဆေးဖော်ထုတ်ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ လူသတ်မှုဖြင့် မသင်္ကာသူ သုံးဦး၊ မီးရှို့ဖျက်ဆီးမှုဖြင့် မသင်္ကာသူ ၁၀ ဦး၊ နာကျင်စေမှုဖြင့် မသင်္ကာသူ ခြောက်ဦး၊ ဆူပူလှုံ့ဆော်မှုဖြင့် ၁၀ ဦး၊ ရဲအက်ဥပဒေအရ တရားခံသုံးဦး၊ လက်နက်မှုဖြင့် တရားခံနှစ်ဦး စုစုပေါင်း ၃၄ ဦးအား ဖမ်းဆီးအရေးယူ၍ ဥပဒေနှင့်အညီ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ကျန်ကျူးလွန်သူများအား ဖမ်းဆီးရမိရေး စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်ရုံးဖွင့်လှစ်

မန္တလေး ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ ကုန်တင်ယာဉ်နှင့်ခေါက်တိုယာဉ်ရုံး ပြောင်းရွှေ့ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၇ နာရီက မန္တလေးခရိုင် အမရပူရမြို့နယ် ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်း အခန်းအမှတ် MM-5 တွင် ကျင်းပသည်။

ယာဉ်လုပ်ငန်းကော်မတီသည် ကုန်စည်စီးဆင်းမှုမှန်ကန်စေရေး၊ ကုန်စည်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး၊ မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများအသက်မွေးမှု အဆင်ပြေစေရေး၊ ကုန်တင်ယာဉ်၊ ခေါက်တိုယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးဂိတ်များ၊ ယာဉ်လုပ်သားများ၏ကိစ္စများကို အနီးကပ်ကြီးကြပ်ကူညီဆောင်ရွက်နိုင်ရန် ရုံးဖွင့်လှစ်ခြင်းဖြစ်သည်။ ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကုန်စည်များ ဝင်ထွက်သွားလာရာ အဓိကကျသည့် နေရာတွင် တည်ရှိပြီး ကုန်စည်ပို့ဆောင်ရေးဂိတ်ခန်း ၄၂၀ ခန့်ရှိသည်။ တစ်ရက်ပျမ်းမျှအဝင် ကုန်တင်ယာဉ် ၂၁၅ စီး၊ အထွက်ကုန်တင်ယာဉ် ၁၉၅ စီး အဝင်ကုန် ၂၄၇၇ တန်၊ အထွက်ကုန် ၂၁၆၃ တန်ခန့်ကုန်စည်ပို့ဆောင်ပေးလျက်ရှိကြောင်းသိရသည်။

မောင်ပြည်သူ(မန္တလေး)

❒ **တာချီလိတ်မှ**

နေအိမ်အတွင်း အိပ်ပျော်နေသည့် အိမ်ရှင် ဦးကျော်ထွေးလင်း (၃၈)နှစ်၊ ဇနီးဖြစ်သူ ဒေါ်ယဉ်နု(၃၇)နှစ်နှင့် ၎င်းတို့၏ လသားအရွယ်ရှိ ရင်သွေးငယ်သားတစ်ဦးတို့ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ကြသည်။

အလားတူ ယင်းနေအိမ်တွင် အိမ်ခန်းငှားနေထိုင်သူ ဦးခင်မောင်သောင်း (၄၅)နှစ်၊ ဇနီး ဒေါ်ဝင်းဆန်း(၂၅)နှစ်၊ သား မှုံကြီး(၈)နှစ်၊ သမီး မပေါက်တူး (၅)နှစ်တို့မှာလည်း နေရာတွင်ပင် သေဆုံးခဲ့ကာ ကျန်အိမ်ခန်းငှားများဖြစ်ကြသည့် ဦးအောင်ကျော်လွင်နှင့် ဇနီး မလှဲ့လှဲ့မြင့်၊ ကိုကြည်မြင့်နှင့် ဇနီး မစန်းစန်းမြင့်တို့မှာ ဒဏ်ရာမရရှိဘဲ လွတ်မြောက်ခဲ့ကြသည်။

အခင်းဖြစ်ပွားရာသို့ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်နိုင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ပြည်နယ်လွှတ်တော်အမတ် ဒေါ်တင်မေထွန်းတို့ဦးဆောင်သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက လူအား၊ စက်ယန္တရားအင်အားများဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မိုးသည်းထန်စွာ ရွာသွန်းနေစဉ် ကြိုးစားဆောင်ရွက်ပေးလျက်ရှိပြီး ကွယ်လွန်သူများ၏ ရုပ်အလောင်းများအား သင်္ဂြိုဟ်မှုပြုနိုင်ရေးနှင့် အိုးအိမ်မဲ့ဖြစ်သွားသော ကျန်မိသားစု နှစ်စု၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မောင်ယဉ်ကျေး)**

သတင်းအချက်အလက်နှင့် နည်းပညာလွှာအတွက် လူသားအရင်းအမြစ်ကို အကျိုးရှိရှိအသုံးချပြီး တိုင်းပြည်ဝင်ငွေရှာနိုင်

ရန်ကုန် ဇူလိုင် ၁၃

ရေး/မေး - ခင်ချိုဝင်း
ဓာတ်ပုံ - သောင်းမြင့်၊ ရဲထွဋ်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လုံခြုံရေး စသည့်ကဏ္ဍစုံတွင် အရေးပါသည့်နေရာ၌ တည်ရှိသည်။ ယင်းကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍမှ ပညာရှင်များ ရန်ကုန်မြို့ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးခဲ့ရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနက် အချို့အား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

ဒုတိယဝန်ကြီး ဦးသောင်းတင် (ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန)

ဒီနေ့ဆွေးနွေးတာက ကဏ္ဍတော်တော်လေးစုံပါတယ်။ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာကဏ္ဍဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဆွေးနွေးတာပေါ့လေ။ ဒီခေါင်းစဉ်အောက်မှာ e-Government က နောက်ထပ်အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ပိုင်းပေါ့။ e-Government က သန့်ရှင်းသော အစိုးရဖြစ်ဖို့၊ ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်ဖို့အတွက် အရေးကြီးတဲ့အစိတ်အပိုင်းတစ်ပိုင်းဖြစ်ပါတယ်။

လက်ရှိ ကွန်ပျူတာအသင်းချုပ်နဲ့ အသင်းတွေရှိပါတယ်။ အသင်းတွေ ဖွဲ့စည်းထားတာက ဥပဒေနဲ့အညီ ဖွဲ့စည်းထားတာပါ။ ၁၉၉၆ ခုနှစ်ကတည်းကဆိုတော့ အခုခေတ် အခုအခြေအနေနဲ့က ကျွန်တော်တို့က ပြုပြင်ပြောင်းလဲဖို့ လိုလာပြီပေါ့။ လိုလာတဲ့အခါမှာ ဒီအသင်းချုပ်နဲ့ အသင်းတွေကို စနစ်တကျ ပြန်လည်ဖွဲ့စည်းဖို့ လက်ရှိခေတ်အတွက် ပိုထိရောက်တဲ့ကိစ္စတွေဆောင်ရွက်နိုင်ဖို့ဆိုတာတစ်ပိုင်းပါ။ အဲဒါ သမ္မတကြီးကို ဒီအသင်းချုပ် ပုဂ္ဂိုလ်တွေက တင်ပြတယ်။

ဒုတိယတစ်ပိုင်းက ကျွန်တော်တို့ ဒီ ICT Industry ပေါ့။ အထူးသဖြင့် Software ပေါ့။ ကျွန်တော်တို့နိုင်ငံအနေနဲ့ လူသားအရင်းအမြစ်ရှိတယ်။ အဲဒီလူသားအရင်းအမြစ်ကို အသုံးချနိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့အတွက် ပိုပြီးအကျိုးရှိနိုင်မယ်။ သတင်းအချက်အလက်နဲ့ နည်းပညာကဏ္ဍအတွက် လူသားအရင်းအမြစ်ကို အကျိုးရှိရှိ အသုံးချပြီးတော့ တိုင်းပြည်ဝင်ငွေ ရှာနိုင်မယ်။ တိုင်းပြည်ရဲ့ Industry လုပ်နိုင်မယ်ဆိုရင် ပိုကောင်းတာပေါ့။ ကျွန်တော်တို့ သယံဇာတတွေပဲ ရောင်းပြီး ရပ်တည်နေမယ့်အစား သမ္မတကြီး အမိန့်ရှိသွားသလို သယံဇာတတွေကို အနည်းဆုံး သုံးမယ်။ ဖြစ်နိုင်ရင် မသုံးဘဲနဲ့ ကျွန်တော်တို့ဝင်ငွေရှာနိုင်ဖို့ အဲဒါဆိုတော့ ICT ကဏ္ဍက အရေးကြီးသွားပါပြီ။ အဲဒီတော့ ဒီမှာတင်ပြသွားတာက လက်ရှိအခြေအနေက အစပျိုးခါစပဲ ရှိသေးတယ်။ ဒါပေမယ့် ပတ်ဝန်းကျင်အခြေအနေက ဖန်တီးလာပြီလေ။ အရင်တုန်းက ကျွန်တော်တို့က ပိတ်ဆို့ခံထားရတာရှိတယ်။ နောက်ပြီး လျှပ်စစ်ဓာတ်အား၊ ခုလည်းလိုအပ်ချက်တွေ ရှိတော့ ရှိသေးတယ်။ သို့ပေမယ့် ထိုက်သင့်သလောက် အဆင်ပြေလာပြီပေါ့။ အဲဒါတွေအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ရဲ့လူသားအရင်းအမြစ်ကို ပျိုးထောင်လိုက်မယ်ဆိုရင် ဒီ Software Industry က နိုင်ငံတော်က အားကိုးနိုင်တဲ့ Industry ဖြစ်လာမှာပေါ့နော်။

အဓိက နှစ်ပိုင်းတင်ပြတာပေါ့။ တစ်ပိုင်းက အသင်းတွေရဲ့ဖွဲ့စည်းမှုကို စနစ်တကျဖြစ်အောင်၊ ဒုတိယတစ်ပိုင်းက Software Industry က အခြေအနေပေးပြီဆိုရင် ဒါကို ဘယ်လို တိုးတက်အောင် လုပ်ကြမလဲ။ ဒီနှစ်ပိုင်းဆွေးနွေးတာပါ။

အခု ပြောင်းလဲလာတဲ့အခြေအနေက ဘယ်လိုဖြစ်သွားသလဲဆိုတော့ ကျွန်တော်တို့ Civil Society တွေရဲ့ လိုအပ်ချက်ကို တင်ပြတာဖြစ်ပါတယ်။ သူတို့ကနေ ဦးဆောင်ပြီးတော့ သူတို့လုပ်ငန်း သူတို့ရဲ့ Industry တိုးတက်အောင် အကြံပြုတာပေါ့။ ဒုတိယ တစ်ပိုင်း က စီးပွားရေးကဏ္ဍပေါ့။ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ လိုအပ်ချက်ကို တင်ပြတယ်။ ဘာပံ့ပိုးဖို့လိုသလဲ။ ကျွန်တော်တို့ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နဲ့ နည်းပညာဝန်ကြီးဌာနက အဲဒီကဏ္ဍပေါ့။ ကျွန်တော်တို့ကနေ ဘာလုပ်ပါလို့ ပြောတာမျိုးထက် ဒီ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် မြေတောင်မြှောက်ပေးနိုင်ဖို့ လိုအပ်တဲ့အပိုင်း၊ နောက် ခုနကပြောတဲ့အဖွဲ့အစည်းတွေပေါ့။ အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းတွေ ခိုင်မာဖို့အတွက် ကျွန်တော်တို့ဘက်က ပံ့ပိုးပေးရမယ့်အပိုင်း၊ အထူးသဖြင့် ကျွန်တော်တို့က ဆက်သွယ်ရေးအခြေခံအဆောက်အအုံကို ပံ့ပိုးပေးဖို့ဖြစ်ပါတယ်။ အဓိက ကျွန်တော်တို့ ဝန်ကြီးဌာနက Focal အနေနဲ့ တာဝန်ယူနေရတဲ့အတွက်ကြောင့် အခု သမ္မတကြီးကို တင်ပြပြီးတော့ သမ္မတကြီးကနေ လမ်းညွှန်ချက်တွေနဲ့ ပုဂ္ဂလိက ကဏ္ဍက ရှေ့က ဦးဆောင်ဆောင်ရွက်ကြမယ်။ အဲဒီအတွက် လိုအပ်တာတွေ ကျွန်တော်တို့ နောက်ကနေ ပံ့ပိုးပေးဖို့ပါ။

ကျွန်တော်တို့ ယုံကြည်ခဲ့တာက ကွန်ပျူတာနဲ့ သတင်းအချက်အလက်နဲ့ဆက်သွယ်ရေး နည်းပညာရပ်က နိုင်ငံမှာ အရေးကြီးတဲ့ကဏ္ဍ၊ ဂျီဒီပီမှာလည်း အထောက်အကူပေးနိုင်မယ်။ ဒါ အောင်မြင်ခဲ့လို့ရှိရင် တခြားကျန်တဲ့ကိစ္စရပ် အားလုံးအောင်မြင်သွားနိုင်မယ်။ ကမ္ဘာပေါ်မှာ တိုးတက်တဲ့ နိုင်ငံအားလုံးကို ကြည့်လို့ရှိရင် သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာကဏ္ဍက ထိပ်ဆုံးပဲရှိတယ်။ မတိုးတက်ခဲ့တဲ့နိုင်ငံကလည်း ဒီကဏ္ဍတွေမှာ တိုးတက်နိုင်သလောက် ထိပ်ဆုံးနီးပါးရောက်လာပြီဖြစ်တယ်။

နိုင်ငံ့ရှေ့ရေးအတွက်၊ လူငယ်တွေအတွက်လည်း အလားအလာ အများကြီး ရှိသွားတာပေါ့။ မဟုတ်ရင် ပညာတွေသင် ငွေကုန်ကြေးကျခံ အချိန်တွေကုန် မိဘတွေကလည်း အများကြီးပံ့ပိုးရ၊ ပြီးရင် သူတို့နဲ့ ထိုက်တန်တဲ့ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ရှေ့အလားအလာ ပိတ်ပြီး မှေးမှိန်နေသလိုဖြစ်တာပေါ့။ ခုတော့ အဲဒါက ရှေ့အလားအလာ အရမ်းကောင်းပါတယ်။

ဦးဇော်မင်းဦး (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်)

ဒီနေ့အဓိကကတော့ နိုင်ငံတော်သမ္မတကြီးနဲ့ ကွန်ပျူတာအသင်းချုပ်နဲ့ အသင်းတွေ တွေ့ပြီး နိုင်ငံတော်သမ္မတကြီးကို ICT Industry ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီး လိုအပ်တဲ့ အချက်တွေတင်ပြပြီး လမ်းညွှန်မှုခံယူတာဖြစ်ပါတယ်။ အဓိကကတော့ ICT Industry ဖွံ့ဖြိုးတိုးတက်ရေးကိုဆွေးနွေးပါတယ်။

e-Government စီမံကိန်းတွေ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့၊ e-Government ဆိုရင် နိုင်ငံတော်က ဦးဆောင်ပြီး ကျွန်တော်တို့က တစ်တပ်တစ်အားပါဝင်ရမယ်။ ICT Industry ဖွံ့ဖြိုးဖို့ဆိုရင် ကျွန်တော်တို့က အဓိကထားပြီး လုပ်ဆောင်မယ်။ နိုင်ငံတော်ကလည်း လိုအပ်တဲ့ အချက်ကိုပံ့ပိုးပေးမယ်။ ကျွန်တော်တို့ Industry က ကျွန်တော်တို့မြင်တာတော့ မကြာခင်အချိန်အတွင်းမှာပဲ သင့်တင့်လျောက်ပတ်တဲ့ အောင်မြင်မှုတွေဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။

Software Outsourcing က အခုနှစ်ပိုင်းမှာ ကျွန်တော်တို့အနေနဲ့ ပြောရရင် Software Industry မှာ တော်တော် တိုးတက်လာပါတယ်။ Software Industry ကတော့ ပြည်တွင်း Software ကို လက်ခံရေးသားတာရှိတယ်။ ပြည်ပက Software ကိုလည်း လက်ခံရေးသားတာရှိပါတယ်။ ပြည်ပက Software ကို လက်ခံရေးသားတာ အခုနှစ်ပိုင်းမှာ ကျွန်တော်တို့မှန်းထားတာ US $ 8 to 10 million အတွင်းရရှိပါတယ်။ တစ်ပြည်လုံးအနေနဲ့ ကျွန်တော်တို့ Software ထုတ်လုပ်မှုခန့်မှန်းထားတဲ့ တန်ဖိုးပေါင်းက US $ 27 million လောက်ရှိပြီးတော့ outsource တစ်ခုတည်းကနေ 8 to 10 million ရပါတယ်။ ဒါပေမယ့် အဲဒါက တခြားပတ်ဝန်းကျင်နိုင်ငံနဲ့ယှဉ်ရင် အလွန်နည်းနေပါသေးတယ်။ ကျွန်တော်တို့ software Industry ဖွံ့ဖြိုးတိုးတက်ဖို့ ဒီမှာလည်း ဖွံ့ဖြိုးတိုးတက်တာနဲ့အမျှ အဆင့်မြင့် အလုပ်အကိုင်အခွင့်အလမ်း၊ နည်းပညာပိုင်းမှာ အခွင့်အရေးရတဲ့အပြင် နောက်ပိုင်းမှာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ သယံဇာတကို မှီခိုစရာမလိုဘဲနဲ့ လူ့အရင်းအမြစ်ကနေ တိုင်းပြည်အတွက် ဝင်ငွေရရှိမယ့် လုပ်ငန်းဖြစ်တယ်။ ဒါလေးကို ဖောင်းပေးပြီး သမ္မတကြီးကို သေသေချာချာ တင်ပြခဲ့တယ်။ သမ္မတကြီးက ဒါကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ဖို့ လမ်းညွှန်မှုပေးသွားပါတယ်။

ဦးခွန်ဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်)

ဒီနေ့သမ္မတကြီးကို တင်ပြရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်မှာ အဓိက ကျွန်တော်တို့အားလုံးကြိုးစားနေတဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာကဏ္ဍဟာ အလွန်အရေးကြီးတယ်ဆိုတာ၊ မရှိမဖြစ် ဖွံ့ဖြိုးဖို့လိုအပ်တဲ့ ပညာရပ်တစ်ခုဆိုတာကိုသိဖို့နဲ့ အခု နိုင်ငံတော်က လုပ်ဆောင်နေတဲ့ e-Government စနစ်တွေ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက်ကို အဓိက ထားတင်ပြခဲ့ပါတယ်။

e-Government လုပ်ဆောင်မှုကတော့ အခု နောက်ဆုံးလ ၂၀ စီမံကိန်း ပြုပြင်ပြောင်းလဲရေးတတိယ အဆင့် အရှိန်အဟုန်မြှင့်တင်မှုဆိုပြီးတော့ နိုင်ငံတော်က ညွှန်ကြားချက်ထုတ်ထားပါတယ်။ ကွန်ပျူတာအသင်းချုပ်အနေနဲ့ကနေ ဒီစီမံကိန်း အကောင်အထည်ပေါ်စေဖို့အတွက် မြန်မာနိုင်ငံ ကွန်ပျူတာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နဲ့ နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းရဲ့ ညွှန်ကြားချက်နဲ့ ကွန်ပျူတာအသင်းချုပ်က ပါဝင်ပြီးတော့ ဝန်ကြီးဌာနတွေအားလုံးရဲ့ လိုအပ်တဲ့ နေရာမှာ ကူညီဖို့အတွက် ကျွန်တော်တို့စတင်ပြီးတော့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ခုဆိုလို့ရှိရင် ဝန်ကြီးဌာနတွေအားလုံးကို အစည်းအဝေးခေါ်ယူပြီးတော့ လက်ရှိ ဝန်ကြီးဌာနတွေရဲ့ လုပ်ဆောင်ထားတဲ့အခြေအနေ စတင်ပြီးတော့ စစ်တမ်းကောက်နေပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ အောင်မြင်အောင် ဘယ်လို လုပ်ဆောင်ရမလဲဆိုတာကိုလည်း စစ်တမ်းတွေကို လေ့လာပြီးတော့ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဘဏ်တွေအားလုံးကတော့ ပြည်တွင်းဖြစ် software တွေကို သုံးပါတယ်။ ဒီမှာမှ တချို့ software တွေက ပြည်တွင်းဖြစ် software မဟုတ်တဲ့ software တွေ တချို့တော့နည်းနည်းပါးပါးတော့ ရှိတယ်။ ဒါပေမယ့်ကျွန်တော်ထင်တယ်။ ကွန်ပျူတာကိုသုံးတဲ့ ဘဏ်အားလုံးကတော့ ပြည်တွင်း software အများစုကိုပဲ သုံးနေတာကို တွေ့ရပါတယ်။ အဲဒီလိုပဲ ဆေးရုံတွေ တော်တော်များများကလည်း ပြည်တွင်း software ကို အသုံးပြုနေပါတယ်။

အရပ်ဘက်နည်းပညာမှာ အဓိကကတော့ ပြည်သူလူထုကို ပညာပေးတာမျိုးတွေ သိစေချင်တဲ့အကြောင်းအရာတွေ၊ အရင်တုန်းကတော့ နိုင်ငံတော်အစိုးရရဲ့ ဘာအချက်အလက်မဆို ဘယ်သူ့ကိုမှမပြောဘူး။ မပြောတော့ ဒီအချက်အလက်ကို တည်မှီပြီးမှ ပြည်သူက သိရမယ့် ကိစ္စဆိုရင် ပြည်သူက မသိတော့ဘူး။ ဒါပေမယ့် အခုတော့ ဒီပွင့်လင်းမြင်သာတဲ့ အစိုးရလက်ထက် ရောက်လာတဲ့ အချိန်မှာ အစိုးရအနေနဲ့လည်း အချက်အလက်တွေကို ထုတ်ပြန်ပေးတယ်။ ထုတ်ပြန်ပေးတော့ နည်းပညာသမားတွေရဲ့ အင်အား၊ နည်းပညာနဲ့ ပူးပေါင်းလိုက်ရင် ကျွန်တော်တို့ ပြည်သူလူထုတွေ လိုအပ်တဲ့အချက်တွေအားလုံးကို လွယ်လင့်တကူနဲ့ မြန်မာပြည်အနှံ့ အပြားကနေ လွယ်လွယ်လေးနဲ့သိရှိနိုင်မှာဖြစ်ပါတယ်။

သမ္မတကြီးအနေနဲ့ ကျွန်တော်တို့ကို တော်တော်လေးအားပေးပါတယ်။ နိုင်ငံတစ်ခုမှာ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာကဏ္ဍဟာ မဖြစ်မနေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ လိုအပ်တယ်ဆိုတာကိုလည်း သမ္မတကြီးအနေနဲ့ သဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ သမ္မတကြီးအနေနဲ့ရော သက်ဆိုင်ရာဝန်ကြီးတွေ အားလုံးကရော သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာကဏ္ဍတိုးတက်လာအောင် ကူညီဆောင်ရွက်ဖို့ကိုလည်း မှာကြားသွားပါတယ်။

မြန်မာနိုင်ငံမှာကတော့ Mobile Phone Application ကို ရေးတာကတော့ လူငယ်လေးတွေများပါတယ်။ သူတို့ရဲ့ တီထွင်နိုင်စွမ်းအားနဲ့ ရှိတဲ့ နည်းပညာနဲ့ ပူးပေါင်းပြီးတော့ လုပ်ဆောင်နေကြတာဖြစ်တယ်။ ဒီလိုလုပ်တဲ့အခါမှာ အခက်အခဲနည်းနည်းပါးပါးရှိပါတယ်။ ဘာလဲဆိုတော့ သူတို့က ရေးပါတယ်။ သူတို့ ထုတ်ရောင်းပါတယ်။ ဒါပေမယ့် မကြာပါဘူး။ ဒီ Software ကို တခြားတစ်နေရာက ကူးပြီးတော့ အလကား လျှောက်ဖြန့်လိုက်ပါတယ်။ ရေရှည်မှာ သူတို့ရဲ့ စီးပွားဖွံ့ဖြိုးမှုကိုလည်း အနှောင့်အယှက်ဖြစ်စေပါတယ်။ ဒါကိုလည်း နိုင်ငံတော်အနေနဲ့ ဘယ်လိုကာကွယ်မလဲ ဆိုတာကိုလည်း အစီအမံနဲ့ ချမှတ်လုပ်ဆောင်ပေးဖို့လိုပါတယ်။ မိုဘိုင်းလ်ဖုန်းပေါ်မှာရေးတဲ့ Software တွေက တကယ်တော့ နိုင်ငံတကာမှာ အလွန်ပဲ စီးပွားရှာလို့အကျိုးအမြတ်ရတဲ့ လုပ်ငန်းမျိုးတွေဖြစ်တယ်။ ကွန်ပျူတာအသင်းချုပ်အနေနဲ့ Mobile Application တွေ ဒီထက်မက အများကြီး တိုးတက်အောင် ဝိုင်းဝန်းအားပေးပြီးတော့ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုသာရမယ်ဆိုရင် အောင်မြင်လာမှာဖြစ်ပါတယ်။

မောင်သာထက် (မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်များအသင်းအဖွဲ့ဝင်)

အခုလိုသမ္မတကြီးက လာရောက်ပြီးတော့ မြန်မာနိုင်ငံ ICT Industry မှာရှိတဲ့ အကြောင်းအရာတွေကို ဆွေးနွေးတာကို အများကြီးဝမ်းသာပါတယ်။ ICT Industry ထဲမှာ ဖြစ်ပျက်နေတဲ့ ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေ သမ္မတကြီးကို တင်ပြခွင့်ရတဲ့အတွက်လည်း အလွန်ပဲဝမ်းသာပါတယ်။ ဒီလိုတင်ပြလိုက်တဲ့အခါမှာ ကျွန်တော်တို့ အခက်အခဲတွေကို နိုင်ငံတော်အကြီးအကဲတွေက သိရှိသွားပြီးတော့ အတိုင်းအတာအားဖြင့် ကျွန်တော်တို့ကို ပိုမိုအထောက်အကူပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ပြည်တွင်းဈေးကွက်နဲ့ နိုင်ငံတကာဈေးကွက်အတွက်ကို ဒီကနေပြီးတော့ ဝန်ဆောင်မှုတွေ၊ ထုတ်ကုန်တွေ အများကြီးထုတ်သွားမှာပါ။ နိုင်ငံတော်ရဲ့ဝင်ငွေ ပိုပြီးတိုးဖို့အတွက်ကို Software Industry လောက်ကနေပြီးတော့ တစ်တပ်တစ်အား ဆောင်ရွက်ပေးသွားမှာပါ။ ။

ဒုတိယဝန်ကြီး ဦးသောင်းတင်

ဦးဇော်မင်းဦး

ဦးခွန်ဦး

မောင်သာထက်



ပန်ထွာနှင့် ဒွတ္တဘောင်(ပျူပုံပြင်)နှင့် တိုင်းရင်းသားရိုးရာပုံပြင်များ

သူသူထက်လွင် ရေးသားသော ပန်ထွာနှင့် ဒွတ္တဘောင်(ပျူပုံပြင်)နှင့် တိုင်းရင်းသားရိုးရာပုံပြင်များ စာအုပ်ထွက်ရှိလာသည်။ ယဉ်ကျေးလိမ္မာသော သားကောင်းသမီးကောင်းများ ဖြစ်လာနိုင်ရေးအတွက် အကောင်းဆုံးထုဆစ်ပေးရာ ရောက်သည်မဟုတ်ဘဲ ပုံပြင်ပေါ်တိုင်းရင်းသားတို့၏ သုံးသပ်ချက်များနှင့်အတူ ထုတ်ဝေထားသည်။ မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ် (ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅ မှ တန်ဖိုးကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိသည်။

အများသုံးအင်္ဂလိပ်စကားပြော

ဆရာဦးကြည်ရွှင် ရေးသားသော အများသုံး အင်္ဂလိပ်စကားပြောစာအုပ်ထွက်ရှိလာသည်။ အင်္ဂလိပ်စကားကို သင်ယူလိုသူတိုင်းအတွက် အထောက်အကူပြုစေမည့် စာအုပ်ဖြစ်သည်။ အခြေခံအဆင့်မှစ၍ အဆင့်မြင့်အထိ ပြောဆိုနိုင်မည့် အခန်းပေါင်း ၄၈ ခန်းပါဝင်သည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ မှ တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

အခြေခံရှေးဟောင်းသုတေသနပညာ

စာရေးဆရာ မနုဿကျော်ဝင်း (အမျိုးသားစာပေဆုရ) ရေးသားပြုစုသည့် "အခြေခံရှေးဟောင်းသုတေသနပညာ" စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

စာအုပ်တွင် ရှေးဟောင်းပစ္စည်း အနက်အဓိပ္ပာယ်နှင့် သဘောသဘာဝ၊ ယင်းပစ္စည်းတို့ကို တွေ့ရှိနိုင်ပုံနည်းလမ်းများ၊ သက်တမ်းတွက်ချက်နည်းများနှင့် ထိန်းသိမ်းနည်းများအကြောင်းကို ဖော်ပြထားသည်။ ရန်ကင်းမြို့နယ် ရန်အောင်စာပေမှ ထုတ်ဝေပြီး တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ဝေထားသည်။

အင်္ဂလိပ်ဘာသာ သိစရာမှတ်စရာ



ဦးသန်းဖေ(ဧည့်လမ်းညွှန်)၏ အင်္ဂလိပ်ဘာသာ သိစရာမှတ်စရာ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါ စာအုပ်သည် အင်္ဂလိပ်ဘာသာကို ထဲထဲဝင်ဝင် လေ့လာနေသူများ၊ ဘာသာပြန်လုပ်ငန်းကို မြေစမ်းခရမ်းပျိုးနေသူများအတွက် သမ္မာရင့်ဝါရင့်ဆရာကြီးတစ်ဦး၏ လေ့လာမှတ်သားစဉ်းစားဆင်ခြင်စရာရေးသားပို့ချချက်များ ဖြစ်သည်။

စာရေးသူက "ဘာသာပြန်ဖြစ်ဖို့ ကြိုးစားနေသူတွေ၊ စကားပြန်အဖြစ် ဖူးပွင့်ပြောင်မြောက်လာမယ့် ပုဂ္ဂိုလ်တွေအနေနဲ့ကတော့ ဒီစာအုပ်ဟာ ရှောင်သင့်တဲ့ အန္တရာယ်ညွှတ်ကွင်းတွေ၊ ဆောင်သင့်တဲ့ အကြံပြုချက်ကလေးတွေနဲ့ ပြည့်နှက်နေတာ တွေ့ရပါလိမ့်မယ်"ဟု အမှာစာတွင် ဖော်ပြထားသည်။ ယင်းစာအုပ်ကို လောကသစ်စာပေ ဖုန်း-၀၁-၂၅၁၃၅၉ တွင် တန်ဖိုးကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားသည်။

ဆေးဝါးမိတ်ဆက်နှင့် ရောဂါအမျိုးအစားအလိုက် ဆေးဝါးလမ်းညွှန်

ဇီဝကမဂ္ဂဇင်း အယ်ဒီတာအဖွဲ့မှ ပြုစုသည့် ၂၀၁၄ ပြည်တွင်းမှာ အသုံးပြုနေသည့် ဆေးဝါးမိတ်ဆက်နှင့် ရောဂါအမျိုးအစားအလိုက် ဆေးဝါးများလမ်းညွှန်စာအုပ် (အတွဲ-၁)ကို ရတနာသိုက်စာပေတိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ ပြည်တွင်း၌ အသုံးများနေသော ဆေးဝါးများကို အဓိကဦးစားပေးဖော်ပြထားပြီး ဆေးဝါးများနှင့် ပတ်သက်၍ ဗဟုသုတရှိစေရန် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်သည်။

ရတနာသိုက်စာပေတိုက် အမှတ် (၁၄၂) ပထမထပ် (၄၇)လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၀၆၉၉ က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

အိန္ဒိယ-မြန်မာ ကုန်သွယ်ရေးလမ်းပိုင်းဖြစ်သော တီးတိန်-ရိဒ်လမ်းပိုင်းကို ငွေကျပ် ၁၅၅ သန်းဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်မည်

ရိဒ် ဇူလိုင် ၁၃

တီးတိန်-ရိဒ်လမ်းပိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၁၀၀ ဖြင့်လည်းကောင်း၊ ပြည်နယ် ရန်ပုံငွေ ၅၅ သန်းဖြင့်လည်းကောင်း စုစုပေါင်းကျပ် ၁၅၅ သန်းဖြင့် ကတ္တရာလမ်းခင်းခြင်း၊ မြေကာန်ရံနှင့်တွဲလျက် သံကူကွန်ကရစ် ရေထုတ်ပြွန်တစ်စင်း၊ ကျောက်လမ်းပြုပြင်ခြင်း၊ ခြောက်မိုင်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းဆိုတာ အိန္ဒိယ-မြန်မာကုန်သွယ်ရေးရဲ့ ဒုတိယအကြီးဆုံးနယ်စပ် ကုန်သွယ်ရေးစခန်းဖြစ်ပါတယ်။ လမ်းတွေကောင်းမွန်မှ ပို့ဆောင်ဆက်သွယ်ရေးတွေ အဆင်ပြေမယ်၊ ဒီဘဏ္ဍာနှစ်မှာ အဆင့်မြှင့်တင်မယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်၊ နောက်ပြီးတော့ ရိဒ်မြို့နယ်မှာ မြန်မာနှင့် အိန္ဒိယနိုင်ငံ မဏိပူပြည်နယ် အိုက်ဇောမြို့ခံတွေကြားမှာ နာမည်ကြီးတဲ့ ရိဒ်ရေကန်ဆိုတာရှိတယ်၊ ဒီရေကန်ကိုလည်း လာရောက်လည်ပတ်တဲ့သူတွေ များတယ်၊ လမ်းကတော့ အမြန်ဆုံးကောင်းမွန်ဖို့လိုပါတယ်"ဟု ရိဒ်ဒေသခံတစ်ဦးက ပြောသည်။

"ဒီလမ်းက နှစ်စဉ်နှစ်တိုင်း မိုးရာသီဆိုပျက်တတ်ပါတယ်၊ တောင်ပြိုတာတွေ၊ လမ်းပိတ်တာတွေ ခဏခဏဖြစ်တယ်၊ လမ်းတွေကလည်း တီးတိန်ကနေ ရိဒ်မြို့အတက်ဘက်ဆိုရင် တော်တော်လေးမတ်တယ်၊ ပွင့်လင်းရာသီဆိုသွားလို့ရပေမယ့် မိုးရာသီဆို သွားလို့မလွယ်တဲ့ လမ်းဖြစ်ပါတယ်။ ဒီလိုနိုင်ငံတော်ကနေ လမ်းတွေကိုအဆင့်မြှင့်တင်မယ်၊ ကတ္တရာလမ်းအဖြစ် ခင်းပေးမယ်ဆိုရင်တော့ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်၊ သွင်းကုန်တွေကလည်း အဆင်ပြေပြီး နိုင်ငံတော်ဘဏ္ဍာတိုးတက်ရရှိလာနိုင်ပါတယ်"ဟု ရိဒ်မြို့သွားယာဉ်မောင်းတစ်ဦးက ပြောသည်။

ချင်းပြည်နယ်အတွင်းရှိ တီးတိန်-ရိဒ်လမ်းပိုင်း ကောင်းမွန်စေရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယကွင်းဆင်းလေ့လာရေးအဖွဲ့လာရောက်ခဲ့ပြီး လမ်းအူကြောင်းရှာဖွေလေ့လာရန် Survey အဖွဲ့လာကာ တိုင်းတာခဲ့ပြီး အိန္ဒိယအစိုးရ၏ ကူညီထောက်ပံ့ငွေ Grent ဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပြီးဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

(လင်းလက်ကြယ်စင်)

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ Ooredooကုမ္ပဏီမှ တာဝါတိုင်ဆောက်

နေပြည်တော် ဇူလိုင် ၁၃

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်အတွင်း ဝန်ထမ်းအိမ်ရာအမှတ် (၁၃၇၃) ရှေ့မျက်နှာစာ၌ ဇူလိုင် ၁၂ ရက်တွင် Ooredoo ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီမှ တာဝါတိုင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆက်သွယ်ရေးတာဝါတိုင်သည်အမြင့် ၄၂ မီတာရှိကြောင်း Ooredoo ကုမ္ပဏီမှ မစ္စတာမိုက်(စ်)က ပြောကြားခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ မြန်မာနိုင်ငံသားများ လက်ကိုင်ဖုန်း ကိုင်ဆောင်နိုင်ရေး လုပ်ဆောင်လျက်ရှိပြီး မကြာမီ ဆင်းကတ်များ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ရပ်ကွက်အတွင်းရှိ ဝန်ထမ်းများနှင့်ပြည်သူများသည် Ooredoo ကုမ္ပဏီမှ လျာထားချက်သတ်မှတ်ချိန်ကာလအတွင်း ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်နေမှုကြောင့် Ooredoo ၏ 3G/4G Networks နှင့်မိုဘိုင်းဖုန်းများလွယ်ကူစွာ အသုံးပြုနိုင်တော့မည်ဖြစ်၍ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

မှျောစာမပါသည့် ဆင်မနှစ်ကောင် မိတ္ထီလာသစ်တောက ဖမ်းဆီး

မိတ္ထီလာ ဇူလိုင် ၁၃

သစ်ထုတ်လုပ်ရန်အတွက် တောင်ငူမြို့မှ ငှားရမ်းတင်ဆောင်လာသည့် ဆင်မနှစ်ကောင်မှာ မှျောစာမပါသဖြင့် မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနက ဇူလိုင် ၁၁ ရက် ညပိုင်းတွင် ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

သတင်းအရ မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခန့်ကြည်ဦးဆောင်၍ သစ်တောဝန်ထမ်းများသည် ပျော်ဘွယ်မြို့နယ်အတွင်းမှ စောင့်ဆိုင်းနေစဉ် တောင်ငူမြို့ ကေတုမတီမြို့သစ်နေ ယာဉ်မောင်းသားငယ်(၃၃)နှစ် မောင်းနှင်လာသည့် ကပရပိုင် ဟီးနိုး သ/---ယာဉ်ပေါ်မှ မှျောစာမပါသည့် ဆင်မနှစ်ကောင်အား တွေ့ရှိ၍ မိတ္ထီလာမြို့နယ် သစ်တောရုံးအတွင်း ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါ ဆင်မနှစ်ကောင်မှာ တောင်ငူမြို့မှ ဆင်ပိုင်ရှင် စောခါးနေမူးပိုင် မော်ကျောက္ကာ(၂၁)နှစ်ရှိ ဆင်မတစ်ကောင်နှင့် တောင်ငူမြို့နေ စောဘူးလေပိုင် မိုတူး(ခ)မိုးအေးထော်(၄၄)နှစ်ရှိ ဆင်မတစ်ကောင်တို့ဖြစ်ကြပြီး ဆင်မနှစ်ကောင်လုံးမှာ ၂၀၁၆ ခုနှစ်အထိ ဆင်လိုင်စင်ဆောင်ပြီးဖြစ်သော်လည်း ပုဂ္ဂလိကပိုင်ဆင်များဖြစ်ကြပြီး မွန်ပြည်နယ်သိမ်ဇရပ်မြို့မှ ကျောက်ဆည်မြို့ ရဲရမန်းကြိုးဝိုင်းတွင် သစ်ထုတ်လုပ်ရန်အတွက် ငှားရမ်းသဖြင့် သွားရောက်ပို့ရာ တောင်ငူသစ်တောဌာနမှ မှျောစာမပါသဖြင့် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနသို့ မှျောစာအတွက် ဒဏ်ငွေပေးဆောင်ပြီးပါက ကျောက်ဆည်မြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ **(၁၁၁)**

တောင်ဥက္ကလာပ အထက(၄)ကျောင်းလမ်း ကိုယ်ထူကိုယ်ထအလှူငွေဖြင့် ပြင်ဆင်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄)တွင် ကျောင်းလမ်းမများ ရေကြီးရေလျှံလျက်ရှိပြီး ကျောင်းသားမိဘများနှင့် အလှူရှင်များက ကိုယ်ထူကိုယ်ထအလှူငွေများဖြင့် ကျောင်းလမ်းပြင်ဆင်ခြင်း၊ မြေဖို့ခြင်းများကို လုပ်ကိုင်လျက်ရှိကြောင်း ဇူလိုင် ၁၁ ရက်ကသိရသည်။ ထိုသို့ပြုလုပ်ဆောင်ရွက်ရာတွင် အလုပ်သမားများက မြွေဟောက်များကို မကြာခဏတွေ့ရှိရပြီး ၎င်းတို့ကို ရှောင်ရှားပြုလုပ်နေရကြောင်း သိရသည်။

"မနေ့ညနေပိုင်းလောက်က လက်ကောက်ဝတ်ခန့်ရှိသည့် မြွေဟောက်တစ်ကောင်ကိုတွေ့ရကြောင်း" စေတနာ့ဝန်ထမ်းကျောင်းအကျိုးတော်ဆောင် မိဘတစ်ဦးက ပြောသည်။

"နေ့ခင်းပိုင်းတောင် ရေထဲမှာသွားနေသည့် မြွေကိုငင်းကိုယ်တိုင်ဓာတ်ပုံရိုက်ယူထားကြောင်း" ပြောသည်။

အဆိုပါကျောင်းတွင် ရေကြီးရေလျှံမှုများဖြစ်ပြီး ကျောင်းလမ်းများရေနစ်မြုပ်နေသည့်အတွက် ရေထဲတွင်ဖြတ်သန်းသွားလာနေရပြီး မြွေအန္တရာယ်ကို စိုးရိမ်နေရသည့်အတွက် ပညာရေးဌာနမှ ကူညီမည့်ဖွံ့ဖြိုးရေး ရန်ပုံငွေကို မျှော်လင့်စောင့်စားလျက်ရှိကြောင်းသိရသည်။ **(ဝင်းမြင့်ထွန်း)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၇)၊ မြေကွက်အမှတ် (၄၂၇)၊ အမည်ပေါက် ဒေါ်ကြည်ကြည်ဝင်း(S/OKA-၀၆၉၈၁၁)၏ မြေချပါမစ်အား အဆင့်ဆင့်ဝယ်ယူထားသူ ဦးဒေးဗစ်သိန်းဝင်း [၁၂/ဒပန(နိုင်)၀၅၂၆၉၃]မှ မြေချပါမစ်မိတ္တူမှန်လျှောက်ထားပြုလုပ်ခဲ့ပြီး ရုံးခွဲစာရင်းမိတ္တူမှန်သွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား ရုံးခွဲစာရင်းမိတ္တူမှန်သွင်းခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၈)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် (ကြော်ငြာချက်)

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ၂၀၁၃-၂၀၁၄ ခုနှစ် ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင် အခြေအနေအတိုင်း ၁၇-၇-၂၀၁၄ ရက် ရုံးချိန်အတွင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး၊ ကင်ပွန်းစခန်း၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၁၈-၇-၂၀၁၄ ရက်၊ နံနက် ၁၀း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်မည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၁။ ရွှေလှောင်စက္ကူ	(၁½ တင်းအိတ်)	=	၁၃၇ အိတ်
၂။ ကန်မြေ	(မြွေခွံအိတ်ပိုင်း)	=	၃၀ အိတ်
၃။ သုတ်ဖတ်	(မြွေခွံအိတ်ပိုင်း)	=	၇ အိတ်
၄။ ရွှေသရိုးဖတ်		=	၇ ပိဿာ ၂ ကျပ်သား ၁၄ပဲ ၇ရွေး

ကျိုက်ထီးရိုးစေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့

ပြည်တွင်းရေးရာ

ဒဂုံရောအဝေးပြေးကားဝင်းအနီး အဝေးပြေးကုန်ကားများ ယာယီရပ်နားခွင့်ရရှိ

ရန်ကုန် ဇူလိုင် ၁၃

လှိုင်သာယာမြို့နယ် ဒဂုံ-ဧရာအဝေးပြေးကားကွင်း အနီးရှိ ကွန်ကရစ်ခင်းထားသောဝင်းအတွင်း လှိုင်သာယာ လမ်းကြောင်းအတိုင်း ရန်ကုန်သို့ ဝင်ရောက်လာသော ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းဒေသ တို့မှ ကုန်ကားမျိုးစုံအနေဖြင့် ယာဉ်ပိတ်ဆို့မှုများကြောင့် သက်ဆိုင်ရာမှ ယာယီရပ်နားခွင့်ပြုမှုရှိလာကြောင်း မိုးရာသီ အတွင်းအခမဲ့ရပ်နားခွင့်ပြုသည်ဟု ဇူလိုင် ၁၂ ရက် အဝေး ပြေးကုန်စည်ပို့ဆောင်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ပြုလုပ်သော အဆိုပါဒေသသို့ ကုန်စည်ပို့ဆောင်သည့် ကားဂိတ်တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲတွင် အဆိုပါအသင်း ဥက္ကဋ္ဌဦးလှဦးက ပြောကြားခဲ့သည်ဟု တွေ့ဆုံပွဲတက်ရောက် လာသော ကားဂိတ်တာဝန်ခံတစ်ဦးက ဆိုသည်။

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ လျော့ကျချိန် မိုးရာသီတွင် ကုန်ကားများရပ်နားရာတွင် ဘုရင့်နောင်ပွဲရုံဝင်း ဘုရင့်နောင်လမ်းမဘေးတို့တွင် ရပ်နားလေ့ရှိရာ ယာဉ် ကြောပိတ်ဆို့မှုဖြစ်စေကြောင်း ဇူလိုင် ၇ ရက်မှ ၁၀ ရက်ထိ လေးရက်တိုင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်ပိတ်ဆို့မှု သည် ညပိုင်းထိဖြစ်ခဲ့၍ ကုန်စည်ပို့ဆောင်ရေးနှင့် ပွဲရုံ လုပ်ငန်းများ ထိခိုက်မှုရှိလာကြောင်း ဘုရင့်နောင်ခုံးကျော် တံတားအပေါ်ဆုံးအလွှာတွင် ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲမှုမရှိသော်လည်း ယာဉ်ကြောပိတ်ဆို့မှုကို အကြောင်းပြု၍ ခရီးသည်တင်ယာဉ်ကြီးများအပါအဝင် ဒိုင်နာယာဉ်များပါ အပေါ်ခုံးအလွှာပေါ်မှ ပြေးဆွဲနေသည် ကို မြင်တွေ့ရသည်ဟု ခရီးသွားတစ်ဦးက ဆိုသည်။

လှိုင်သာယာလမ်းကြောင်းမှ မြစ်ဝကျွန်းပေါ်ဒေသနှင့် ဂွ-သံတွဲကဲ့သို့ ရခိုင်ပြည်နယ်တောင်ပိုင်းဒေသများသို့ ကုန်စည်ပို့ဆောင်နေသော ကားဂိတ်ပေါင်း ၃၆ ဂိတ် ဝန်းကျင်ရှိပြီး ပျမ်းမျှနေ့စဉ် ကုန်ကားမျိုးစုံ ၁၅၀ ဝန်းကျင် ဝင်ရောက်မှုရှိကြောင်း မြစ်ဝကျွန်းပေါ်ဒေသသွား ကုန်ကား မောင်းသူတစ်ဦးက ဆိုသည်။

မြစ်ဝကျွန်းပေါ်ဒေသကဲ့သို့ အထက်မြန်မာပြည်မှ လာသော ကုန်ကားမျိုးစုံ ယာယီရပ်နားဖို့ နေရာ သတ်မှတ်ရန်စီစဉ်နေကြောင်းလည်း သိရှိရပြီး ယာယီရပ် နားကွင်းမှသည် မန္တလေး၊ ပုသိမ်၊ ဟင်္သာတမြို့များကဲ့သို့ ကုန်တင်ယာဉ်ရပ်နားစခန်းများ သီးသန့်ဖွင့်လှစ်ပေးရန် ရန်ကုန်ကားဂိတ်ပိုင်ရှင်များက မျှော်လင့်နေကြကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် တိုက်ခန်းငှားရမ်းခနှုန်းထားများ ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် စိတ်သောကဖြစ်နေရသော ဘုရင့်နောင်ပွဲရုံဝင်းအတွင်း နှစ်စဉ်တိုက်ခန်းငှားရမ်း နေရသော ကားဂိတ်လုပ်ငန်းရှင်များက ဆိုသည်။

ပုသိမ်နှင့် ဟင်္သာတမြို့တို့တွင် အဝေးပြေးကုန်တင် ယာဉ်ရပ်နားစခန်းများဖွင့်လှစ်ပြီး မြို့တွင်းသို့ အဝေးပြေး ကုန်ကားများ တိုက်ရိုက်ဝင်ရောက်ကုန်ချခွင့်မရှိဘဲ ကုန်တင်ယာဉ်အငယ်များဖြင့်သာ ကုန်ချိန်း၍ မြို့တွင်း ကုန်ချခွင့်ပြုသဖြင့် ယင်းမြို့များတွင် ယာဉ်ပိတ်ဆို့မှုများ အထိုက်အလျောက်ကျဆင်းလာကြောင်း အဆိုပါခရီးသွား ကုန်ကားပိုင်ရှင်တစ်ဦးက ဆိုသည်။

(မောင်စေအောင်)

❖

မြို့ပတ်ရထားပေါ်တွင် လုယက်မှုကျူးလွန်သူ သုံးဦးအနက် တစ်ဦး ဖမ်းမိ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်မြို့ပတ်ရထားပေါ်တွင် လုယက်မှုကျူးလွန်သူ သုံးဦးအနက် တစ်ဦးအား ဇူလိုင် ၉ ရက် နံနက်ပိုင်း က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြီးခဲ့သော ဇူလိုင် ၈ ရက် ည ၈ နာရီခွဲက ကမာရွတ် မြို့နယ်နေ ဒေါ်ခင်ဆုဆုဇော်သည် လှိုင်မြို့နယ် အုတ်ကျင်းဘူတာမှ လှည်းတန်းဘူတာသို့ မြို့ပတ်ရထား စီး၍လိုက်ပါလာခဲ့ရာ ကမာရွတ် ဘူတာအထွက်အရောက် ရထား ပေါ်ပါ လူငယ်သုံးဦးတို့က ၎င်းအား အရှည် တစ်ပေခန့်ရှိ ဓားဖြင့်ထောက် ကာ ၎င်းဝတ်ဆင်ထားသော ရွှေဆွဲ ကြိုးတစ်ကုံး၊ ဟန်းချိန်းတစ်ခု၊ လက်စွပ် သုံးကွင်းနှင့် ငွေကျပ် ၁၅၀၀ တို့အား လုယက်ယူဆောင်ပြီး လှည်းတန်း ဘူတာမရောက်မီ ရထားပေါ်မှ ခုန်ဆင်းထွက်ပြေးသဖြင့် စုံစမ်း အရေးယူပေးရန် ကမာရွတ်မြို့မ ရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင် များသည် အမှုမှ တရားခံများ ဖမ်းဆီး ရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ ဖြစ်မှုကျူးလွန်ရာတွင် ပါဝင်သူလူငယ် တစ်ဦးမှာ ကမာရွတ်မြို့နယ်တွင် နေထိုင်သော လက်ကျိုး(ခ) ဇင်မင်း ထွန်းဖြစ်ကြောင်း စုံစမ်းသိရသဖြင့် ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် ၎င်းအား ဖမ်းဆီးရမိကြောင်း သိရ သည်။

ထိုသို့စစ်ဆေးခဲ့ရာ ၎င်းသည် ဇူလိုင် ၈ ရက်တွင် ယခင်က ခင်မင် ရင်းနှီးသူများဖြစ်သည့် မွှေးနီ(စုံစမ်းဆဲ)၊ ရေခဲ(စုံစမ်းဆဲ)တို့နှင့်အတူ အင်းစိန် မြို့နယ် ကြို့ကုန်းဘူတာမှ မြို့ပတ် ရထားစီးနင်း၍ ရန်ကုန်ဘူတာကြီး ဘက်သို့လိုက်ပါလာခဲ့ရာ လှိုင်မြို့နယ် အုတ်ကျင်းဘူတာအရောက် ၎င်းတို့တွဲ ပေါ်သို့ အမျိုးသားတစ်ဦးနှင့် အမျိုး သမီးတစ်ဦးတို့လိုက်ပါလာခဲ့ကြောင်း၊ ကမာရွတ်ဘူတာမှ ရထားပြန်ထွက်စဉ် ၎င်းမှ ဓားတစ်ချောင်းဖြင့် ရထားတွဲ အတက်အဆင်းပေါက်တွင် စောင့်နေ ခဲ့ပြီး မွှေးနီမှ အုတ်ကျင်းဘူတာမှ တက်လာသော အမျိုးသားအား ဓားဖြင့်ထောက်ထားကာ ရေခဲမှ အမျိုးသမီးအား ဓားဖြင့်ထောက်၍ ရွှေထည်ပစ္စည်းများကို လုယူခဲ့ ကြောင်း၊ လှည်းတန်းဘူတာမရောက်မီ ရွာမ ကျောင်းလမ်းကျော်အရောက် တွင် ၎င်းတို့သုံးဦးရထားပေါ်မှခုန်ဆင်း ခဲ့ပြီး ဓားများအား ရထားလမ်းပေါ် တွင် လွှင့်ပစ်ခဲ့ကြောင်း၊ ဇူလိုင် ၉ ရက် တွင် ၎င်းတို့သုံးဦး လုယူရရှိခဲ့သော ရွှေထည်ပစ္စည်းများအား ပန်းဘဲတန်း မြို့နယ် ရွှေဘုံသာလမ်းရှိ ရွှေဆိုင် တစ်ဆိုင်တွင် ရောင်းချခဲ့ပြီး ခွဲဝေယူခဲ့ ရာ ငွေကျပ် ၃၀၀၀၀ ရရှိခဲ့ကြောင်းဖြင့် စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်မှုကျူးလွန်သူ လက်ကျိုး(ခ)ဇင် မင်းထွန်းအား ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေး တိမ်းရှောင်နေသော မွှေးနီနှင့် ရေခဲတို့အား ဖမ်းဆီးရမိရေး စုံစမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

(စိုးဝင်း-MLA)

❐

နယူးယောက် ဇူလိုင် ၁၃

အဝလွန်သူများ အရိုးအဆစ်ရောင်ပါက နာကျင်မှုပိုခံစားရ

ဘာသာပြန် – ဒေါက်တာသာစိန်



အဝလွန်သူများသည် အဝမလွန်သူ များ (ပုံမှန်ကိုယ်အလေးချိန်ရှိသူများ) ထက် ဒူးဆစ်၌ အရိုးအဆစ်ရောင် ရမ်းနာဖြစ်ပါက ပို၍နာကျင်မှုခံစား ရကြောင်း မကြာသေးမီက ပြုလုပ် သော လေ့လာဆန်းစစ်မှုတစ်ရပ်အရ သိရသည်။

ယခင်လေ့လာဆန်းစစ်ချက်များ တွင် အဝလွန်သူများ အထူးသဖြင့် အမျိုးသမီးများမှာ အရိုးအဆစ်ရောင် ရမ်းမှုပို၍ဖြစ်ပွားသည့်အပြင် အရိုး အဆစ်ရောင်ရမ်းမှုဖြစ်ပွားပါကလည်း အခြားသူများထက် ပို၍ပြင်းပြင်း ထန်ထန်ခံစားရကြောင်း၊ ယခုလေ့လာ ဆန်းစစ်ချက်တွင်လည်း ဝဖြိုးသူများ မှာ ပိန်သူများထက် အရိုးအဆစ် ရောင်ရမ်းနာဖြစ်ပွားပါက နာကျင်မှု ပို၍ခံစားရသည်ကို တွေ့ရှိရကြောင်း ဆိုသည်။

ကယ်လီဖိုးနီးယားပြည်နယ် San Jose State တက္ကသိုလ်မှ မနုဿဗေဒ ပညာရှင်တစ်ဦးဖြစ်သူ အဲလစ်ဇဘက် ဝေ့စ်က လက်ချောင်း၊ လည်ပင်း၊ ဒူးဆစ် နှင့်တင်ပါးတို့ရှိ အရိုးအဆစ် တစ်လျှောက် တွယ်ကပ်နေသော အရိုးနုများ သေးသွား (သို့မဟုတ်) ပါးသွားပါက အရိုးအဆစ်ရောင်မှု ဖြစ်ပေါ်ကြောင်း၊ အရိုးအဆစ်ရောင်မှု ကြောင့် အရိုးများ ပွတ်တိုက်ကြရာမှ လမ်းလျှောက်ခြင်းအပါအဝင် နေ့စဉ် လှုပ်ရှားမှုများပြုလုပ်သည့်အခါ နာကျင် မှုဖြစ်ပေါ်လာကြောင်း ဆိုသည်။

ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန များ၏ ထုတ်ပြန်ချက်အရ အမေရိကန် ပြည်ထောင်စုတွင် အသက် (၂၅)နှစ် အထက်ရှိ ပြည်သူ ၁၄ ရာခိုင်နှုန်းမှာ အရိုးအဆစ်ရောင်ရမ်းနာ တစ်မျိုး (သို့မဟုတ်) တစ်မျိုးကို ခံစားရလေ့ ရှိကြောင်း သိရသည်။

မနုဿဗေဒပညာရှင် အဲလစ် ဇဘက်ဝေ့စ်သည် အရိုးအဆစ်ရောင် ရမ်းခြင်းကိုသိရှိရန် အသက်(၄၅)နှစ်မှ (၇၉)နှစ်အထိရှိသော လူပေါင်း ၅၀၀၀ နီးပါးကို လေးနှစ်ကြာ သုတေသနပြု လေ့လာဆန်းစစ်ခဲ့ သည်။ ၎င်းလေ့လာဆန်းစစ်ခဲ့သော လူပေါင်း ၅၀၀၀ နီးပါးအနက် ၁၃၉၀ မှာ အရိုးအဆစ်ရောင်ရမ်းသူများ ဖြစ်ပြီး ၃၂၈၄ ဦးမှာ အရိုးအဆစ် ရောင်ရမ်းနာဖြစ်ပွားရန် အလား အလာရှိသူများဖြစ်ကာ ၁၂၂ ဦးမှာ အရိုးအဆစ်ရောင်ရမ်းနာ လုံးဝ မရှိသူများဖြစ်ကြောင်း ဆိုသည်။

(ရိုက်တာ)

◆

သစ်တင်ရေယာဉ်မှ ချင်းတွင်းတံတား(မုံရွာ)တိုင်အား ပွတ်တိုက်မိရာ ရေယာဉ်ဝမ်းဗိုက်ဂဟေဆက် ခြောက်လက်မခန့်ဟသွား

မုံရွာ ဇူလိုင် ၁၃

ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီ ၅၅ မိနစ်က ရေယာဉ်အုပ် ဦးရွှေဘ (၅၂)နှစ် ဇီးကျွန်းကျေးရွာ ရေစကြိုမြို့နယ် မောင်းနှင်သည့် ရွှေသံသာဟိန်း ကုမ္ပဏီပိုင် ဇေယျာမြိုင်ကြီး (၂) ရေယာဉ်သည် အင်၊ ကညင်သစ်လုံးများ တင်ဆောင် လာစဉ် မုံရွာမြို့ အလုံရပ်ကွက်ရှိ ချင်းတွင်းတံတား တိုင်အမှတ် P2 နှင့် P3 ကြားဝင်ရောက်ပြီး တိုင် အမှတ် P3 အောက်ခြေခုံ ဘယ် ဘက်ခြမ်းအား တွဲတွန်းယာဉ်ဖြင့် ပွတ်တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါအခင်းဖြစ်ပွားရာနေရာသို့ စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်း ဦးစီးဌာနဦးစီးအရာရှိ ဦးတင်ထွန်း အောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေး ခဲ့ရာ တံတားတိုင်မှာ ပျက်စီးမှုမရှိဘဲ တွန်းယာဉ်၏ ဝမ်းဗိုက်ဂဟေဆက် ခြောက်လက်မခန့် ဟသွားခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

သွေးသည် အသက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ်(၁၀၉၆)၊ မြေကွက် တည်နေရာအမှတ်(၁၀၉၆)၊ ကြာနီလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်(ဦးအောင်ကြိုင်) (BGE-၁၄၂၆၄၅) အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက်ဦးအောင်ကြိုင် ကွယ်လွန် သဖြင့် ဒေါ်မြင့်မြင့်တင်[၇/ပတန(နိုင်)၀၂၈၀ ၇၇]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လောကတွင် အစစ်ရှိသလို အတုလည်းရှိသည်။ တစ်ခါတစ်ရံ အတုကိုအစစ်၊ အစစ်ကို အတုဟုထင်မှတ်ကြပြီး အတုနှင့် အစစ်ခွဲရန် ခက်လှသည်။ အတုနှင့်အစစ် ဘယ်ဟာယူမလဲမေးရင် အစစ်ကိုသာ ယူမည်ဟု ဖြေကြမည်သာဖြစ်သည်။ အစစ်ကို လိုကာမှ အတုနှင့်မိပြီး အတုတောတွင် နှစ်မြောနေသော ကမ္ဘာ့လူသား သန်းပေါင်းများစွာရှိ၏။ အခြားကို မဆိုလိုပါ။ ရုပ်ရှင်ကြည့်ပရိတ်သတ်များကို ဆိုလိုခြင်းဖြစ်သည်။ ရုပ်ရှင်သည် အနုပညာ၊ သဏ္ဌာန်လုပ် သရုပ်နှင့်တူအောင် ဖန်တီးကြရသည်။ သဏ္ဌာန်လုပ်သည်ဆိုသည့်အတွက် အစစ်မဟုတ်၊ တုပပြနေခြင်းသာ တုနေမှန်းသိလျက် အငိုက်မိကြသည်။ ဘေးကကြည့်လျှင် ရယ်စရာ၊ ရုပ်ရှင်ကြည့်ပြီး ရယ်လိုက်ငိုလိုက် မျက်ရည်ကျသူကကျ၊ ဒေါသထွက်သူကထွက်၊ အာရုံတို့သည် အတု၏ ဆွဲဆောင်ရာသို့ တစ်ကောက်ကောက်၊ ထိုသို့ဘာကြောင့်ဖြစ်ရသနည်းဆိုသော် ရုပ်ရှင်ကို ပြည်သူတွေချစ်လို့။

မျက်ရည်တစ်ပေါက်၏ တန်ဖိုး

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

ရုပ်ရှင်လောကတွင် သေနတ်အတု၊ ဓားအတု၊ သွေးအတု၊ မျက်ရည်အတု စသည်ဖြင့် မလွှဲသာ၍ အတုသုံးကြသော်လည်း အစစ်ကိုရနိုင်လျှင် မရရအောင် ရှာတတ်ကြသည်။ စွန့်စားမှု၊ အချိန်၊ ငွေထည့်မတွက်အား ရိုက်ချက်ကောင်းရဖို့သာ အရေးကြီး၏။ အနုပညာကို ရောင်းကုန်လိုသဘောထားပြီး ပေါင်ခတ်သတ်မှတ်၍ မရ။ Discovery ကိုတော့ လူတိုင်း စိတ်ဝင်စားကြသည့်အတွက် သိပြီးဖြစ်မည်။ ကြည့်သူက တစ်ခဏ၊ ထိုတစ်ခဏကြည့်ရဖို့အရေး ဖန်တီးသူများဘက်က များစွာအချိန်ပေးရသည်။

တောရိုင်းတိရစ္ဆာန်တို့သည် လူနှင့်နီးရာမှာမနေ။ သို့အတွက် ရိုက်ကူးသူတို့သည် လူသူအရောက်အပေါက်နည်းသည့် တောတောင်လျှိုမြောင်တွေကြား စွန့်စွန့်စားစား ခဲရာခဲဆစ်သွားကြရသည်။ စိတ်ကြိုက်ရိုက်ချက်ကောင်း တစ်ကွက်ရဖို့ အချိန်ကို တိတိကျကျ သတ်မှတ်၍မရ။ ဖွဲကောင်းကောင်းဖြင့် စောင့်ဆိုင်းရိုက်ကြရသည်။ လူအား၊ ငွေအားစက်မှုနည်းပညာအားတွေ ပုံအောပြီး အချိန်ပေးရိုက်ကြရသည့်အတွက် ကာလကြာမြင့်၏။ သို့သော် ကြာသလောက်ကောင်းပြီး ကောင်းသလောက် ကျော်လေသည်။ အစစ်ကို ရှာဖွေတင်ပြကြရာတွင် မြန်မာ့ရုပ်ရှင်သည်လည်း နောက်ကျမကျန်၊ သာဓကအားဖြင့် ၁၉၃၅ ခုနှစ်က မြန်မာအဆွေ(ခ) အေဝမ်းဖလင်မှ ဒါရိုက်တာ ဦးတင်မောင်(အလက်ာကျော်စွာ အေဝမ်းဦးတင်မောင်)ရိုက်ကူးခဲ့သည့် "နီလာရောင်" ဇာတ်ကားတွင် စတန့်မင်းသား ရဲခေါင်ချစ်ရွှေ မိကျောင်းအစစ်နှင့် တကယ်သတ်ပုတ်ပြခဲ့သည်။

၁၉၆၂ ခုနှစ်က ဒါရိုက်တာရှုမဝဦးကျော် ရိုက်ကူးခဲ့သည့် "ရွှေရင်သိမ်းသစ်" ဇာတ်ကားတွင် မင်းသမီးစမ်းစမ်းအေး (အကယ်ဒမီ ရှုမဝစမ်းစမ်းအေး) ကုန်တင်လော်လီကားကြီးနောက်မှ ဖက်တွယ်လိုက်ပါသွားပြီး လက်အံသေ၍ ပြုတ်ကျသည့်အခန်း၊ လူစားမထိုး၊ ကင်မရာလှည့်စားချက်မပါ။ မင်းသမီးကိုယ်တိုင် စွန့်စားရိုက်ကူးခဲ့သည်။

အစစ်ကိုရှာကြသည့်အထဲ ကိုရီးယားရုပ်ရှင်အနုပညာရှင်များ အစစ်ကိုရအောင် ရှာပုံလေးတင်ပြချင်သည်။ တစ်လောက မိတ်ဆွေတစ်ဦး လက်ဆောင်ပေး၍ ကိုရီးယားရုပ်ရှင်ဇာတ်ကားတစ်ကား ကြည့်လိုက်ရသည်။ ကိုရီးယားနိုင်ငံတွင် ပြသပြီးဖြစ်သော်လည်း မြန်မာပြည်သို့ မဖြန့်သေး၊ မကြာမီ ရောက်လာမည်ဟု ထင်ပါသည်။

ဇာတ်ကားအမည်က "နှစ်ညအိပ်သုံးရက်ခရီး"ဇာတ်လမ်းက ရိုးရိုးလေး၊

> **၁၉၆၂ ခုနှစ်က ဒါရိုက်တာရှုမဝဦးကျော် ရိုက်ကူးခဲ့သည့် "ရွှေရင်သိမ်းသစ်" ဇာတ်ကားတွင် မင်းသမီးစမ်းစမ်းအေး (အကယ်ဒမီရှုမဝစမ်းစမ်းအေး) ကုန်တင်လော်လီကားကြီး နောက်မှ ဖက်တွယ်လိုက်ပါသွားပြီး လက်အံသေ၍ ပြုတ်ကျသည့် အခန်း၊ လူစားမထိုး၊ ကင်မရာလှည့်စားချက် မပါ။ မင်းသမီး ကိုယ်တိုင် စွန့်စားရိုက်ကူးခဲ့သည်။**

သို့သော် တင်ပြပုံဆန်းသည်။ ကိုရီးယားနိုင်ငံသို့ ငွေရှာထွက်လာကြသည့် နိုင်ငံရပ်ခြားမှ လုပ်သားများဘဝကို လူသားချင်းစာနာထောက်ထားသော အမြင်ဖြင့် ရိုက်ကူးတင်ပြထားသည်။ မင်းသမီးမပါ၊ အလှမဖက်၊ ချစ်ကြိုက်ကွဲညား၊ မဲပြာပုဆိုး၊ အလွမ်းအဆွေးဇာတ်ကားမျိုးမဟုတ်။

စားဝတ်နေရေးအတွက် လူတိုင်းအလုပ်လုပ်ကြရသည်။ တချို့ရေကြည်ရာ၊ မြက်နုရာ နိုင်ငံရပ်ခြားသို့သွားရောက် ငွေရှာကြရသည်။ နိုင်ငံခြားမှအဆင်ပြေ၍ ပြန်လာကြသည့်အခါ သာမန်အားဖြင့် အားကျစရာကောင်းသော်လည်း မည်မျှ ရင်းခဲ့ရသည့်ကိုတော့ ဘေးကကြည့်၍မသိနိုင်။ နိုင်ငံရပ်ခြားသွားသည်ဆိုရာတွင် ရက်ပိုင်း၊ လပိုင်းဖြင့်မပြီး။ နှစ်နှင့် ချီ၍နေကြရသည်။ လွမ်းတိုင်း၊ ဆွေးတိုင်း အိမ်ပြန်ပြေး၍မရ။ နီးသောခရီးမဟုတ်။ စရိတ်ကြီးသည်။ ကျန်ရစ်သူကလည်း စိုးတထိတ်ထိတ်၊ သွားသူကလည်း စိုးတထိတ်ထိတ်၊ အရေးရှိလို့မှ ပြေးကြဖို့မလွယ်။ မိဘဆွေမျိုး၊ ဇနီး၊ သားနှင့် အမိနိုင်ငံကိုစွန့်ခွာ နှလုံးသားကို တံတားခင်းပြီးသွားကြရသည်။ ကိုရီးယားသည် ယနေ့အခါ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်အတွက် နိုင်ငံရပ်ခြားတိုင်းပြည်များမှ လုပ်သားများ လာရောက်လုပ်ကိုင်နေကြရာ ကိုရီးယားအနုပညာရှင်များက ထိုလုပ်သားများကိုကြည့်ပြီး စိတ်ထိခိုက်သွားပုံရ၏။ အလားတူ ပရိသတ်ကိုလည်း သိစေချင်သည်။ မြန်မာအတွေးဖြင့်ကြည့်လျှင် အတော့်ကို အကုန်အကျခံရိုက်ကူးထားသည့် ဇာတ်ကားတစ်ကား။

ထိုဇာတ်ကားတွင် ဇာတ်လမ်းအရ ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်နေကြသော ကိုရီးယားနယ်ခံလုပ်သားများနှင့် နိုင်ငံရပ်ခြားမှ လာရောက်လုပ်ကိုင်ကြသည့် လုပ်သားများအတူတကွ လုပ်ကိုင်ကြရင်း မိတ်ဆွေသူငယ်ချင်းများ ဖြစ်သွားကြသည်။ အလုပ်ပိတ်ရက်ရှည်ရသည့်အခါ အနားယူအပန်းဖြေခရီးအဖြစ် ပင်လယ်ကမ်းခြေတစ်နေရာသို့ အပျော်ခရီး ထွက်ခဲ့ကြသည်။ လမ်းခရီးတစ်လျှောက် ရယ်စရာမောစရာတွေနှင့် စကြ၊ နောက်ကြ၊ စားလိုက်ကြ၊ ကစားလိုက်ကြ။ အလုပ်တွင် ပင်ပန်းသမျှ အပျော်ခရီးတွင် စိတ်လွတ်ကိုယ်လွတ်နေခဲ့ကြပြီး စားသောက်အနားယူကြပြီးနောက် ညဘက် အပျင်းပြေ ဗီဒီယိုတိပ်ခွေထိုးကြည့်ကြသည်။ ထိုအခါ တီဗွီဖန်သားပြင်ပေါ်သို့ ကြည့်ရင်းကြည့်ရင်း မမျှော်လင့်ဘဲ နိုင်ငံရပ်ခြားမှ လုပ်သားများနှင့် သက်ဆိုင်သည့် မိသားစုများပုံတွေ ပေါ်လာသည်။ မိသားစုများ၏ ပြောဟန်ဆိုဟန်နှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လုပ်သားများကို အောက်မေ့သတိရသည့် အကြောင်းအရာများပါလာသည်။ ပြောကြဆိုကြရင်း မျက်ရည်ဝဲ၊ မျက်ရည်ကျ လွမ်းဆွတ်သတိရ၊ ဆို့နင့်ကြေကွဲဖွယ်ရာအဖြစ်များကို တွေ့မြင်ကြရပြန်သည်။ ဘေးကလူများလည်း မနေနိုင်၊ မျက်ရည် တဝဲဝဲ။

ထိုသို့ဖြစ်အောင် ကိုရီးယားရုပ်ရှင်အဖွဲ့သည် လျှို့ဝှက်စွာကြိုတင်စီမံထားခဲ့၏။ မည်သို့ကြိုတင်စီမံခဲ့သည်ကိုသိမှ သူတို့၏အနုပညာအပေါ်ထားသည့် စိတ်စေတနာပေါ်လွင်ပေမည်။ စာရေးသူ၏မိတ်ဆွေ ဦးတိုးမောင်၏ပြောပြချက်အရ သားဖြစ်သူ မောင်ရဲအောင်သည် ကိုရီးယားတွင် အလုပ်လုပ်နေသည်။ သား၏လိပ်စာအရ ကိုရီးယားရုပ်ရှင်အဖွဲ့သည် မြန်မာပြည်ရှိ ကိုရီးယားကိုယ်စားလှယ်ရုံးခန်းမှတစ်ဆင့် ဦးတိုးမောင်ထံဆက်သွယ်လာသည်။ ဦးတိုးမောင်နှင့်မိသားစုများကို တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ရိုက်ကူးခဲ့ကြပြန်သည်။ အလားတူ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့လည်း သွားရောက်တွေ့ဆုံရိုက်ကူးခဲ့ကြသည်။

ထို့နောက် ထိုမိသားစုများအားလုံးကို ရုပ်ရှင်ကုမ္ပဏီမှ အသွားအပြန်စရိတ်ငြိမ်း အကုန်အကျခံကာ ကိုရီးယားနိုင်ငံသို့ ခေါ်ယူခဲ့သည်။ ကိုရီးယားသို့ရောက်သည်နှင့် ထိုဇာတ်ကားနှင့်သက်ဆိုင်သော ထုတ်လုပ်သူ ဒါရိုက်တာ၊ မင်းသားနှင့် ရုပ်ရှင်အဖွဲ့သားများက လှိုက်လှဲစွာကြိုဆိုခဲ့ကြပြီး ကိုရီးယားတွင် နေထိုင်စဉ်အတွင်း လိုလေသေးမရှိ နေရာအနှံ့လေ့လာရေး အပန်းဖြေခရီးအဖြစ် လိုက်ပို့ပေးပြီး အပြန်ခရီးမှာ ငွေကြေးအချို့ကိုလည်း လက်ဆောင်အဖြစ်ပေးလိုက်၏။ လိုချင်သော ရိုက်ချက်တစ်ခုရဖို့ အချိန်ယူကာ အကုန်အကျခံအလေးဂရုပြုကြသည်မှာ မှတ်သားစရာ။

လျှို့ဝှက်ချက်တစ်ခုတော့ထားသည်။ ဒါကလည်း ရိုက်ချက်ကောင်းရဖို့ အလွန်အရေးကြီးသည့် ကိစ္စ၊ ရုပ်ရှင်ရိုက်ကူးဖို့ စတင်စီစဉ်သည်မှ သက်ဆိုင်ရာနိုင်ငံအလိုက် မိသားစုများထံသို့ ဆက်သွယ်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့သွားရောက်၍ မိသားစုများနှင့်တွေ့ဆုံပြီး မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးခြင်း၊ ကိုရီးယားနိုင်ငံသို့ ထိုမိသားစုများကိုခေါ်ဆောင်ခြင်းစသည့် ကိစ္စအဝဝကို ကိုရီးယားတွင် အလုပ်လုပ်နေသော သက်ဆိုင်ရာလုပ်သားများလုံးဝမသိစေရ။ သက်ဆိုင်ရာ မိသားစုများအားလုံးကိုလည်း မေတ္တာရပ်ခံနှုတ်ပိတ်ထားသည်။ ကိုရီးယားသို့ ထိုမိသားစုများ ရောက်ရှိသည့်အခါ နိုင်ငံအလိုက် ခွဲခြားပြီး လျှို့ဝှက်စွာထား၏။

ကင်မရာပေါင်းများစွာကတော့ နေရာအသီးသီး ထောင့်အသီးသီးမှာ အသင့်၊ မောမောပန်းပန်းနှင့် ဘုမသိဘမသိ အလုပ်မှပြန်လာကြသော လုပ်သားများ မမျှော်လင့်ဘဲ မိမိတို့သိပ်တွေ့ချင်နေသည့်သူများကို ရုတ်တရက်ဘွားခနဲ မျက်ဝါးထင်ထင်တွေ့မြင်လိုက်ကြရသောအခါ-

နှလုံးသားစက်ကွင်းသည် သံလိုက်ဆွဲအားထက် ပြင်း၏။ ဆွဲငင်အား၊ ရိုက်ခတ်တုန်ခါမှုအားတွေကြောင့် မျက်ဝန်းမှတစ်ဆင့် တွန်းကန်ထွက်လာသော မျက်ရည်တို့သည် တစ်လိမ့်ခြင်း၊ တစ်လိမ့်ခြင်း တားမနိုင် ဆီးမရ အပြိုင်အဆိုင် တသွင်သွင်စီးဆင်းကြလေတော့သည်။

ဖန်တီးသူ အနုပညာရှင်တို့၏ ရသမြောက်အစွမ်းအစသည် ပရိသတ်၏ မျက်ရည်ကို ခြွေချနိုင်စွမ်းရှိသည်။

သြော်-မျက်ရည်တစ်ပေါက်၏ တန်ဖိုးသည် ကြီးမားလှချေတကား----။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကျပ်သိန်း(၅၀)နှင့်အထက် လုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါကျပ်သိန်း(၅၀)နှင့်အထက်လုပ်ငန်းများအား ဆောင်ရွက်လိုသော လုပ်ငန်းရှင်များသည် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးကော်မတီရှိ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ သတ်မှတ်ထားသော အဆိုပြုလွှာ၊ စည်းကမ်းချက်များနှင့်အညီ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ တင်ဒါအဆိုပြုလွှာနှင့်အတူ ဆောက်လုပ်ခွင့်လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။ ကျပ်သိန်း(၅၀)နှင့်အထက် လုပ်ငန်းအသေးစိတ်စာရင်းများအား ဤမြို့နယ်စည်ပင်သာယာရေးကော်မတီရုံးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအား ၂၈-၇-၂၀၁၄ရက်၊ နံနက် ၉း၀၀ နာရီတွင် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၌ ကျင်းပမည်ဖြစ်ပြီး နောက်ကျရောက်ရှိသူများအား တင်ဒါတင်သွင်းခွင့်ပြုမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းများကို ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးဖုန်း-၀၈၅-၂၂၃၂၅၊ ၀၈၅-၂၂၀၁၈၊ ၀၈၅-၂၂၁၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးကော်မတီ



ရိုးမားဘယ်နောက်ခံကစားသမား ဒိုဒိုအား အင်တာခေါ်ယူ

အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ ဘရာဇီး ဘယ်နောက်ခံကစားသမား ဒိုဒိုသည် ရိုးမားအသင်း သို့ ချယ်လ်ဆီး နောက်တန်းကစားသမား အက်ရှ်လေကိုးလ် ရောက်ရှိလာခဲ့ပြီးနောက် ရိုးမားအသင်း၏ အီတလီ စီးရီး အေပြိုင်ဘက်ဖြစ်သော အင်တာမီလန်အသင်းသို့ ပြောင်း ရွှေ့ခဲ့ပြီဖြစ်သည်။

အင်တာမီလန်အသင်းက ဘရာဇီး ဘယ်နောက်ခံ ကစားသမား ဒိုဒိုအား ပြောင်းရွှေ့ကြေးယူရို ကိုးသန်းပေး၍ ခေါ်ယူလိုက်ခြင်းဖြစ်သည်။ အင်တာမီလန်အသင်းက ဒိုဒိုအား ပြောင်းရွှေ့ကြေး ၁ ဒသမ ၂ သန်းဖြင့် နှစ်ရာသီ အငှားဖြင့်ခေါ်ယူ ရန်စီစဉ်ခဲ့သော်လည်း လက်ရှိတွင် နောက်ထပ် ယူရို ၇ ဒသမ ၈ သန်းထပ်ဆောင်းပေးကာ ယူရိုကိုးသန်းဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ဘရာဇီးနောက်တန်းကစားသမား ဒိုဒို သည် အင်တာမီလန်အသင်းတွင် ၂၀၁၉ ခုနှစ် ဇွန်လ အထိ ဆက်ရှိနေမည့် စာချုပ်တစ်ရပ်ချုပ်လိုက်ခြင်းဖြစ် သည်။ အင်တာမီလန်အသင်းသည် ပြီးခဲ့သည့်ဘောလုံး ရာသီက ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲခဲ့ရပြီး ယခုနှစ်တွင် ဘရာဇီးဘယ်နောက်ခံကစားသမား ဒိုဒိုရောက်ရှိလာပြီ ဖြစ်သောကြောင့် ၎င်းအနေဖြင့် အင်တာမီလန်အသင်းအား စီးရီးအေ၏အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်အောင်စွမ်း ဆောင်ပေးမည်လားဆိုသည်နှင့်ပတ်သက်၍ စောင့်ကြည့် ရမည့် အနေအထားတစ်ရပ်ဖြစ်သည်။

"ကစားသမားတိုင်းဟာ ချန်ပီယံလိဂ်မှာ ကစားချင် ကြပါတယ်။ ကျွန်တော့်အနေနဲ့လည်း အင်တာမီလန်နဲ့ အတူ ချန်ပီယံလိဂ်ဝင်ခွင့်ရပြီး ချန်ပီယံလိဂ်မှာ ကစားခွင့်ရ ဖို့လည်း မျှော်လင့်ထားပါတယ်"ဟု အသက် ၂၂ နှစ် အရွယ် ရှိ နောက်ခံလူဒိုဒိုက ပြောကြားခဲ့သည်။ **[နိုင်လင်းကြည်]**

မိုချန်ဂလာဘတ်တိုက်စစ်မှူး ဒီဂျောင်အားပီအက်စ်ဗွီခေါ်ယူ



ဂျာမန်ဘွန်ဒက်လီဂါတွင် နှစ်နှစ်ကြာကစားပြီးနောက် သွင်းဂိုးရှစ်ဂိုးအထိ သွင်းယူထားသည့် အသက်(၂၃)နှစ် အရွယ်ရှိ တိုက်စစ်မှူးဒီဂျောင်သည် ပီအက်စ်ဗွီအိုင်ဟို ဗင်အသင်းသို့ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆို ကာ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူးဒီဂျောင်သည် ပြီးခဲ့သည့်ဘောလုံးရာသီ ဒုတိယရာသီဝက်တွင် နယူးကာဆယ်အသင်းသို့ အငှား ဖြင့် သွားရောက်ကစားခဲ့ပြီး လက်ရှိတွင် ပီအက်စ်ဗွီအသင်း သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဗွီအသင်းနှင့် ဆွေးနွေးမှုများသည် အပြုသဘောဆောင်သည့်ဆွေးနွေး မှုများဖြစ်သည့်အပြင် ပီအက်စ်ဗွီအသင်း၌ ကစားရမည်ကို ပျော်ရွှင်မိကြောင်းလည်း ဒီဂျောင်ကဆိုသည်။

ဆွစ်ဇာလန်နွယ်ဖွား တိုက်စစ်မှူးဒီဂျောင်သည် နယ် သာလန်အသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲ ခုနစ်ပွဲအထိ ကစား ပေးထားပြီး တစ်ဂိုးသွင်းယူထားသည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်က တွမ်တီးအသင်းမှ ဂလာဘတ်သို့ ရောက်ရှိကာ ဂလာဘတ်အသင်းအတွက် ရှစ်ဂိုးအထိ စံချိန်တင်သွင်း ယူပေးနိုင်ခဲ့သူဖြစ်သည်။

[ငွေကြယ်]

မန်စီးတီးတိုက်စစ်မှူး ဂျိုဗီတစ်အားခေါ်ယူရန် အင်တာမီလန်ပစ်မှတ်ထား

အီတလီ ထိပ်သီးကလပ် အင်တာမီ လန်အသင်းသည် လာမည့်ဘောလုံး ရာသီတွင် အသင်း၏တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် မန်စီးတီး အသင်း၏ မွန်တီနီဂရိုးတိုက်စစ်မှူး ဂျိုဗီတစ်အား ခေါ်ယူရန် စိတ်ဝင်စား လျက်ရှိကြောင်းသိရသည်။ အင်တာမီ လန်အသင်းသည် ဂျိုဗီတစ်အား ခေါ်ယူရန် ကာလရှည် စိတ်ဝင်စားနေ ခဲ့ခြင်းဖြစ်ပြီး လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် အသင်းသို့ အရောက် ခေါ်ယူသွားနိုင်ဖွယ်ရှိ ကြောင်း အီတလီမီဒီယာများက ဖော်ပြခဲ့သည်။

အင်တာမီလန်အသင်းမှာ ပိုင်ရှင်သစ်ဖြစ်သူအင်ဒိုနီးရှားလူမျိုး အဲရစ်သိုဟာ လက်ထက်တွင်ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်နေခြင်းဖြစ်သလို ၎င်းခေါ်ယူလိုသည့် ကစားသမား စာရင်းတွင် ဂျိုဗီတစ်မှာ ထိပ်ဆုံး

နေရာ၌ရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။ ထို့ပြင် ၎င်း၏ အေးဂျင့်ဖြစ်သူကလည်း ဂျိုဗီတစ်မှာ မန်စီးတီးအသင်းမှထွက်ခွာလိုနေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားထားခဲ့သည်။ မန်စီးတီးအသင်းသည် ဂျိုဗီတစ်အား ပြီးခဲ့သည့်ဘောလုံးရာသီက ဖီအိုရင်တီးနားအသင်းမှ ပေါင် ၂၂ သန်းဖြင့် ခေါ်ယူထားခဲ့ခြင်းဖြစ်သော်လည်း ၎င်းမှာ အသင်းတွင် ပုံမှန်နေရာရရှိရန် ရုန်းကန်ခဲ့ရသည်။ ထို့ကြောင့် မန်စီးတီး အသင်းတွင် မပျော်မရွှင်ဖြစ်နေသည့် ဂျိုဗီတစ်အား အီတလီကလပ် အင်တာမီလန်က ခေါ်ယူသွားရန် စောင့်ကြည့်နေခြင်းဖြစ်ပြီး ပြီးခဲ့သည့်ရက်ပိုင်းက မန်စီးတီးအသင်းထံ တရားဝင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။ သို့သော် မန်စီးတီးအသင်းမှာ ဂျိုဗီတစ်အား ပြောင်းရွှေ့ကြေး အနည်းငယ်ဖြင့်လက်လွှတ်လိုခြင်း မရှိဘဲ ပေါင်သန်း ၂၀ ဝန်းကျင်ခန့်ပေးချေမှသာ ရောင်းထုတ်သွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ **(ကိုရဲ)**

သတ္တမအကြိမ်မြောက် မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီ ဉက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲနှင့် သက်တမ်းအလိုက်လူငယ်တံခွန်စိုက်ပြိုင်ပွဲ ကျင်းပ

သတ္တမအကြိမ်မြောက် မန္တလေး တိုင်းဒေသကြီးစစ်တုရင်ဆပ်ကော်မတီ ဉက္ကဋ္ဌဖလားစစ်တုရင်ပြိုင်ပွဲနှင့် သက် တမ်းအလိုက်လူငယ် တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုအောင်မြေသာ စံမြို့နယ် မြို့မတူရိယာအသင်းတိုက် ခန်းမတွင် ယနေ့နံနက် ၉နာရီခွဲက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော် မတီဉက္ကဋ္ဌ ၊အမျိုးသားလွှတ်တော်ကိုယ် စားလှယ် ပါမောက္ခ ဒေါက်တာစိုးထွန်း အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေး မှူး ဦးဝေဇင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး စစ်တုရင်ကော်မတီ အတွင်းရေးမှူး ၊အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး ဦးနေဝင်းက ပြိုင်ပွဲစည်း ကမ်းချက်များကိုရှင်းလင်း ပြောကြား သည်။

ယင်းနောက် ဒေါက်တာစိုးထွန်းနှင့် ဦးဝေဇင်တို့က ပြိုင်ပွဲ၏ ပထမရွှေ့ ကွက်ကို ရွှေ့ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ သည်။ အဆိုပါ ပြိုင်တွင် အပြည်ပြည် ဆိုင်ရာ စစ်တုရင် အသင်းလိုက်ပြိုင်ပွဲ ၊ သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်တစ်ဦးချင်းပြိုင်ပွဲ နှစ်မျိုး ယှဉ်ပြိုင်ကြမှာဖြစ်ပြီး အသင်းလိုက် တွင် ကလပ်အသင်း(၈)သင်းနှင့် အသက်(၁၀-၁၂၊၁၂-၁၄၊၁၄-၁၆၊၁၆-၁၈၊၁၈-၂၀)အောက်လူငယ်(၈၀) ကျော်အတန်းခြောက်တန်းပါဝင်ယှဉ် ပြိုင်ကြကြောင်း သိရသည်။ **(ဝ၀၂)**

၂၀၁၄ ကမ္ဘာ့ဖလား တတိယနေရာလုပွဲ အနိုင်/အရှုံးရလဒ်

[၁၃ - ၇ - ၂၀၁၄]

ဘရာဇီး ၀ - ၃ နယ်သာလန်

ဗန်ပါစီ (၃ မိနစ်) (PK)
ဘလိုင်း (၁၇ မိနစ်)
ဝီနယ်လ်ဒမ်း(၉၀ မိနစ်)



တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်လတ်မြို့နယ်၊ ဆင်တာကျေးရွာအုပ်စု၊ ညောင်ပင်စုကျေးရွာနေ မအေးမြသူ [၁၄/ကလန(နိုင်)၁၄၁၆၂၄]၏ဖခင်ဦးတင်ထွန်း [၁၄/ကလန(နိုင်)၀၄၉၉၈၄]နှင့် ဦးမောင်တင်ထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးတင်ထွန်း(ခ)ဦးမောင်တင်ထွန်း

NORTHERN INYA
Residence
A unique luxury residence development in Yangon
NORTHERN INYA
Only 21 exclusive units available, all units will be indulged with 180° uninterrupted panoramic views.
ရန်ကုန်မြို့၏ အချက်အချာကျသော အထင်ကရ လမ်းမပေါ်ရှိ ဆိတ်ငြိမ်အေးချမ်းသော နေရာတွင်
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းဖြင့် တည်ဆောက်မည့် (Condominium) အား မိတ်ဆက်ခြင်း
Sales Office : No. 56A, Shwe Kanary Housing, Lay Daung Kang Road, Thingangyun Tsp., Yangon, Myanmar. Tel : +95-1-564536, 573456, +95-9-43125582, 43125583
Development by Htun Myat Aung Co., Ltd.

ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးတွင် ဝါဆိုလပြည့်နံနက်ပိုင်းက ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် အထူးစည်ကားခဲ့



ညောင်ဦး၊ ဇူလိုင် ၁၃

ညောင်ဦးမြို့၊ ရွှေစည်းခုံဘုရားကြီးပရဝုဏ်အတွင်း ဝါဆိုဦးဖြစ်သည့် ဝါဆိုလဆန်း ၁၅ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့က ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့၊ ရွှေစည်းခုံဘုရားကြီးသို့ ညောင်ဦးမြို့နှင့်အနီးတဝိုက်ကျေးရွာများမှလည်းကောင်း၊ မြို့ပေါ်ရပ်ကွက်အသီးသီးရှိ ဗုဒ္ဓဘာသာဝင်သူတော်စင်များမှလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗုဒ္ဓဘာသာဝင် ဧည့်သည်တော်များမှလည်းကောင်း နေ့ထူးနေ့မြတ်အဖြစ် ညောင်ဦးမြို့၊ ရွှေစည်းခုံဘုရားကြီးတွင် လာရောက်ကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဝါအဝင် နေ့ထူးနေ့မြတ်တွင် ရွှေစည်းခုံဘုရားကြီး သပိတ်တော်တွင်းသို့ သူ့ထက်ငါဦးအောင် ဆွမ်းများချက်ပြုတ်လောင်းလှူ ပူဇော်ကြသည်။ မြို့ပေါ်ရပ်ကွက်မှ အဖိတ်နေ့တွင် ခံယူရရှိခဲ့သော သစ်သီး၊ ဆွမ်း၊ ဘောစဉ်၊ ခဲဖွယ်၊ ဝတ္ထုပစ္စည်းများကို ဆွမ်းတော်ကြီးခံ ဗျောအဖွဲ့မှ သူ့ထက်ငါဦးအောင် လာရောက်လှူဒါန်းကြသည်။

ရွှေစည်းခုံ ဘုရားကြီးသို့ ဗျောအဖွဲ့များမှ သာယာနာပျော်ဖွယ် မြန်မာသံစဉ် တေးသီချင်းများနှင့်လည်းကောင်း၊ ဓမ္မတေးသီချင်းများနှင့်လည်းကောင်း သီဆိုတီးမှုတ်၍ စေတီတော်မြတ်ကြီးကို လက်ျာရစ်လှည့်ပတ် ပူဇော်ခဲ့ကြသည်။ ထိုကဲ့သို့ အဖိတ်နေ့မှ တစ်မြို့လုံးပတ်ပြီး အလှူခံရခဲ့သော ဝတ္ထုပစ္စည်းများကို ဥပုသ်နေ့နံနက်အစောတွင် အရုံဆွမ်းဆက်ကပ် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ဝါတွင်းသုံးလပတ်လုံး အဖိတ်နေ့နှင့် ဥပုသ်နေ့တိုင်း ဆွမ်းတော်ကြီးခံပြီး ဆွမ်းတော်ကြီးလောင်းကုသိုလ်ပွဲကို ရှေးရိုးမပျက် ပြုလုပ်သွားမည်ဟု ရပ်ကွက်နေ ဆွမ်းတော်ကြီးခံ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

အလားတူ ငှက်ပစ်တောင်ဘုရားတွင်လည်း ကုသိုလ်ကောင်းမှုပြုသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ဝါဆိုလပြည့်နေ့တွင် ရပ်ကွက်ဘုန်းတော်ကြီးကျောင်းများအတွင်း သီလဆောက်တည်သူများ၊ တန်ခိုးကြီးဘုရားများတွင် ကုသိုလ်ကောင်းမှုပြုလုပ်သူများနှင့် အထူးစည်ကားလျက်ရှိသည်။ **ကျော်ဌေး**

ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လှူဒါန်း

မင်းဘူး၊ ဇူလိုင် ၁၃

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ ကြီးပင်ကန်ကျေးရွာအုပ်စု၊ ကြီးပင်ကန် အမှတ်(၁) ကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းဝန်းအတွင်း တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်နိုင်ရန်အတွက် အလှူရှင်၊ မင်းဘူးမြို့ မန်းရေနံမြေ MPRL E & Pte, ltd အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်ကိုယ်စား Field Manager ဦးခင်မောင်ဌေးမှ ပေ ၆၀ × ၃၀ ပေ × ၁၂ ပေ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ကြီးပင်ကန်ရွာ၊ ကျောင်းဆောက်လုပ်ရေးကော်မတီသို့ အလှူငွေကျပ်သိန်း ၂၀၀ ကို မင်းဘူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဇူလိုင် ၃ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

MPRL E & Pte, ltd သည် မင်းဘူးမြို့နယ်အတွင်း လိုအပ်ချက်များအား ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**

ဒဟတ်ပင်ရေနံမြေတွင် မီးလောင်မှုဖြစ်ပွား

မင်းလှ၊ ဇူလိုင် ၁၃

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဒဟတ်ပင်ရေနံမြေလုပ်ကွက် အမှတ် (၅) တွင် ဇူလိုင် ၁၁ ရက်ညက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဒဟတ်ပင်ရေနံမြေလုပ်ကွက် အမှတ်(၅)တွင် နိုင်စိုး အသက် ၃၃ နှစ်၊ ပဒါန်းကျေးရွာ၊ ငဖဲမြို့နယ်နေသူသည် အရက်သောက်စားမူးယစ်ပြီး ၎င်း၏ဇနီးဖြစ်သူနှင့် တဲအတွင်း စကားများရန်ဖြစ်ရာ အနီးရှိ ဓာတ်ဆီပုံးအား တိုက်မိမှောက်ကျပြီး အနီးတွင်ထွန်းထားသည့် ခြင်ဆေးခွေနှင့် ထိမိ၍ မီးစတင်ကူးစက် လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

၎င်း၏တဲ (၃×၂) ပင်၊ သက်ငယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း မီးလောင်ကျွမ်းခဲ့ပြီး အဆိုပါတဲနှင့်ကပ်လျက်ရှိသည့် ဦးမျိုးမင်း၏ (၃×၄) ပင်၊ သွပ်မိုးထရံကာ၊ ဝါးကြမ်းခင်း မြေစိုက်တဲများ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် အနီးရှိလူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရကြောင်း၊ အဆိုပါမီးလောင်မှုကြောင့် တဲ ၂ လုံး၊ တန်ဖိုးငွေကျပ် ၅ သိန်းကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

၎င်းမီးလောင်မှုကြောင့် မီးကူးစက်လောင်ကျွမ်းစေသူ နိုင်စိုးအား မင်းလှမြို့နယ်၊ မြို့မရဲစခန်းက (ပ)၉၉/၂၀၁၄၊ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ခင်လေး(မကွေး)**

မိတ္ထီလာတွင် အင်တာနက် အခမဲ့ပြန်လည်သုံးစွဲနိုင်

မိတ္ထီလာ၊ ဇူလိုင် ၁၃

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဝိုင်ဖိုင် (WiFi) ဖြင့် အင်တာနက် အခမဲ့ပြန်လည်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ခရိုင်ပြန်/ဆက်ရုံးမှာ အရင်တုန်းက ဝိုင်ဖိုင် (WiFi) အင်တာနက် အခမဲ့လာရောက်သုံးစွဲသူများအနေနဲ့ အခုပြန်လည်သုံးစွဲနိုင်ပြီဖြစ်ပါတယ်။ အရင်က စကိုင်းနက် အင်တာနက်လိုင်းအမျိုးအစားကို ADSL အင်တာနက်လိုင်းအမျိုးအစားကို ပြောင်းလဲတပ်ဆင်ထားပြီး လိုင်းဆွဲအားကိုလည်း ဝမ်းမတ်စ်အစား တူးမတ်စ်အထိ နှစ်ဆတိုးမြှင့် ပြောင်းလဲတပ်ဆင်ထားတာမို့ ဝိုင်ဖိုင်(WiFi) သုံးစွဲသူတွေအနေနဲ့ အင်တာနက်လိုင်း ယခင်ထက်ကောင်းမွန်စွာ ရယူသုံးစွဲနိုင်ပါတယ်" ဟု အဆိုပါရုံးမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

မိတ္ထီလာခရိုင်ပြန်/ဆက်ရုံးတွင် ယခင်က ရုံးစာကြည့်တိုက်သို့ စာအုပ်စာပေလာရောက်ငှားရမ်း ဖတ်ရှုသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အင်တာနက်သုံးစွဲသူများသည် ၎င်းတို့၏ လက်တော့ပ်၊ မိုဘိုင်းဖုန်း၊ တက်ဘလက် စသည့် အီလက်ထရောနစ် မီဒီယာပစ္စည်းများဖြင့် ရုံးမှအခမဲ့ထုတ်လွှင့်ပေးထားသည့် ဝိုင်ဖိုင် (WiFi) အင်တာနက်လိုင်းကို နေ့စဉ်လာရောက်သုံးစွဲလေ့ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ပုလဲမြို့တွင် အုန်းပင်တွင်းတံတား ပြန်လည်ပြင်ဆင်

ပုလဲ၊ ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ပုလဲမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ပြည်သူများ အန္တရာယ်ကင်းဘေးရှင်းစွာ သွားလာနိုင်ရေးအတွက် တောင်ပိုင်းရပ်ကွက်တွင် တည်ရှိသည့် အုန်းပင်တွင်း အုတ်ခုံခံ သစ်သားတံတားကို ငွေကျပ်သိန်း ၃၀ အကုန်ကျခံကာ ပြန်လည်ပြင်ဆင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ဒီတံတားက ရွှေဥဒေါင်းချောင်းပေါ်မှာ တည်ရှိပြီး ပုလဲမြို့နယ်နဲ့ ဆားလင်းကြီးမြို့နယ် အတွင်းရှိ ပြည်သူများ သွားလာကြတာဖြစ်ပါတယ်။ နှစ်စဉ်မိုးတွင်းအခါ ချောင်းရေက တံတားကို ဝင်တိုးတာမို့ ခရီးသွားပြည်သူများအတွက် အန္တရာယ်မဖြစ်ရလေအောင် မြို့နယ်စည်ပင်သာယာရေးကော်မတီရဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၃၀ နဲ့ အလျား ၅၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေရှိ အုတ်ခုံခံ သစ်သားတံတားကို ဇွန် ၃၀ ရက်က စတင်ပြီး ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ပါတယ်။ လုပ်ငန်းပြီးစီးမှုအနေဖြင့် ၇၅ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး ဇူလိုင် ၂၀ ရက် လောက်မှာ ပြီးစီးမှာဖြစ်လို့ ဒီတံတားကို အမှီပြုပြီးသွားလာနေတဲ့ ခရီးသွားပြည်သူများ အန္တရာယ်ကင်းဘေးရှင်းစွာ သွားလာနိုင်ပြီဖြစ်ပါတယ်" ဟု ပုလဲမြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ဦးမြင့်ဝေက ပြောသည်။

ပုလဲမြို့မှ လက်သမားဆရာကြီး ဦးရွှေက "ဒီတံတားက ဆားလင်းကြီးမြို့နယ်အတွင်းမှာရှိတဲ့ ရွာသမင်း၊ အောင်ပန်းနဲ့ တဲကြီးကျေးရွာများ၊ ပုလဲမြို့နယ်အတွင်းရှိတဲ့ ရွာထင်၊ ရွှေလောင်း၊ ကြိုးကြာဥ၊ သဲတော စသောကျေးရွာများမှာရှိတဲ့ ပြည်သူများက ပုလဲမြို့နဲ့ ကုန်စည်ကူးသန်းရောင်းဝယ်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် ကူးလူးဆက်ဆံရာမှာ အဓိကအသုံးပြုပြီးတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ တံတားဟာ လမ်းထက်လည်း နိမ့်ပြီး ရွှေဥဒေါင်းချောင်းရေ ကြောင့် ပျက်စီးလုဖြစ်နေချိန်မှာ နဂိုမူလတံတားအမြင့် ရှစ်ပေကို နှစ်ပေထပ်မြှင့်ပြီး ပြုပြင်သင့်တဲ့နေရာပြုပြင်၊ လဲသင့်တာလဲနဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီက ကျပ်သိန်း ၃၀ အကုန်ကျခံကာ ပြင်ဆင်တည်ဆောက်ပေးတာကြောင့် ပြည်သူများ အန္တရာယ်ကင်းဘေးရှင်းစွာ သွားလာနိုင်ပြီဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။ **မြင့်သိန်းစိုး(ပြန်/ဆက်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၇-၂၀၁၄ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၁၇-၇-၂၀၁၄ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၂ နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V WHITE MIYABI V.5 သင်္ဘောသည် ၁၆-၇-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ် အမှတ်(၁) ရပ်ကွက် (၆၄-နားမခေါ် ရပ်) မြေဧရိယာ (၁. ၀၀)ဧကအား မြေငှားရမ်းခြင်းလုပ်ငန်း/သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းအား ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များကို အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီထိ

တင်ဒါစိစစ်မည့်နေရာ - လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့) မွန်းတည့် ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် လားရှိုး ကုန်စည်ပို့ဆောင်ရေးဌာနခွဲတွင် ၁၄-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၈၂-၂၈၀၆၃၊ ၀၉-၅၂၆၂၉၉၈







စစ်ကိုင်းတိုင်းဒေသကြီး မေတ္တာကြယ်စင်(ကသာ) လူမှုကူညီရေးအသင်း မှ ကသာမြို့ ဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်

ကသာ၊ ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၌တည်ရှိသော မေတ္တာကြယ်စင် (ကသာ)လူမှုကူညီရေးအသင်းကြီးမှ ကသာမြို့ ဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကသာမြို့၊ ဘိုးဘွားရိပ်သာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားအဖွင့်မိန့်ခွန်းကို ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းမှ ပြောကြားရာတွင် ပြောင်းလဲလာသောအခြေအနေ၌ လူမှုရေးအသင်းများ၏ကဏ္ဍသည် အရေးပါလာကြောင်း၊ တစ်ဦးကိုတစ်ဦး အပြန်အလှန်ကူညီစောင့်ရှောက်ခြင်းဖြင့် အခက်အခဲများကို ပြေလည်စေနိုင်သဖြင့် အားပေးကြောင်း ပြောကြားခဲ့သည်။

လူမှုကူညီရေးအသင်း၏ အလှူငွေပေးအပ်ပွဲကို တက်ရောက် စကားပြောခွင့်ရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ယခုလို လိုအပ်သည့်နေရာများတွင် လှူဒါန်းမှုပြုနေသည်ကို ကြည့်၍သာဓုခေါ်မိကြောင်း ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားခဲ့သည်။

မေတ္တာကြယ်စင်(ကသာ)အဖွဲ့၏ ဒု-ဥက္ကဋ္ဌ ဦးကောင်း (ရန်းဆေးတိုက်)မှ လှူဒါန်းရခြင်းအကြောင်း၊ အသင်းစတင်ဖြစ်လာပုံနှင့် လှူဒါန်းခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မေတ္တာကြယ်စင်(ကသာ) အသင်းမှပေးအပ်သော အလှူငွေနှင့် ဆေးဝါးများကို ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌ ဦးမြတ်စံမှလက်ခံခဲ့ကြောင်း သိရသည်။တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ကသာခရိုင်/မြို့နယ် အမျိုးသမီးရေးရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တက်ရောက်လာသူများနှင့် ဧည့်ပရိတ်များမှလည်း တစ်ဦးချင်း ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အေးလွင်(ကသာ)

ညောင်ဦးတွင် မြင်းခြံနယ်မှ သစ်သီး၊ ပန်းအလှနှင့် အရိပ်ရပျိုးပင်များ လာရောက်ရောင်းချ

ညောင်ဦး၊ ဇူလိုင် ၁၃

ညောင်ဦးတွင် မြင်းခြံမြို့နယ် ဆင်တဲကျေးရွာမှ ဒေသခံပြည်သူများသည် သစ်သီး၊ ပန်းအလှနှင့် အရိပ်ရပျိုးပင်များကို စီးပွားဖြစ်စိုက်ပျိုးကြပြီး ဥပုသ်နေ့ ဈေးပိတ်ရက်များတွင် ညောင်ဦးမြို့သို့ လာရောက်ကာ လူစည်ကားသည့် မဏိစည်သူဈေးအနီး နံနက်ပိုင်းတွင် ခင်းကျင်းရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါရောင်းချသည့် သစ်ပင်နှင့် ပန်းပင်များ ချစ်မြတ်နိုးသူ ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များက ဝယ်ယူအားပေးကြ၍ ပျိုးပင်ရောင်းချသူများ လုပ်ငန်းတွင်ကျယ်လျက်ရှိကြောင်း သိရသည်။

၎င်းသစ်သီး၊ ပန်းအလှနှင့် အရိပ်ရပျိုးပင်များတွင် လူကြိုက်များပြီး အရောင်းအဝယ်ကောင်းသည့် နှင်းဆီပင်၊ ကံ့ကော်ပင်၊ သနပ်ခါးပင်၊ ကျောက်ခက်ပင်၊ အုန်းပွားပင်၊ စံပယ်ကြက်ရုန်း၊ ရွက်လှ၊ ဇော်ဂျီထောင့်မွှေး၊ ဖွန်ပန်းပင်၊ ရှောက်ပင်၊ သံပုရာပင်၊ မာလကာပင်များစသည့် ပျိုးပင်များကို အများဆုံးစိုက်ပျိုးရောင်းရကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် ကာလာစုံနှင်းဆီတစ်ပင်လျှင် (အသေး၊ အကြီး) ပေါ်မူတည်ကာ ကျပ် ၇၀၀ မှ ၁၅၀၀ ခန့်၊ အုန်းပွားတစ်ပင် ကျပ် ၂၀၀၀ မှ ၃၅၀၀ ခန့်၊ ကျောက်ခက်ပင်တစ်ပင်လျှင် ကျပ် ၁၅၀၀၊ တောထန်းတစ်ပင် ကျပ် ၁၅၀၀ခန့် ရရှိခဲ့ကြောင်းသိရသည်။

ထို့ပြင်ကံ့ကော်တစ်ပင်လျှင် ကျပ် ၁၅၀၀၊ ဖွန်ပန်းတစ်ပင်လျှင် ကျပ် ၅၀၀၊ ရွက်လှ တစ်ပင်လျှင် ကျပ် ၅၀၀ မှ ၁၀၀၀၊ သနပ်ခါးတစ်ပင် ကျပ် ၅၀၀၊ ရှောက်ပင်နှင့် သံပုရာတစ်ပင်လျှင် ကျပ် ၅၀၀ မှ ၈၀၀၊ မာလကာပင်တစ်ပင်လျှင် ကျပ် ၃၀၀တို့ဖြင့် ရောင်းချရကြောင်း၊ အရိပ်ရပင်များ၌ အရွယ်အမျိုးအစား အမျိုးမျိုးရှိကြရာ ကျပ် ၁၅၀၀ မှ ၆၀၀၀ ခန့်ထိ ရောင်းချရကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ဝက်လက်မြို့နယ် အခြေခံသမအသင်းများသို့ ဒုတိယအကြိမ် ထုတ်ချေးငွေပေးအပ်

ဝက်လက်၊ ဇူလိုင် ၁၃

ဝက်လက်မြို့နယ် သမဝါယမအသင်းစုအနေဖြင့် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့ထံမှတစ်ဆင့် ရရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှရရှိသော ချေးငွေများအား ကျေးရွာလယ်ယာထုတ်ကုန်အသင်းများသို့ ဒုတိယအကြိမ် ထုတ်ချေးငွေပေးအပ်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါအသင်းစုရုံးတွင် ကျင်းပခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် မြို့နယ် စီ/ခန့်အဖွဲ့ဝင် ဒေါ်ဆွေဆွေသန့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်နွဲ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှရရှိသော ချေးငွေများအား မြို့နယ်အတွင်းရှိ ကျေးရွာလယ်ယာထုတ်ကုန်အသင်းသားတောင်သူများသို့ ဇန်နဝါရီလက ပထမအကြိမ် ထုတ်ချေးပေးခဲ့သည်။

ယခု ဒုတိယအကြိမ်အဖြစ် ထုတ်ချေးငွေပေးခြင်းဖြစ်ကြောင်း ချေးငွေကာလမှာ ခြောက်လလျှင်တစ်ကြိမ်၊ အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ လျှင် တစ်ကျပ်ခွဲနှုန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးပေါ်ရွှင်က ယခုကဲ့သို့ ချေးငွေများထုတ်ချေးပေးခြင်းကို နောက် ၄၊ ၅ နှစ်အကြာတွင် သ/မအသင်းများအနေဖြင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရေး ရည်ရွယ်ပြီး ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

၎င်းနောက် မြို့နယ်အတွင်းရှိ အသင်းစု ၆၆ သင်း၊ အသင်းသားဦးရေ ၅၀၉၀ ဦးကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းစီဖြင့် ငွေကျပ် ၅၀၉၀ သိန်းကို အသင်းစုများထံသို့ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

နန်းမြင့်(ပြန်/ဆက်)

ဆိုင်ကယ်နှင့်စက်ဘီး မျက်နှာချင်းဆိုင်တိုက်မိရာမှ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

ကြံခင်း၊ ဇူလိုင် ၁၃

ကြံခင်းမြို့၊ မြို့မရပ်ကွက်ရှိ ကြံခင်း-ဆိပ်သာကားလမ်းမကြီး (မက်သနောလ်လမ်းဆုံ) အနီးတွင် ဇူလိုင် ၁၀ ရက် ည ၈ နာရီခွဲခန့်က မြို့လယ်အင်းရွာမှ ကြံခင်းဖက်သို့ အောင်ကျော်သူမောင်းနှင်လာသော တရုတ်နိုင်ငံလုပ် JLM-110 အနက်ရောင်ဆိုင်ကယ်နှင့် ကြံခင်းဖက်မှ ကိုဝင်းမော်ဆိုသူ စီးနင်းလာသော စက်ဘီးတို့ မျက်နှာချင်းဆိုင်တိုက်မိကြကြောင်းသိရသည်။

အဆိုပါ မျက်နှာချင်းဆိုင်တိုက်ရာတွင်နှစ်ဦးစလုံး ကတ္တရာလမ်းမပေါ် လဲကျပြီး ဆိုင်ကယ်မောင်းနှင်းသူ အောင်ကျော်သူတွင် ညာဘက်မျက်နှာနှင့် လက်တို့ ပွန်းပဲ့ဒဏ်ရာ အနည်းငယ်ရရှိ၍ စက်ဘီးစီးနင်းသူ ကိုဝင်းမော်မှာ ဦးခေါင်းဝဲဘက်ဂျိုစောင်းတွင် သွေးထွက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြသည်။

အချင်းဖြစ်နေရာသို့ ကြံခင်းမြို့မရဲစခန်းမှ တာဝန်ကျရဲအရာခံ အေးကိုနှင့်အဖွဲ့ ရောက်ရှိကြ၍ ဒဏ်ရာရရှိသူနှစ်ဦးစလုံးအား ကြံခင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသစေခဲ့ကြောင်းသိရသည်။

ဒဏ်ရာရရှိသည့် စက်ဘီးစီးနင်းသူ သမ္ဘုရာအင်းကြီးရွာ၊ ကဇင်းကြီးအုပ်စု၊ ကြံခင်းမြို့နယ်နေ ကိုဝင်းမော် အသက် ၃၅ နှစ်မှာ ဦးခေါင်းသွေးထွက်ဒဏ်ရာဖြင့် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲခန့်တွင် ကြံခင်းမြို့ပြည်သူ့ဆေးရုံ၌ သေဆုံးသွားခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ ကြံခင်းမြို့၊ မြို့မရပ်ကွက်နေ အောင်ကျော်သူ အသက် ၁၈ နှစ်အား ကြံခင်းမြို့မရဲစခန်းမှ အမှုစစ် ဒု-ရဲအုပ်အောင်နိုင်ဦးမှ (ပ)၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၇၉/၃၃၇/၃၃၈/၃၀၄-က ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးဌေးမင်း**

အမည်ပြောင်းခြင်း
အထက(၂)ကြည့်မြင်တိုင်၊ ဒသမတန်း(A) မှမသင်းသီတာစိုးအား မသီတာခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အထက(၁)ဒသမတန်း(I)မှ ပညာသင်ကြားနေသော မဆုမြတ်ထွန်း၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ရွှေ ဖြစ်ပါကြောင်း။
ဦးခင်မောင်ရွှေ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာနှစ်အတွင်း အောက်ပါဆောက်လုပ်ရေးနှင့် ပစ္စည်းဝယ်ယူရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ဆောက်လုပ်ရေးလုပ်ငန်း
(၁) ရုံးဆောက်လုပ်ခြင်း (၁)လုံး
(၂) ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၂)ထပ် (၁)လုံး
(၃) ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ (၂)ထပ် (၁)လုံး
(၄) ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ (၁)ထပ် (၁)လုံး
(၅) ဝန်ထမ်းအိမ်ရာလုံးချင်း (၁)လုံး

(ခ) ရုံးသုံးစက်ကိရိယာ
Air Con 2HP (၁)လုံး/မီးအားမြှင့်စက်၊ Computer နှင့်အခြားပစ္စည်းများ

(ဂ) ရုံးသုံးပရိဘောဂ
Sofa Setting (၁)စုံ/ ကုလားထိုင်နှင့်ဖိုင်တင်စင်

(ဃ) မော်တော်ယာဉ်
Toyota FIELDER (2009) (X-G Edition) (သို့) (S-Grade) (၁)စီး

၂။ အိတ်ဖွင့်တင်ဒါများပုံစံနှင့်စည်းကမ်းများကို ၁၄-၇-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၈-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဖုန်း-၀၆၃-၂၇၄၈၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မကွေးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
နေပြည်တော်
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သည့် အောက်ပါပစ္စည်း(၇)မျိုးကို ယှဉ်တွဲပါအရေအတွက်များအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

အရာရှိကြီးစားပွဲ (၁)လုံး၊ အရာရှိငယ်စားပွဲ (၃)လုံး၊ အရာရှိကုလားထိုင် (၆)လုံး၊ စာရေးစားပွဲ (၁၂)လုံး၊ ရိုးရိုးကုလားထိုင် (၁၂)လုံး၊ ကွန်းဗီရို (၅)လုံးနှင့် ဖိုင်တင်စင် (၈)ခု

၂။ အဆိုပါ အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၂၅-၇-၂၀၁၄ရက် ညနေ ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ရုံးအမှတ်(၅၁)၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနသို့ လာရောက်ပေးပို့တင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးအမှတ်(၅၁)၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၀၂၈၆၊ ၄၃၀၁၄၆ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Upper Keng Tawng) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 18/DHPI/Admixture/2014-2015

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	အရေအတွက်
1.	Water-reducing Admixture	Drum	162

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၄-၈-၂၀၁၄ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် (၆၀) ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီများ တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ အမှတ်(၁) ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဂိတ်အမှတ်(၃) အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊
၀၉-၄၂၀၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်- ၀၆၇-၄၁၃၅၃၁

တရုတ်နိုင်ငံမှဆန်ဝယ်လိုအားများလာမှုကြောင့် ကလေးမြို့ဆန်ဈေးမြင့်တက်

ကလေး၊ ဇူလိုင် ၁၃

ကလေးမြို့တွင် ယခင်က ၂၄ ပြည်ပါ တစ်အိတ်ကို (ဧရာမင်း-သန့်) ဆန်ဈေးနှုန်း ငွေကျပ် ၂၅၀၀၀ ပတ်ဝန်းကျင် ရှိခဲ့ရာမှ ယခု ငွေကျပ် ၂၇၀၀၀ ကျပ်အထိ ဈေးရှိနေပြီး ယင်းကဲ့သို့ ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာခြင်းမှာ အိမ်နီးချင်း တရုတ်နိုင်ငံက ဝယ်ယူမှုများ မြင့်လာသောကြောင့်ဖြစ်ကြောင်း ထိုမာကျေးရွာမှ ဆန်ပွဲစား ဦးမျိုးတင့်က ပြောသည်။

"ထိုမာကျေးရွာ ဆန်စက်တွေကနေပြီးတော့ တစ်နေ့တစ်နေ့ကို ၁၂ ဘီးကားသုံးစီးခန့် မုံရွာ၊ မန္တလေးမြို့ကြီးတွေကို ပို့ပေးနေရပါတယ်။ ၁၂ ဘီးကားတစ်စီးဆိုရင် ဆန်အိတ် ၃၅၀ တင်နိုင်ပါတယ်၊ ဆန်စက်ကြီးဆိုရင် တစ်နေကုန်လည်ရင် ဆန်တင်းပေါင်း ၂၂၀၀ ကျော်ကျပါတယ်၊ မန္တလေး၊ မုံရွာတို့ဆိုရင်တော့ ဧရာမင်းကို အပို့များပြီး၊ ချင်းတောင်ပေါ်ဆိုရင်တော့ ရွှေတိုးတို့၊ မနောသုခတို့ကို ပို့ပေးရပါတယ်။ ချင်းတွင်းမြစ်အထက်ပိုင်း မော်လိုက်၊ ဖောင်းပြင်၊ နန့်တောတို့ မော်ဒေသတွေဆိုရင်တော့ ဆန်ကြမ်းတွေ တင်ပို့ပေးရပါတယ်။ ချင်း-၃ ဆိုတဲ့ ဆန်တွေတင်ပို့ပေးရပါတယ်" ဟု ၎င်းကပင် ဆက်လက်ပြောသည်။

"မန္တလေး၊ မုံရွာတို့ဖက်ကို ယခုတလော တော်တော်လေးပို့ပေးနေရတယ်။ တရုတ်က ဝယ်တယ်လို့ပြောတာပဲ။ တစ်ရက် တစ်ရက်ကို ၁၀ ဘီးကားတွေ၊ ၁၂ ဘီးကားတွေ ငါးစီး၊ ခြောက်စီးလောက်ထွက်မယ်လို့ ထင်ပါတယ်။ ဆန်ဈေးလေးကလည်း နည်းနည်းမြင့်လာတော့ တောင်သူတွေကလည်း ရောင်းချင်လာတယ်။ နောက်ပြီးတော့ မိုးရာသီလည်း ရောက်လာပြီလေ။ စပါးတွေ ပြန်စိုက်ကြတော့မယ်။ စပါးစိုက်ဖို့အတွက် သွင်းအားစုတွေ ဝယ်နိုင်ဖို့ ထုတ်ရောင်းလာကြတာလည်း ဖြစ်နိုင်တယ်။

"တရုတ်နိုင်ငံက ဗီယက်နမ်ဆန်တွေကို မဝယ်တော့ဘဲနဲ့ မြန်မာနိုင်ငံကဆန်တွေကို ဝယ်တာကြောင့် ဆန်ဈေးတွေအနည်းငယ်တက်လာတာလည်းဖြစ်နိုင်တယ်" ဟု ကလေးမြို့ ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကလေးမြို့တွင် ယခင်က စပါးတစ်တင်း (ဧရာမင်း) လျှင် ငွေကျပ် ၆၅၀၀ ကျပ်ရှိရာမှ ယခု တစ်တင်းလျှင် ငွေကျပ် ၇၀၀၀ ဈေးရှိပြီး ပေါ်ဆန်းတစ်တင်း လျှင်ငွေကျပ် ၅၂၀၀ ကျပ်ဈေးရှိရာမှ ယခု ၅၅၀၀ ကျပ်ဈေး ပေါက်နေကြောင်း သိရသည်။

လင်းလက်ကြယ်စင်

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

လွိုင်လင် ဇူလိုင် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အစည်းအဝေးခန်းမ)တွင် ဇူလိုင် ၈ ရက်က ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆန်တစ်က နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လွိုင်လင်ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းဆိုင်စိန်နှင့် လင်းခေးခရိုင်ဦးစီးအရာရှိဦးသန်းမြင့်တို့ကမှ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းပေးခဲ့ကြပြီး အခမ်းအနားသို့ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းမင်းသန်း

အထွက်နှုန်းကောင်းသော ရော်ဘာမျိုးကောင်းမျိုးသန့်ဖြစ်ထွန်းနေမှု ကွင်းဆင်းပညာပေး

မြိတ်၊ ဇူလိုင် ၁၃

တနင်္သာရီတိုင်းဒေသကြီး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းထိုက်သည် မြိတ်ခရိုင်ဦးစီးမှူး ဒေါ်စောရီနှင့်အတူ ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီခွဲတွင် မြိတ်မြို့နယ် ရော်ဘာသုတေသနနှင့် မျိုးပွားခြံ (ရွှေဒူး)တွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဦးစီးမှူးက ဌာန၏ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သော မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးထုတ်လုပ်ရေး၊ နည်းပညာများအား ဒေသခံတောင်သူများတို့ လေ့ကျင့်ပညာပေးရေး၊ သုတေသနတွေ့ရှိချက်များကို အသုံးပြုပြီး ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးများနှင့် ပတ်သက်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ကြရေးများကို ပြောကြားဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးသည် ခြံတာဝန်ခံ ဦးစောထွန်းနှင့် ဝန်ထမ်းများလိုက်ပါပြီး ဆီအုန်းအသုံးချ သုတေသန၊ ရာဘာသုတေသနနှင့် မျိုးပွားခြံ (ရွှေဒူး) ၏ အောင်မြင်ဖြစ်ထွန်းနေသော ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော ရာဘာမျိုးသန့် စိုက်ခင်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

မိုးကြိုးထိမှန်၍သေဆုံး

နေပြည်တော် ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျွန်းရိုးတန်းရွာအနီး ဇူလိုင် ၆ ရက် ည ၉ နာရီက လူတစ်ဦးမိုးကြိုးပစ်ခံရ၍ သေဆုံးနေကြောင်း သတင်းအရ ရွှေတောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ၎င်းရွာနေ ဦးသန်းဌေး (၄၆)နှစ်သည် ကျေးရွာတောင်ဘက်ရှိ လယ်ကွင်းအတွင်း ပျိုးထောင်ရေရရှိရန် ရေထွက်ပေါက်များပိတ်နေစဉ် မိုးကြိုးပစ်၍ထိမှန်ရာ ဦးခေါင်းနောက်စေ့ဆံပင်တွန့်လိမ်၊ ရင်ဘတ်မှ ဆီးခုံအထိအရေပြား စုတ်ပြဲမီးလောင် ဒဏ်ရာများရရှိကာ သေဆုံးသွားသောကြောင့် ရွှေတောင်မြို့မရဲစခန်းက သေမှုသေ ခင်း အမှတ်စဉ်(၉/၂၀၁၄)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ရဲပြန်ကြား)

စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၉

ရှမ်းပြည်နယ် အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲ တပ်ဖွဲ့စု (မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မူဆယ်-နမ့်ခမ်းကားလမ်း၊ လွယ်ဆုတောင်းစေတီအနီးတွင် စောင့်ဆိုင်းနေစဉ် နမ့်ခမ်းမြို့ဘက်မှ မူဆယ်မြို့ဘက်သို့ ဂမ်အောင်နှင့် တုန်းကျင်ပေါက်(ခ) အားပေါင် တို့မောင်းနှင်လာသော ဆိုင်ကယ်များအား ရပ်တန့်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ဂမ်အောင်မောင်းနှင်လာသည့် ဆိုင်ကယ်ခွကြားမှ 88နှင့် 1 စာတမ်းများပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ပြား၄၀၀၀၊ တန်ဖိုးငွေကျပ်သိန်း ၈၀ အားတွေ့ရှိသိမ်းဆည်းရမိ ခဲ့ပြီး စစ်ဆေးချက်အရ အဆိုပါဆေးပြားများမှာ တုန်းကျင်ပေါက်(ခ) အားပေါင်၏ဆေးပြားများဖြစ်ကာ ဂမ်အောင်မှ အခကြေးငွေယူ၍ သယ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ရဲပြန်ကြား)

Fashion Euphoria ဆိုင်နေရာသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းနှင့် အထူးဈေးရောင်းပွဲအစီအစဉ်

Fashion Euphoria ၏မူလဆိုင်နေရာဖြစ်သော အမှတ်(110)A၊ ကမ္ဘာ့အေးစေတီလမ်းမှ ဆိုင်နေရာသစ် အမှတ်(502)၊ ဝေဇယန္တာ လမ်းမကြီး၊ ပါရမီ မီးပွိုင့်အနီးသို့ပြောင်းရွှေ့ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ဆိုင်နေရာသစ်မှ Fashion Euphoria ၏မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များကိုကြိုဆိုသောအားဖြင့်လည်းကောင်း၊ ပွဲထိုင်ဇာများ၊ ပိုးအမျိုးမျိုး၊ ကွန်ပျူတာပန်းထိုးချိတ်နှင့် ပန်းဒီဇိုင်းအမျိုးမျိုးတို့ကို အံ့သြဖွယ်အထူးဈေးနှုန်းဖြင့် ၁၂-၇-၂၀၁၄ ရက်မှ ၁၄-၇-၂၀၁၄ ရက်အထိ (၃)ရက်တိုင်တိုင် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၆၀၆၃၁၇၊ ၀၉-၃၃၄၇၉၀၄၂၊ ၀၁-၅၇၀၀၁၂

ယတြာဆရာမ

-ဖြစ်ချင်တာတွေမဖြစ်သေးရင်
-မဖြစ်ချင်တာတွေဘဲဖြစ်နေတယ်ဆိုရင်
-အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါတယ်။
-ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

ဖုန်း-၀၉-၅၀၇၅၈၂၇

Shan Yoma Travel & Tours Co;Ltd

www.exploremyanmar.com

www.exploreglobaltravel.com

ဆောင်းပါး

ဘဝပင်လယ် လှေငယ်လှော်ခတ် လူငယ်မြတ်စေလို

à 0ifrifD

ကျွန်တော်သည် မိတ်ဆွေတစ်ဦး၏ ဝါဆိုသင်္ကန်းကပ်၊ တရားနာ၊ ဓမ္မပူဇာလှူတော်မင်္ဂလာသို့ သွားရောက် တရားနာပါသည်။

ပုဇွန်တောင်မြို့နယ် မင်္ဂလာညောင်ကုန်းကျောင်းတိုက် မင်္ဂလာစံကျောင်းဆရာတော် သာသနဓမ္မာစရိယ ဘဒ္ဒန္တ ကုဏ္ဍိဗလမှ ကြွရောက်ဟောပြောပါသည်။ ရေစက်ချအပြီးတွင် ငါးနှစ် ခြောက်နှစ် ကလေးငယ်များကို ရှေ့မှောက်တော်ချော့မော့ခေါ်ပြီး ဘုရားရှိခိုးနည်း၊ တရားထိုင်ရှုမှတ်နည်း ပြသပြီး ယဉ်ကျေးကဗျာ၊ မြန်မာ့ရိုးရာကလေးစာပေများ ကို ဆုံးမရွတ်ဆိုစေသည်။

"လူကြီးရှေ့သွား၊ ခေါင်းငုံ့ထားပါ၊ ပြုကြားဂါရဝ" အစချီ၍ ဆုံးမပေးတော်မူခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်ကြာရှည်တည်တံ့စေရန် လူငယ်တို့၏လက်ဝယ် ကျရောက်နေကြောင်း ယခုခေတ် အချို့အဖိုးအဖွား လူကြီးမိဘတို့သည် ငယ်စဉ်က မိဘတို့ဆုံးမခဲ့သည်ကို မေ့လျော့လျက် မြေးအရွယ် ကလေးငယ်များကို စတိုးဆိုင်ကြီးများ၊ စားသောက်ဆိုင်ကြီးများကိုသွားတိုင်း ခေါ်ဆောင်လျက် "ဘာတွေစားချင်သလဲ မြေးပြောကြည့်စမ်း၊ ဘာတွေလိုချင်သလဲ ကြိုက်တာဝယ်ပေးမယ်" ဟု အချစ်များစွာဖြင့် ပြသတတ်ကြပါကြောင်း၊ ဘုန်းကြီးကျောင်းများတွင် ဖွင့်လှစ်ထားသော ယဉ်ကျေးလိမ္မာသင်တန်းသို့ ပို့ရန်မှာမူ ပျက်ကွက်နေတတ်ကြောင်း ဒါယိကာမတွေ လူငယ်ဖြစ်စဉ်က ကလေးသုံးယောက် အနည်းဆုံးမွေးခဲ့သော ဒါယိကာမတို့၏ မိဘများသည် သားသမီးများကို "ရှိတာမျှစား၊ ချေးမများနှင့်၊ ရှိတာနှင့်လှအောင်ဝတ် ကြွားမထုတ်နဲ့" ဟု ဆုံးမလျက် ထမင်းစားချိန်၊ ကစားပြီးချိန်၊ နားနေချိန် စသည်တို့တွင် အချစ်မပြဘဲ လိမ္မာယဉ်ကျေးအောင် လေ့ကျင့်ပေးခဲ့သဖြင့် ယခုခေတ်သာသနာတော်ကြီး စည်ပင်ဖွံ့ဖြိုး အသရေတိုးတက်နေကြောင်း၊ စိတ်ထားမြင့်မြတ်ပြီး ငါးပါးသီလစောင့်ထိန်းတတ်ကြစေရန် ဟောပြောဆုံးမတတ်သော ဘုန်းတော်ကြီးထံ ဥပုသ်သီတင်းစောင့်ရင်း အပ်နှံထားကြကြောင်း၊ ကိုရင်ဝတ်ခိုင်း၊ ဖိုးသူတော်၊ ကပ္ပိယလုပ်ခိုင်း၊ ရေခပ်တောင်းထမ်းခိုင်း၊ ဝေယျာဝစ္စလုပ်ခိုင်းတတ်ကြသဖြင့် မိဘတို့မှာ ထိန်းရကျောင်းရ လွယ်ကူခဲ့ကြောင်း၊ "ကြိုးတစ်စည်းလို စည်းလုံး ကြိုးတစ်စလို အပိုလုပ်တတ် ဖြတ်ဖို့လွယ်" စသည့်စကားပုံနှင့် အသုံးအနှုန်း ခေတ်စကားလုံးများဖြင့် လည်းကောင်း၊ ၃၈- ဖြာမင်္ဂလာ ကဗျာလှလှ ရွတ်ဆိုပြ၍ ဗုဒ္ဓဝင် ခုနစ်ရက်ဘုရားရှိခိုး သံပေါက်ကဗျာတို့ကို ရွက်ဆိုဆုံးမတတ်ကြကြောင်း၊ သူတို့သင်ကြားခဲ့ရသော လောကသာရပျို့၊ မာဃဒေဝ၊ ကျည်းကန်ရှင်ကြီး၊ ငါးရာ့ငါးဆယ်၊ ဦးပုည၊ တော်လီစတွိုင်း စသည်တို့ကို နားလည်လွယ်အောင် ဇာတ်လမ်းများဖြင့် အနှစ်ထင်အောင် အိပ်ရာဝင် ဆုံးမတတ်ကြကြောင်း၊ ယခုကဲ့သို့ လိမ္မာကြီးပွားတိုးတက်လာကြသည်မှာ ယခင်ခေတ် လူကြီးမိဘတို့၏ ကျေးဇူးကြောင့်ဖြစ်ကြောင်း စသည်တို့ကို ဟောကြားတော်မူခဲ့ပါသည်။

ယခုခေတ်လူကြီးပေါက်စ လူငယ်အရွယ်တို့သည် မိဘပင်ဖြစ်လင့်ကစား လူငယ်သားသမီးရှေ့မှောက်တွင် များများစား၊ များများရှာ၊ ရတဲ့နည်းဖြင့် အမြတ်ထုတ်၊ ကောင်းကောင်းဝတ်ပြ ကြွားနိုင်မှ လူရာဝင်၊ အထင်ကြီးအဖတ်လုပ်၊ ရွှေပြမှ အမျိုးလှ၊ ရွှေရှိမှ အမျိုးတော်၊ စိန်ရွှေရှိလျှင် အမျိုးထင်၊ လူခေါ်ချင်ကြဟုပြောဆိုလျက် ကြွားပြဝတ်ပြကြပေသည်။ ရွှေလက်ကောက်တွေဝတ်၊ ရွှေဆွဲကြိုးတွဲလောင်း၊ နှာခေါင်းနှာ ကွင်းတပ်၊ ယောက်ကျ်ားတန်မဲ့ဝတ်ဆင်လျက် ဘတ်စ်ကားမစီး ကားတစ်ဝီဝီ ထည်လဲဝယ်ကြွားတတ်မှ မြတ်သည်ထင်နေကြဟန်တူပါသည်။ ဗုဒ္ဓဘာသာနိုင်ငံမဟုတ်သည့် နိုင်ငံများတွင် ဤသို့ပြုမူလျှင် အကျိုးနှင့်အကြောင်းကံ မသိသူမှန်က အထင်ကြီးကောင်း ကြီးမိပေမည်။ လူ့လောကတွင် မည်သည့်နေရာမှာမဆို ကိုယ့်ထက်သာသောသူရှိသလို ကိုယ့်ထက်နိမ့်ကျချို့တဲ့နွမ်းပါး ဝမ်းခါးမလှသူတွေလည်း ဒုနှင့်ဒေး၊ ပြေးကြည့်စရာမလို တွေ့ကြပေမည်။

လူကြီးမိဘတို့မှာလည်း ကိုယ့်သားသမီးအတွက် မိမိထက် သာလွန်စေရန် စီးပွားတိုးရှာ အလုပ်ကြိုးစား များပြားသောငွေကြေးသုံးစွဲစေလျက် မြေတောင်မြှောက် အခွင့်အခါပေးစဉ်တွင် လူငယ်တို့မှာလည်း စံပြကြိုးစားပြုမူ နေထိုင်ပန်းတိုင်ရောက်အောင် တက်လှမ်းဖို့လိုပေသည်။ ယခုခေတ်လူငယ်တွေ ရှေ့စိန်ခေါ်မှုများစွာ ရှိနေပါသည်။ ရှေ့ခရီး ရဲရဲကြီးလျှောက်လှမ်းနေသည်ကို တွေ့ရှိရသော လူကြီးမိဘတို့မှာ ရင်တုန်ပန်းတုန် ရင်သပ်ရှုမောလျက် အပြစ်မပြောရက်ကြပါ။ စွမ်းအားကုန်နေပြီဖြစ်သော လူကြီးမိဘတို့ထက် အတွေ့အကြုံနည်းသော်လည်း လူငယ်ပီပီ သိချင်တတ်ချင် လုပ်ချင်ကိုင်ချင် စမ်းချင်ကြသည်ကို ကိုယ်ချင်းစာတတ်ဖို့ လိုပါမည်။ မိမိတို့လှော်ခတ်ခဲ့သော ဘဝပင်လယ်ထက် IT ခေတ်ကြီးဝယ် အားကြိုးမာန်ဝင့် ရဲရဲရင့်ရင့် စွမ်းအားနှစ်ကာ လှေခရီးလှော်ခတ်လူငယ်ကို အတွေ့အကြုံရှိ ပဲ့ကိုင်လူကြီးအရွယ်တို့က လိုရာရောက်အောင် သတိကြီးစွာထား ကိုင်တွယ်ငြားမှ မမှားမိကြပေမည်။

မိဘတို့သာမက ပတ်ဝန်းကျင်ကောင်း အကြောင်းသိသူများမှာမှ မြန်မာချင်း မြန်မာအမျိုးချစ်စွာ ဝိုင်းဝန်းထိန်းမတ် အမြတ်မေတ္တာ လောင်းသင့်ပါသည်။

လူကြီးမိဘတိုင်း ကိုယ့်ရင်သွေး၊ အရှုံးဆေးရ၊ ကိုလေသနှင့် ချစ်မဝသေး ဘဝရေးမို့ ယုယပေးလိုသော်လည်း မိမိခန္ဓာရှေ့မဲ့အချိန်မှာ သူတို့လေးတွေရဲ့ဘဝ ကိုယ့်ထက်သာ အတိဇာကသားသမီးမျိုး ဖြစ်စေချင်လွန်းလို့ ပြောဆိုသတိပေး ကြိုတွေးမြင်တတ်ကြသော မိဘတို့၏ စေတနာမေတ္တာကို လူငယ်တို့က အသိမှန်တွေး အထင်မြင်မသေးဘဲ သတိထားတတ်ဖို့ လိုပေမည်။ လှိုင်းလေထန်ပြင်းပင်လယ်တွင်းမှာ ခင်းသူရဲ့ကြား သတိထား လှော်ခတ်မြတ်လှရင်သွေး ငယ်နုထွေးကို မြင်ရသည်မှာ မိဘလူကြီးရင်ထဲမှာ မချိလှပါ။ လူကြီးမိဘအချို့တို့၏ ဘဝပင်လယ်နှင့် သူတို့ဖြတ်ကျော်နေသော ဘဝပင်လယ် မတူ၊ အံမဝင်ချိန်တွင် ကိုယ်လိုချင်တာကိုယ်ဆွဲ ပြဒါးတစ်လမ်း သံတစ်လမ်း မဖြစ်ကြစေရန် လူကြီးများကလည်း ဓမ္မစာပေနှင့်အညီ ရေးသားဟောပြောကြသော ခေတ်ဆရာတော် ပညာရှင်စာရေးဆရာတို့၏ စာကောင်းပေမွန်များကို ဖတ်ရှုလျက် လူငယ်တို့ကို အတွေးအခေါ်အယူအဆများ မျှဝေသင့်ပါသည်။ လူကြီးပီပီ လျော့တန်လျော့ ပျော့တန်ပျော့နိုင်သမျှ လုပ်ပေးတားမြစ်သင့်က မနှေးလှဘဲ မလွှဲမရှောင်သာ ကျန်းမာပါက တရားဖက်လျက် လစ်ဟာနေသော တာဝန်တချို့ကို ယူရပါမည်။ လူငယ်တို့ကလည်း IT ခေတ်ဝယ် လူကြီးမိဘမသိသေးသော စိန်ခေါ်မှုများကို ပတ်ဝန်းကျင်အသစ်များကို ပြောပြ ရှင်းပြ အကြံထုတ်ယူပါက လူကြီးမိဘတိုင်း ကျေနပ်မဆုံးလက်ခံကြမှာပါ။

အလောင်းအစား၊ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ ဖြတ်လမ်း အရင်းပြုတ်စီးပွား၊ အလုပ်ရငွေမမက်လေဘဲ လူငယ်အရွယ်၏ တန်ဖိုးမြင့်အချိန်များကို မဖြုန်းလေမှ ဗုဒ္ဓတရားအတွေးအခေါ် အခြေခိုင်ဖို့တရားကို မဝေးစေဘဲ ကြံ့သလိုလေ့လာပေးမှ ရွှေပြည်ဦးမော့ ဗုဒ္ဓသာသနာ မြန်မာယဉ်ကျေးဖြစ်စေ၊ စီးပွားများစွာ တိုးဝေဖြာလျက် နောင်မျိုးဆက်တွေနှင့် ဝင့်ထည်နိုင်မည် ဖြစ်စေလိုကြောင်း စေတနာကောင်း မေတ္တာပြလျက် တွေးဆမိပါသည်။ ။

> မိဘတို့သာမက ပတ်ဝန်းကျင်ကောင်း၊ အကြောင်းသိသူများမှာမှ မြန်မာချင်း၊ မြန်မာအမျိုးချစ်စွာ ဝိုင်းဝန်းထိန်းမတ် အမြတ်မေတ္တာလောင်းသင့်ပါသည် . . .

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် စုပေါင်းရုံးလမ်းနှင့် မြို့လယ်လမ်းဆုံတွင် ၂၅ ပေ× ၅ ပေ× ၃ ပေ× ၆ လက်မ အရှည်ရှိသော Box Culvert နှင့် တစ်ဖက် ၂၇ ပေရှည်သော အုတ်ရေမြောင်းကို စည်ပင်သာယာရေးရန်ပုံငွေ ကျပ် ၄၇ သိန်း အကုန်အကျခံ၍ တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်းမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ထွန်းလှိုင်(မြိုင်)



ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ မေတ္တာမြို့နယ်၊ တောင်သုံးရွာနေ မစန်းစန်းဝင်း[၆/ထဝန(နိုင်)၀၀၄၅၅၇] ၏ဖခင် ဦးဘရှား၏အမည်မှန်မှာ ဦးဘရှား [၆/ထဝန(နိုင်)၀၄၉၃၆၅] ဖြစ်ပါသည်။



မော်လိုက်မြို့သွားရာလမ်းပိုင်း ပျက်စီးနေမှုကြောင့် မော်လိုက်မြို့တွင် ကုန်စျေးနှုန်းအနည်းငယ်တက်

မော်လိုက်၊ ဇူလိုင် ၁၃

ချင်းတွင်းဆိပ်ကမ်း တည်ရှိရာမြို့များဖြစ်သည့် ကလေးဝမြို့မှ မော်လိုက်မြို့သို့သွားရာ ကုန်းလမ်းခရီးစဉ် ၃၆ မိုင်ခရီးသည် ဇွန်လဒုတိယပတ်က မိုးအဆက်မပြတ် ရွာသွန်းခဲ့၍ကားလမ်းမှာ ပျက်စီးနေသည့်အတွက် မော်လိုက်မြို့တွင် ကုန်စျေးနှုန်းများအနည်းငယ် မြင့်တက်လျက်ရှိကြောင်း အဆိုပါ ဒေသခံများက ပြောသည်။

"ကလေးဝမြို့ကနေ မော်လိုက်ကိုသွားတဲ့လမ်းက နှစ်လမ်းရှိပေမယ့် ကလေးဝမြို့အဝင်ကနေသွားတဲ့ ၃၆ မိုင်လမ်းကနေပဲ သွားကြတာများတယ်။ အဓိကသွားတဲ့လမ်းက ဆိုးနေတာရော ပလူဇဝတံတားလမ်းလွှဲကပါ ဟိုတစ်လောက မိုးရွာလိုက်တော့ ပျက်သွားတာနဲ့ ကားတွေ သွားလို့မရတော့ဘူး။ အခုဆိုရင် စော်ဘွားရေရှင်-ပြောင် ဘုတ်လမ်းခွဲကနေပဲ သွား ကြတော့တယ်။ တချို့ဆိုရင် ကုန်းလမ်းကနေ သွားရတာ အဆင်မပြေလို့ ရေကြောင်းကနေ သွားကြတာတွေ လည်းရှိတယ်" ဟု မော်လိုက်မြို့ခံတစ်ဦးက လက်ရှိလမ်းပန်းဆက်သွယ်ရေး အခြေအနေကို ပြောပြသည်။

ကလေးမြို့မှတစ်ဆင့် မော်လိုက်မြို့သို့သွားလာရာတွင် တမူးလမ်းဘေးရှိ စော်ဘွားရေရှင်လမ်းခွဲမှ ပြောင်ဘုတ်-မော်လိုက်လမ်းအတိုင်း ၃၃ မိုင် ခရီးဖြင့်သွားလာနိုင်သကဲ့သို့ မော်လိုက်-ပလူဇဝ-ကလေးဝလမ်းအတိုင်း ၃၆ မိုင်ခရီးဖြင့်လည်း သွားလာနိုင်ပြီး ချင်းတွင်းရေကြောင်းမှလည်း သွားလာနိုင်သည်။

သို့သော် ဇွန်လ ဒုတိယပတ်တွင် ချင်းတောင်ခြေနှင့် အထက်ချင်းတွင်းဒေသတစ်လျှောက် မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် အသစ်ထပ်မံဆောက်လုပ်နေသော ၃၆ မိုင် ရှည်လျားသည့် ကလေးဝ-မော်လိုက်လမ်းပိုင်းရှိ ပလူဇဝတံတား ချည်းကပ်လမ်းမှာ ချောင်းရေတိုက်စား၍ ပျက်စီးသွားသည့်အတွက် အဆိုပါ လမ်းပိုင်း ပြတ်တောက်သွားခဲ့ပြီး ယခုအချိန်အထိ ပြုပြင်နေရဆဲဖြစ်ကြောင်း ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

"အဲဒီပလူဇဝတံတားက မနှစ်က မိုးတွင်းမှာ ရေကြီးတုန်းက ပြိုကျသွားတဲ့အတွက် အဲဒီတံတား ဆောက်လုပ်ခဲ့တဲ့ တင်ဒါအောင်ကုမ္ပဏီကပဲ ပြန်ဆောက်ပေးနေတယ်။ ဒီလ ဒုတိယပတ်တုန်းကလည်း မိုးက အဆက်မပြတ် ရွာလိုက်တော့ တံတားမျှော တိုင်တွေပါ ပျက်စီးကုန်ပြန်ပြီ။

ကားနဲ့ ဆိုင်ကယ်တွေ သွားလို့ရအောင်လုပ်ထားတဲ့ ရှောင်ကွင်းလမ်းလည်း ပျက်စီးသွားလို့ အခုထက်ထိသွားလို့မရသေးဘူး" ဟု အဆိုပါ ကော်မတီမှ ဒုဥက္ကဋ္ဌ ဦးအောင်နိုင်လင်းက ပြောသည်။

ရှောင်ကွင်းလမ်း ပျက်စီးသွားသော ပလူဇဝတံတားသည် ယခင်က သံကူကွန်ကရစ်တံတားဖြစ်ပြီး တံတားအရှည် ၁၃၀ ပေ၊ အကျယ် ၄၀ ပေရှိကာ ယင်းတံတားတည်ဆောက်နေမှုသည် ယခု ၂၀၁၄ ခုနှစ်အတွင်း ပြီးစီးနိုင်ရန်မှာ ခက်ခဲနေပြီး ကလေးဝ-မော်လိုက်လမ်းပိုင်းရှိ အချို့နေရာများမှာလည်း မိုးရွာသွန်းခဲ့မှုကြောင့် အနည်းငယ်ပျက်စီးနေကြောင်း ၎င်းက ထပ်မံပြောဆိုသည်။

"မော်လိုက်မြို့က ချင်းတွင်းမြစ်ကမ်းဘေးမှာရှိတာဆိုတော့ ဒီကားလမ်းပျက်စီးရင် အခက်အခဲမျိုးစုံကြုံတော့တာပဲ။ အခုတောင် လမ်းခွဲတစ်ခုပျက်စီးတာနဲ့ ကုန်စျေးနှုန်းကနည်းနည်းတက်လာပြီ။ လမ်းတွေကို ကောင်းအောင် မြန်မြန်ပြင်စေချင်တယ်ဗျာ" ဟု အသက် ၄၀ အရွယ် မော်လိုက်မြို့ခံတစ်ဦးက ပြောသည်။

မော်လိုက်မြို့သို့ သွားရာလမ်းပန်းဆက်သွယ်ရေးမှာ ဇွန်လ ဒုတိယပတ်မှစတင်ကာ နှောင့်နှေး ကြန့်ကြာလာသောကြောင့် အခြေခံစားသောက်ကုန်ပစ္စည်းစျေးကွက်တွင် လက်ရှိပေါက်စျေးများထက် ကျပ်၂၀၀၊ ၃၀၀ စသည်ဖြင့် အသီးသီး တက်လာခဲ့ကြောင်း အဆိုပါ ဒေသခံများက ပြောသည်။

"စျေးတက်တယ်ဆိုတာက အများကြီးတက်တာမဟုတ်ပါဘူး။ အရင်ဆား တစ်ပိဿာကို ကျပ် ၄၀၀ ရှိရင် အခုကျပ် ၅၀၀၊ ၆၀၀ တက်သွားတာပါ" ဟု မော်လိုက်မြို့ခံတစ်ဦးက ပြောသည်။ **ဆလိုင်းထန်ကျင့်ခွာ**

ဒေသတွင်းပေါက်ရောက်သော ဆေးဖက်ဝင်အပင်များအကြောင်း ဟောပြော

ဆော၊ ဇူလိုင် ၁၃

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ဆောမြို့နယ် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၇ ရက်က လောင်းရှည်ဒေသ အ-ထ-က ခန်းမ၌ ကျင်းပရာ လောင်းရှည်တိုက်နယ် ဆေးရုံဆရာဝန် ဒေါက်တာအောင်ကျော်ဝင်းက သွေးလွန်တုတ်ကွေးရောဂါအကြောင်းနှင့် ကာကွယ်ပုံနည်းလမ်းများ၊ တိုင်းရင်းဆေးမှူး ဒေါ်လှကေသီက အမျိုးသမီးများတွင် ဖြစ်ပွားတတ်သောရောဂါများ အကြောင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့ပြင် ၎င်းတို့မှ ယင်းဒေသရှိ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇူလိုင် ၄ ရက်နှင့် ၅ ရက်များတွင် ကာက၊ ဆီမီး၊ သိန်းကျင်း၊ လှော်ကား၊ ပိန်းချောင်း၊ ခွေးမဲကန်၊ ပေါက်ပုံဆိုင်း၊ ငလယ်ခုံ၊ ငှက်ပြာကျင်း၊ အင်ဘူး၊ ရင်းကဲ၊ နတ်ကောင်းကျင်း စသည့်ကျေးရွာများတွင် ပေးအပ်ထားပြီးဖြစ်သည့် တိုင်းရင်းဆေးသေတ္တာတွင်ပါဝင်သော ဆေးဝါးနှင့်ပစ္စည်းများ အသုံးပြုမှုနှင့် ဒေသတွင်းပေါက်ရောက်သည့် ဆေးဖက်ဝင်အပင်များအကြောင်းတို့ကို တိုင်းရင်းဆေးမှူးက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၄၆၅)**

သတင်းတိုများ

ဆင်ဆာမဲ့ဗီဒီယိုအခွေများရောင်းချသူအား အရေးယူ

ချောက်မြို့၊အောင်မြေရပ်ရှိ ပါဝါဗွီဒီယိုဖြန့်ချိရေးဆိုင်မှ ဦးညိုဝင်းသည် ဗွီဒီယိုဖြန့်ချီရောင်းချခြင်းလုပ်ငန်းလိုင်စင်မရှိဘဲ ဆင်ဆာမဲ့ဗီဒီယိုအခွေများ ရောင်းချနေကြောင်းသတင်းအရ ဇူလိုင် ၁၀ ရက် ညနေ ၅ နာရီခွဲချိန်က ချောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဘတိုးနှင့်အဖွဲ့သက်သေများနှင့် အတူအဆိုပါဆိုင်အား ဝင်ရောက်ရှာဖွေခဲ့ကြောင်းသိရသည်။ အဆိုပါ ရှာဖွေမှုတွင်ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်း DVD (၂၄)ချပ်၊ဆင်ဆာမဲ့နိုင်ငံခြား ညစ်ညမ်း DVD (၅)ချပ်၊ ဆင်ဆာမဲ့မြန်မာသီချင်း DVD (၅)ချပ် စုပေါင်း ဆင်ဆာမဲ့ DVD (၃၄)ချပ်အား ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် ဦးညိုဝင်းအား အရေးယူပေးရန် ရဲအုပ်ဘတိုးမှတိုင်တန်းခဲ့သဖြင့် ချောက်မြို့နယ်၊ ချောက်မြို့မရဲစခန်းက ၁၁၅/၂၀၁၄၊ဗီဒီယိုအက်ဥပဒေပုဒ်မ ၃၂ (က)(ခ)(ဂ)နှင့်ဖြင့်အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ခင်လေး(မကွေး)**

ဆိုက်ကားဂိတ်တွင်အချင်းချင်းရန်ဖြစ်၍သံချောင်းဖြင့်ထိုး

လှိုင်မြို့နယ်နေ အမှတ်-၁၄ ဆိုက်ကားဂိတ်မှူး ကိုမိုးကျော် နေအိမ်တွင် ရှိနေစဉ် ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီခွဲခန့်က ကိုသန်းနိုင်ဆိုသူရောက်လာပြီး ဆိုက်ကားဂိတ်တွင် မောင်စိုးမိုး (၃၄)နှစ်နှင့် အောင်မင်း (စုံစမ်းဆဲ)တို့ အလှည့်ကျ သယ်ရန်ကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်စဉ် မောင်စိုးမိုးက လွယ်အိတ်အတွင်းမှ အရှည်ရှစ်လက်မခန့်ရှိ သံချောင်းဖြင့် ထိုးခဲ့သဖြင့် အောင်မင်းတွင် ဝဲရင်ညွှန့်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိကာ သေဆုံးခဲ့သောကြောင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ ၎င်းဖြစ်စဉ်အား ပိတ်ချောင်းနယ်မြေရဲစခန်းက (ပ)၄၀၇/၁၄ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့် အရေးယူထားသည်။ **၃၁**



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆နောက်၊ မြေကွက်အမှတ်-၁၂/က၊ မြေကွက်တည်နေရာအမှတ်(၁၂/က)၊ ဇမ္ဗူသီရိ(၁)လမ်း အနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးအေး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေး(ခင်ပွန်း)ကွယ်လွန်သဖြင့်တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သိန်းကြည် [၁၂/သကတ(နိုင်)၁၀၂၁၇၉]မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၅၈၀/၂၀၁၄)ရသူ ဒေါ်လှဲ့လှဲ့ဝင်း[၇/ကတခ(နိုင်) ၀၈၉၄၇၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သောအထောက်အထားများ ဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅ဒီ)၊ မြေကွက်အမှတ်-(. ၄၉ဘီ+၄၉အေ/၁)၊ မြေကွက်တည်နေရာအမှတ် (၉၆ဒီ)၊ ကမ္ဘာအေးစေတီလမ်း၊ (၁)ဦးရွှေ(ခ)အင်ကီတပ်၊ (၂)ဦးအောင်ကျော်ဦး၊ (၃)ဦးကျော်လင်း၊ (၄)ဦးအောင်ကျော်ဝင်း၊ (၅)ဒေါ်ယဉ်ယဉ်မွေးအမည်ပေါက် အိမ်ရာမြေအား အမည်ပေါက်တစ်ဦးဖြစ်သူ (ဖခင်)ဦးရွှေ(ခ)အင်ကီတပ်နှင့်(မိခင်) ဖြစ်သူ ဒေါ်ခင်စန်းရီ(ခ)တန်ရှုငေါ်တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်တင်တင်မွေး [၁၂/လသန(နိုင်)၀၁၅၃၄၄]က သမီးအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပူးတွဲအမည်ပေါက် ဦးအောင်ကျော်ဦး[၁၂/လသန(နိုင်) ၀၁၅၃၄၅]၊ ဦးကျော်လင်း[၁၂/လသန(နိုင်)၀၀၅၂၃၇]၊ ဦးအောင်ကျော်ဝင်း[၁၂/လသန(နိုင်) ၀၀၅၃၃၄]၊ ဒေါ်ယဉ်ယဉ်မွေး [၁၂/လသန(နိုင်)၀၀၅၃၃၅]တို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အတွေးအမြင်ဆောင်းပါး

လုပ်ရင် ရပါတယ် မ.ထ.သ ရယ်...

à 0D(dreDM)

ဇူလိုင် ၄ ရက် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင်ကေသိန်းဆွေ၏ ယာဉ်စီးခနှုန်းထား ငွေကျပ် ၅၀ ပျောက်ကွယ်စပြုနေပြီလားကိုဖတ်မိပြီးထပ်ဆင့်၍ ရေးရန်လိုအပ်သည်ထင်၍ ရေးလိုက်မိသည်။ မှန်ပါ သည်။ ၅၀ ပျောက်၍ ၁၀၀ နှင့် ၂၀၀ သာယူနေကြပါသည်။ ၂၀၀ ယူသည်ကများသည်။ 'မ. ထ. သ' မှလည်း တိုင်လျှင်စည်းကမ်းချက် ၁၃၈ ချက်နှင့်ညှိ၍ အရေးယူသည်ဟုဆိုသည်။ မတိုင်ရင်ကော၊ လွယ်သည့်ကိစ္စကို ခက်အောင်လုပ်နေသည်ဟု ခရီးသည် တစ်ယောက်အနေနဲ့ ခံစားမိပါသည်။ ပြောပြပါမည်။

(၁) နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များဖြစ်သော လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့များတွင် ခရီးသည်တင်မော်တော်ယာဉ်များ၌ နိုင်ငံတော်အလံများတလူလူလွှင့်ထူထားသည်ကို ကားတိုင်းတွင် တွေ့ရပါသည်။

(၂) တိုင်းဒေသကြီးအစိုးရမှ ခရီးသည်တင်ဟိုင်းလတ်ယာဉ်များ၊ ဒိုင်နာယာဉ်များအား ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ် အတွင်း ဝင်ခွင့်မရှိအောင်လည်းထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဤကဲ့သို့ကိစ္စကြီးများကိုပင် အောင်မြင်အောင်ဆောင်ရွက်နိုင်ပါလျက်၊ ယာဉ်လိုင်းတိုင်းမှ သတ်မှတ်ယာဉ်စီးခထက်ပိုမိုတောင်းခံနေခြင်းအား၊ သတ်မှတ်ယာဉ်စီးခဈေးနှုန်းစာရွက်ကိုမော်တော်ယာဉ်များတွင် အဘယ်ကြောင့် ထိရောက်စွာ မကပ်ခိုင်းနိုင်ရပါလဲ၊ ယာဉ်တစ်စီးတွင် ရှေ့၊ လယ်၊ နောက်ခရီးသည်များမြင်သာအောင် ကပ်ခိုင်းပြီး မလိုက်နာသည့်ယာဉ်များအား သက်ဆိုင်ရာဌာနခွဲအလိုက် အရေးယူခိုင်းခြင်း၊ လမ်းမှ ရှောင်တခင်စစ်ဆေးခြင်း တာဝန်ရှိသူများမှ ခရီးသည်အသွင်စီးနင်းခြင်းဖြင့်ထိရောက်စွာ အဖြေရှာလုပ်နိုင်ပါလျက်နဲ့ တိုင်လျှင်အရေးယူမည်ဆိုတော့ မတိုင်သည့်အခါ သတ်မှတ်ယာဉ်စီးခအတိုင်းကောက်ခံနေသည့် ယာဉ်များဟု ထင်နေသလား။ 'မ. ထ. သ' ရယ်ဟုမေးရမလိုပင်။

ယနေ့အနေအထားအရ အရာရာဈေးတွေတက်လို့ ယာဉ်စီးခများလည်း တက်ပါမည်ဆိုလျှင်လည်း သင့်တင့်သောဈေးနှုန်းကိုသိသာစွာအသိပေး ကပ်ထားလိုက်ပါ။ ယခုအခါ ခရီးသွားပြည်သူများကားပေါ် တက်လိုက်တာနှင့် ကျပ် ၂၀၀။ ခရီးတိုလေးလည်း ၂၀၀ ဆိုတော့ နောက်မကြာခင် အချိန်မှာပင် သည့်ထက်မက သောဈေးနှုန်းများစည်းမဲ့ကမ်းမဲ့ထပ်တိုးမယူပါဟု 'မ. ထ. သ'မှ တာဝန်ရှိလူကြီးမင်းများ အာမခံသလားဟုမေးရမလိုပင်။

ထို့ကြောင့် တာဝန်ရှိလူကြီးမင်းများအား ထမင်းရှင်ခရီးသွားပြည်သူများ မျက်နှာထောက်ထား၍ တရားဝင် ယာဉ်စီးခဈေးနှုန်းများ တက်မယ်ဆိုလျှင် သတ်မှတ်ဈေးနှုန်း စာရွက်လေးတော့ သိသာထင်ရှားစွာ ကပ်ထားပေးကြပါ။

သတ်မှတ် ယာဉ်စီးခ ထက်. . .

မစီးနိုင်သည့် 'မိဘပြည်သူများ'လမ်းလျှောက်ကြပါလိမ့်မည်။ (ယာဉ်ကြောတွေကလည်း ပိတ်နေကြတာဆိုတော့)။ ခရီးစဉ်အလိုက်ဈေးနှုန်းများကို 'မိဘပြည်သူများ သိသာစွာအသိပေးခြင်း' ဖြင့် လွယ်ကူသည့်ကိစ္စကိုခက်အောင် မလုပ်ဘဲ ပြည်သူများအား ကူညီစေလိုရာ ရောက်မည်ဖြစ်ပါသည်။

ရန်ကုန်မြို့တွင် စည်းကမ်းမဲ့ယာဉ်မောင်းနှင်မှုကြောင့် လိုင်စင်ပိတ်သိမ်း အရေးယူမှု အစီအစဉ် စတင်သည့်ရက်တွင် ၃၆ မှု အရေးယူနိုင်ခဲ့

ရန်ကုန်၊ ဇူလိုင် ၁၃

ရန်ကုန်မြို့တွင် စည်းကမ်းမဲ့ မောင်းနှင်လျက်ရှိနေသော မော်တော်ယာဉ်များအား ယာဉ်မောင်းလိုင်စင် ပိတ်သိမ်းအရေးယူမည့် အစီအစဉ်စတင်သည့် ဇူလိုင် ၁၁ ရက် တစ်ရက်တည်းတွင်ပင် အမှုပေါင်း ၃၆ မှု အရေးယူ ဆောင်ရွက်ခဲ့ကြောင်း ဇူလိုင် ၁၂ ရက်နေ့ အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)၌ ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

"ယာဉ်မောင်းလိုင်စင် ပိတ်သိမ်းအရေးယူနိုင်တဲ့ ၁၄ မျိုးအရ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကိုးဖွဲ့က အဓိက ဖမ်းဆီးမှုကို ဆောင်ရွက်ခဲ့တာ အဲဒီမှာ တစ်ရက်တည်း ၃၆ မှု ဖမ်းဆီးရမိတယ်။ ကျန်တဲ့ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေတဲ့အဖွဲ့တွေကတော့ ပုံမှန် လုပ်ငန်းတာဝန်တွေကိုပဲ ထမ်းဆောင်နေရမှာ" ဟု အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ဒုတိယရဲမှူးကြီး လင်းထွဋ်က ပြောသည်။

အဆိုပါ ဖမ်းဆီးရမိသည့် အမှုများကို တရားရုံး၌ ဒဏ်ငွေပေးဆောင်ပြီး ကာလမှစတင်၍ ဖမ်းဆီးရမိသည့် အမှု အလိုက် လိုင်စင်ကို သုံးလမှ ခြောက်လအထိ ပိတ်သိမ်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အများဆုံး ဖမ်းဆီးရမိသည့် အမှုများမှာ ယာဉ်မရပ်ရ သတ်မှတ်ထားသည့် ၈၂ လမ်းအတွင်း ယာဉ်ရပ်နားမှုများ၊ လမ်းကျဉ်း၊ လမ်းကွေ့၊ လမ်းဆုံ လမ်းဂွ၊ အဝိုင်းပတ်နေရာများ၊ ဆေးရုံ၊ ကျောင်း အစရှိသည့် နေရာများတွင် ရပ်နားမှုများ အများဆုံးပါဝင်ပြီး မီးနီဖြတ်မောင်းခြင်းနှင့် ဟွန်းတီးခြင်းများမှာ အနည်းငယ်သာတွေ့ရှိရကြောင်း စာရင်းများအရ သိရသည်။

ထို့ပြင် ဖမ်းဆီးရမိသည့် ယာဉ်မောင်းလိုင်စင်များကို တစ်ပတ်လျှင် တစ်ကြိမ် စုစည်း၍ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ယခုလိုမော်တော်ယာဉ်များ စည်းကမ်းမဲ့ မောင်းနှင်မှုများကြောင့် ယာဉ်မောင်းလိုင်စင် ပိတ်သိမ်းအရေးယူဆောင်ရွက်ရာ၌ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့်အညီ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဒုတိယရဲမှူးကြီး လင်းထွဋ်က ပြောသည်။

တင်မောင်ဦး

တိုက်ကြီးမြို့နယ်တွင် ရန်ကုန်–ပြည်လမ်းနှင့်တောင်မြို့ပတ်လမ်းဆုံ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးလျက်ရှိ

တိုက်ကြီး၊ ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် ဇူလိုင် ၁၁ ရက် နံနက် ၉နာရီက မြို့နယ်ရဲ တပ်ဖွဲ့မှူး ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူ ပြုကော်မတီများ၊ မထသ၊ မြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ရန်ကုန်-ပြည်လမ်းနှင့် တောင်မြို့ပတ်လမ်းဆုံတွင် ယာဉ်အန္တရာယ်လျော့ပါးရေး အတွက် စစ်ဆေးခြင်းဆောင်ရွက်ခဲ့သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအရ လမ်းလယ်တွင် မောင်းနှင်လာသော ဆိုင်ကယ်များ အန္တရာယ်ကင်းရှင်းရေးအတွက် လက်ယာဘက် ကပ်စီးရန် ပညာပေးခြင်း၊ ဆိုင်ကယ်စီးသူများတွင် ဦးထုပ်မဆောင်းသူများ၊ နှစ်ယောက်ထက်ပိုစီးသူများ၊ အရှိန်ပြင်းစွာ မောင်းနှင်သူများနှင့် ဟိုင်းလပ်ကားများအမိုးပေါ် လူတင်ခြင်း၊ ယာဉ်မောင်းလိုင်စင်၊ စပယ်ယာလိုင်စင် မရှိသူများကို ဖမ်းဆီးအရေးယူလျက်ရှိကြောင်းသိရသည်။

တိုက်ကြီးမြို့နယ်တွင် ယခင်ကာလများကလည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးလုပ်ငန်းများ အလျဉ်းသင့်သလိုဆောင်ရွက်ခဲ့ပြီး ဖြစ်သော်လည်း ဆိုင်ကယ်စီးသူများ စည်းကမ်းမလိုက်နာဘဲ ဦးထုပ်မဆောင်းခြင်း၊ လူနှစ်ဦးထက် ပိုတင်ခြင်းများ ပြုလုပ်လျက်ရှိခြင်းတို့ကြောင့် အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ စစ်ဆေးဆောင်ရွက်မှုများကိုလစဉ် အနည်းဆုံးသုံးလေးကြိမ်စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ထွန်းလှိုင်(မြိုင်)

ပန်းတောင်းမြို့နယ် ငါးဆယ်ပေး ကျေးရွာအခြေခံပညာအလယ် တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်

ပန်းတောင်း၊ ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီး(အနောက်)ပြည်ခရိုင် ပန်းတောင်းမြို့နယ် ငါးဆယ်ပေးကျေးရွာအုပ်စု ငါးဆယ်ပေးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီခွဲက အခြေခံပညာအလယ် တန်းကျောင်း(ခ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးကျော်မြင့် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်ထွေး ပြည်ခရိုင်ပညာရေးဝန်ကြီး ဦးတင်ဌေးတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ ပြည်ခရိုင်ပညာရေးမှူး ဦးတင်ဌေးနှင့် မြို့နယ်ပညာရေးတာဝန်ရှိသူများ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်ထွေးနှင့်မြို့နယ်တာဝန်ရှိသူများ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ ဖိတ်ကြားထားသည့် လူမှုရေးအဖွဲ့နှင့် ကျောင်းသားမိဘများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများစုံညီစွာ တက်ရောက်ကြကြောင်း သိရသည်။

အောင်မြင့်

Place
Summit Park View Hotel
Date & Time
17 JULY 2014
Date & Time
20 JULY 2014
Register Now - 01-527168 09-255 901 718

ရွှေဥ အာမခံရတနာရွှေဆိုင် မိတ်ဆွေမိတ်သစ်များထံ အသိပေးခြင်းနှင့် ဆင်ယောင်ထင်မှား ပြုသူများအား သတိပေးခြင်း ကြေညာချက်

ဖခင် အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကြက်စားပြင်ရပ်နေ မောင်ရဲကျော်ဇင် [၆/ထဝန(နိုင်)၁၀၉၈၀၀]၏ဖခင် ဦးတင်ထွန်း၏ အမည်မှန်မှာ ဦးတင်ထွေး[၆/ထဝန(နိုင်)၀၃၃၇၁၃]ဖြစ်ပါသည်။

သွေးသည် အသက်

" ကန့်ကွက်နိုင်ပါသည် "

YE NOOS & ASSOCIATES (Law Firm)

အမည် ပြောင်း

ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၅)ရပ်ကွက်နေ၊ အဖ ဦးကျော်မိုးဇော်၏ သမီးဖြစ်သူ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ သတ္တမတန်း(H) တွင် ပညာသင်ကြားနေသည့် မသန္တာဇော်အား မလမင်းအိမ်ဟု ပြောင်းလဲခေါ်ပါရန်။

မလမင်းအိမ်

umg college

HND
HIGHER NATIONAL DIPLOMA

edexcel

UMG COLLEGE မှ ဖွင့်လှစ်မည့် HND အင်ဂျင်နီယာ သင်တန်းများ

- Mechanical Engineering
- Electrical and Electronic Engineering
- Civil Engineering
(Construction and the Built Environment)

UMG College

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြိုးကြပ် ဦးဆောင်မှုဖြင့် ဆောင်ရွက်ပြီး ဟိုတယ်ရည်ရွယ်ချက်ဆောင်မှု သင်တန်းများအား Star Resources ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းကျောင်းတွင် ဖွင့်လှစ်သွားမည်

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ရှေ့ဖြံကြီးလုပ်ငန်းသင်တန်း(အဆင့် ၁)	ဒုတိယနှစ် သို့မဟုတ်
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအစာနှင့်အဖျော်ယမကာဆည်ခံ ကျွေးမွေးရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာထုတ် လုပ်ရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	နိုင်ငံတကာနှင့်နိုင်ငံတွင်းလုပ်ငန်း သင်တန်း (အဆင့် ၁)	ဘွဲ့သင်တန်းကျောင်း အဆင့်မြင့် (အဆင့် ၁) အစားအစာထုတ် လုပ်ရေးသင်တန်းတက်ရောက် ပြီးသူ ဖြစ်ရမည်
၆။	ဟိုတယ်လုပ်ငန်းဆိုင်ရာကြီးကြပ်ရေးသင်တန်း (ဘွဲ့ရအမှု) (အစားအစာနှင့် အဖျော်ယမကာဌာန) (အဆင့် ၂)	မည်သည့်ဘွဲ့မဆို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းကျောင်း အဆင့်(၁) သင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်

သင်တန်းကာလ - (၂၈-၇-၂၀၁၄) မှ (၂၉-၉-၂၀၁၄) ရက် အထိ

သင်တန်းဆိုင်ရာအချက်အလက်များအောက်ပါလိပ်စာသို့ -

[illegible] Star Resources ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းကျောင်း [illegible]

Star Resources ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းကျောင်း

အမှတ်(၂၆) အခန်း(၈၂) [illegible] မြို့နယ်

ဖုန်း ။ ၀၁- [illegible]

email: info@starresources.com

ခြံနှင့်တိုက်သစ်ရောင်း

နဝရတ်လမ်း၊ သာကေတ၊ ခြံ ပေ (၁၂၀×၇၅)၊ အိမ် ၇၀၀၀ Sqft, ၂ ထပ် RC၊ ဘုရားခန်း၊ ဧည့်ခန်း၊ အိပ်ခန်း ၅၊ ထမင်းစား၊ မီးဖို၊ ကားဂိုဒေါင် ၂ စီး၊ ရေလှောင်ကန် ၃၀၀၀ ဂါလန်၊ ရေ၊ မီး၊ ဖုန်း၊ လေအေးစက်

ရောင်း

သိန်း ၁၆၀၀၀

ဖုန်း-၀၉-၂၅၀၆၈၀၀၄၂၊ ၀၁-၄၅၀၀၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကချင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဗန်းမော်ခရိုင်အတွင်း ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ မြစ်သဲ၊ ဘိလပ်မြေ(ထိုင်းဆင်)၊ သံချောင်းလုံးဆိုဒ်စုံ၊ သစ်ခွဲသား စသည့်လုပ်ငန်းသုံးပစ္စည်းမျိုးစုံအား မြို့နယ်အလိုက်၊ လမ်းအလိုက်၊ လုပ်ငန်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် **အမှတ်(၂)(၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်)**

(၁) တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက် - ၁၄-၇-၂၀၁၄ ရက်

(၂) တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၂၄-၇-၂၀၁၄ ရက်

(၃) တင်ဒါတင်သွင်းရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့။

(၄) အသေးစိတ်အချက်အလက်များနှင့်တင်ဒါလျှောက်လွှာ ဗန်းမော်ခရိုင်၊ ဖုန်း-၀၇၄-၅၀၀၁၉ ပုံစံကို ရုံးချိန်အတွင်း ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ဗန်းမော်ခရိုင်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ စီမံကိန်း-၁၊ မြေကွက်အမှတ်(၁၅) မြေကွက်တည်နေရာအမှတ်(၁၅)၊ ချယ်ရီလမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးစောစိုးမြင့်အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးစောစိုးမြင့်နှင့် ဇနီးဒေါ်ဌေးကွယ်လွန်သဖြင့် ဦးဌေးမြင့်[၇/ပမန(နိုင်)၀၂၇၃၁၈]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် အရောင်းအဝယ်စာချုပ်ရန်နှင့် မြေကွက်ခွဲစိတ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၃၁၆ (၉-၄-၁၄)ဖြင့်လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ဝင်းဝင်းခိုင်[၁၄/ကပန(နိုင်)၁၂၅၀၃၂]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၆၈၈(၇-၅-၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/တိုးချဲ့)၊ မြေကွက်အမှတ်-၉၁၊ မြေကွက်တည်နေရာအမှတ်(၉၁)၊ (၃၂)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း၊ ဒုဗမကသောင်းတင်ထံမှ မေတ္တာဖြင့် အပိုင်ပေးစာချုပ်တစ်ရပ်ကတိဖြင့် ဒေါ်စီစီတင်[၁၃/သပန(နိုင်) ၀၀၂၁၆၁]မှ ပါမစ်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံး၊ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပြောင်းခြင်း ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးကျေးဇူးတင်ရှိခြင်း

၉-၇-၂၀၁၄ရက်တွင် ကွယ်လွန်ခဲ့သော ဦးစိန်ဝင်း အသက်(၅၅)နှစ်သည် အာရှတော်ဝင်အထူးကုဆေးရုံတွင် ဆေးကုသမှုခံယူစဉ် အဘက်ဘက်မှ ဂရုတစိုက် ကုသပေးသော အထူးကုဆရာဝန်ကြီး ဦးဝင်းနိုင်နှင့် ဆေးရုံမှဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအားလည်းကောင်း၊ လာရောက်သတင်းမေး အားပေးကူညီခဲ့ကြသော သူငယ်ချင်း၊ မိတ်ဆွေ၊ ဆွေမျိုးများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးတိုင်းတစ်ပါးမှ တယ်လီဖုန်းဖြင့် မေးမြန်းကြသော သူငယ်ချင်း၊ ဆွေမျိုး၊ မိတ်ဆွေများအားလည်းကောင်း၊ ဈာပနကိစ္စတွင် ပို့ဆောင်ကူညီခဲ့ကြသည့် ရန်ကုန်ယူနန်ဘုံကျောင်းအသင်းနှင့်အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်ကြီးများအားလည်းကောင်း၊ ရပ်ဝေးမှ တကူးတက လာရောက်ပို့ဆောင်ပေးသော ဆွေမျိုးများနှင့် ငယ်သူငယ်ချင်းများအားလည်းကောင်း၊ ဈာပနကိစ္စတွင် လိုလေသေးမရှိကူညီခဲ့ကြသော ဆွေမျိုး၊ မိတ်ဆွေများအားလည်းကောင်း၊ လိုက်လံပို့ဆောင်ပေးကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူ**

ဇနီး-ဒေါ်ရင်ရင်ဟာနှင့်မိသားစု

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၈၃၄၀၊ ၇ဃ/၁၉၄၉၊ ၁ဃ/၉၀၆၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်-၅၄/ခ၊ မြေကွက်တည်နေရာအမှတ်(၅၄/ခ)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တ/ဥ (ဦးထွန်းထွန်းအောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးထွန်းထွန်းအောင်ထံမှ G.P ရသူ ဦးကျော်စိုးစိုးသာ[၁၂/ဥကတ(နိုင်)၀၅၂၉၃၉]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း၊ ယနေ့ထက်တိုင် ပါဝါရုပ်သိမ်းသေးခြင်းမရှိကြောင်း ကိုယ်စားလှယ်လွှဲစာ-၁၃၀၅၇/၁၄(၁၅-၅-၁၄)၊ကျမ်းကျိန်လွှာ ၃၃၁၅/၁၄ (၂၈-၅-၁၄)တို့ကိုတင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ (၁၉၉၅)ခုနှစ်က ကူးယူခဲ့သော အရောင်းမြေပုံမှာ စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ ၆၂၆၃/၁၄(၁၉-၆-၁၄)တင်ပြပြီး အရောင်းမြေပုံကူး ထပ်မံလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သုံးနှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးထွန်းထွန်းခိုင်
အေးရှားဝေါလ် (ကန်ထရိုက်တာ) နေပြည်တော်
အသက်(၄၅)နှစ်

ချစ်ခင်ပွန်း မမျှော်လင့်ဘဲ ချစ်တဲ့ မိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ ၁၄-၇-၂၀၁၄ရက်တွင် သုံးနှစ်ပြည့်ခဲ့ပြီ ဖြစ်သော်လည်း အချိန်တိုင်း လွမ်းဆွတ်သတိရနေဆဲပါ။ ချစ်ခင်ပွန်းအတွက် ရည်စူးပြီး ပြုခဲ့သမျှသော ကောင်းမှုကုသိုလ်အကျိုးကိုလည်း ရရှိခံစားနိုင်ပါစေ။

ချစ်ဇနီး - ဒေါ်အိအိခိုင်
ချစ်သမီး - မသန္တာထွန်းဆွေ
ချစ်သား - မောင်မြတ်လင်းမောင်

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြတ်မော် (၇၅)နှစ်
ဂုဏ်ထူးဆောင်ပါမောက္ခ (ဥပဒေရေးရာဆေးပညာဌာန)
တပ်မတော်ဆေးတက္ကသိုလ်

၁၀-၇-၂၀၁၄ ရက်တွင် ရန်ကုန် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားသော ဆေးတက္ကသိုလ်(၂)၊ ဆေးတက္ကသိုလ်(၁) ဥပဒေရေးရာဆေးပညာဌာနမှ အငြိမ်းစားကထိကဆရာကြီး၊ တပ်မတော်ဆေးတက္ကသိုလ် ဥပဒေရေးရာ ဆေးပညာဌာန ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမြတ်မော် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးတက္ကသိုလ်(၂)
1 st M.B.,B.S ၁၉၈၂မှ တပည့်ဆရာဝန်များ

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဒေါ်ခင်စိန် (မော်လမြိုင်)
အသက်(၈၉) နှစ်
(၁၄-၆-၂၀၁၄) မှ (၁၄-၇-၂၀၁၄)

အနန္တကျေးဇူးရှင်မေမေ မိသားစုနဲ့ခွဲခွာသွားသည်မှာ (၁)လပြည့်ခဲ့ပြီဖြစ်သော်လည်း မေမေ့အား သတိတရ မမေ့နိုင်ပါ။ ပြုပြုသမျှ ကောင်းမှုအစုစုတို့ကို မေမေ့အား ရည်စူး၍ အမျှပေးဝေပါသည်။ ရောက်ရှိရာ မြင့်မြတ်သောဘုံဘဝမှ သာခုခေါ် ဆိုနိုင်ပါစေ။

သမီးကြီး - ဦးခင်မောင်ဘ-ဒေါ်မြင့်မြင့်သန်း(ပုလဲတိုက်- ဗိုလ်ချုပ်ဈေး)
သမီးငယ် - ဒေါ်ခင်ခင်ဝင်း[အထက-၃၊ ဗိုလ်တထောင်ဆရာမ(ငြိမ်း)]
သားကြီး - ဦးမြင့်စွမ်-ဒေါ်မာမာသက်
(တွဲဖက်ပါမောက္ခ- ဇီဝဗေဒဌာန၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)
သားလတ် - ဦးအောင်မျိုးသန်း-ဒေါ်သိန်းကြည် (ဂစ်တာကမ္ဘာတူရိယာ)
သားငယ် - ဦးလွင်ကြည်

မသက်ဆိုင်တော့ပါကြောင်း

ဦးလှမြင့် မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၀၄၁၂၁၁]ကိုင်ဆောင်သူသည် ဇနီးနှင့်သားသမီးများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဖြင့်နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဒေါ်ဝင်းဝင်းမြင့်[၁၂/အစန(နိုင်)၀၄၁၁၇၉]

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ ခြံအမှတ်(၆)နေ ဦးခင်မောင်ချစ်၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးချစ် အသက်(၄၉)နှစ်သည် ၁၁-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်ဝင်းထွဋ်-ဒေါ်သွန်းအိအိမိသားစု
မြန်မာ့အမွေဆောက်လုပ်ရေးကုမ္ပဏီ

Mya Mya Win Facebook Account အား

ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နှောင့်ယှက် ပြုပြင်ပြောင်းလဲခိုးယူခြင်းအတွက် သတိပေးကြေညာချက်

ကျွန်ုပ်အားလွှဲအပ်ထားသူ၏ ညွှန်ကြားချက်အရသတိပေးကြေညာအပ်သည်မှာ -

Mya Mya Win Facebook Account နှင့် Password သိသူက ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်၍ Facebook Account ကိုသုံးစွဲကာ [illegible] ရေးသားမှုနှင့် [illegible] ပြုလုပ်ခဲ့သည်။ မူလ Facebook Password ကိုလည်းပြောင်းလဲခဲ့သည်။

ထိုသို့ပြုမူခြင်းသည် [illegible] ဥပဒေပြဋ္ဌာန်းချက်အရ [illegible] ပြုပြင်ပြောင်းလဲ ခိုးယူခြင်းပြုရာရောက်သည့် ရာဇဝတ်မှုကိုကျူးလွန်ခြင်းဖြစ်သည်။

ထို့ကြောင့် Mya Mya Win Facebook Password ကိုမူလအတိုင်းပြန်လည်ပြောင်းပေးရန်နှင့်ရာဇဝတ်မှုထိုက်သင့်သောပြုမူခြင်းများကို ချက်ချင်းရပ်ဆိုင်းရန် တားမြစ်သတိပေးလိုက်သည်။

ညွှန်ကြားချက်အရ -

ဦးနေလ
တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၀၆၂)
၅၅၊ ဒုတိယထပ်၊ ဗဟန်းမြို့နယ်၊ [illegible]
ရန်ကုန်မြို့။ ရုံးဖုန်း - ၀၁ ၃၇၃၅၈၀
nlandassociate@gmail.com

ကွယ်လွန်သူ

ဆေးရာကြီး၊ ဦးထွန်းလင်း([illegible])

[illegible]

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၆(ကံဘဲ့)၊ မြေကွက်အမှတ်-၈-B/၂-B°၊ ဧရိယာ(၀.၁၀၄)ဧကရှိ မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်ဥမ္မာအောင်[၁၂/သဃက(နိုင်)၀၆၃၄၉၂]ထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက် အဆောက်အအုံနှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသောတရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၄၅)
အမှတ်-၈၅ (မြေညီထပ်)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊
H.P-၀၉-၅၀၂၁၂၄၄

အထူးဝမ်းနည်းကြေကွဲခြင်း

ကြည်း-၇၆၉၇ ဗိုလ်မှူးစိုးလွင် REGGIE(ငြိမ်း)

စည်သူ(၁၄)

အသက်(၈၃)နှစ်

၁၁-၇-၂၀၁၄(သောကြာနေ့) ညနေ ၅း၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စည်သူ(၁၄)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မြင့်

အသက်(၇၄)နှစ်

စက်မှုလက်မှုသိပ္ပံအငြိမ်းစားကျောင်းဆရာကြီး

ဆရာကြီး ၁၂-၇-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မိတ္ထီလာစက်မှုလက်မှု သိပ္ပံမှ

ဆရာ/ဆရာမများနှင့်ကျောင်းသား/ကျောင်းသူများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဝါးခယ်မမြို့ အထက-၁တွင် ၁၉၆၅ မှ ၁၉၉၄ အထိ အထက်တန်းပြဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သောဆရာဦးထွန်းငြိမ်းသည် ၁၀-၇-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁း၀၄နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် တပည့်ဟောင်းများအနေဖြင့် ယူကြုံးမရ လွမ်းဆွတ်တသ ကြေကွဲရပါကြောင်းနှင့် ဆရာကိုယ်တိုင် ယုံကြည်အားထုတ်ခဲ့သည့် ဒါန သီလ ဘာဝနာတို့၏အကျိုးကြောင့် မြင့်မြတ်ရာဘုံဘဝသို့သာ ရောက်ရှိမည်ဖြစ်ကြောင်းယုံကြည်လျက်-

ကျန်းမာရေးစောင့်ရှောက်မှုနှင့် နာရေးကူညီမှုကော်မတီ

အထက-၁ဝါးခယ်မကျောင်းသားဟောင်းများ

အထူးကျေးဇူးတင်ရှိခြင်း

ဦးညီညီလင်း(နမ္မတူ-ဘော်တွင်း)

Director, ZHP International Co.,Ltd.

IMT(CD-19/CE-17)

အသက် (၄၈)နှစ်

၇-၇-၂၀၁၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဦးညီညီလင်း နာမကျန်းစဉ်ဂရုတစိုက်ကုသပေးခဲ့သော Singapore Mount. E Medical Center (SO C)မှ သမားတော်ကြီးများနှင့် ဆရာမများအားလည်းကောင်း၊ Sakura ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျဆရာ၊ ဆရာမများနှင့်ဝန်ထမ်းများ၊ ဦးညီညီလင်း၏နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပြီးကူညီပေးပါသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ၊ ဆွေမျိုးများအားလည်းကောင်း၊ သက်နိုး၊ လှူဖွယ်ပစ္စည်း၊ လွမ်းသူ့ပန်းခြင်းများပေးပို့ခြင်း၊ ဝမ်းနည်းကြေကွဲကြောင်း သတင်းစာ၊ ဖုန်း၊ အီးမေးလ်များမှတစ်ဆင့် မေးမြန်းပေးပို့ကြသော မိတ်ဆွေ သူငယ်ချင်းများအားလည်းကောင်း၊ CD-19/CE-17မှ ကျောင်းဆင်းသူငယ်ချင်းများအားလည်းကောင်း၊ ကုမ္ပဏီအသီးသီးမှ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးနိုင်လင်းဦး(ခ)နိုင်နိုင်

အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း မြောက်/ရွှေ့ရပ်ကွက်၊ ဌာနလမ်း၊ အမှတ်(၉၈)နေ (ဦးဟုတ်စိန်-ဒေါ်ကြင်ဥ)၏ သား၊ ဦးယုတင်-ဒေါ်သန်းရင်တို့၏သားသမက်၊ မောင်မျိုးမင်းလတ်-မနီတာမြင့်၊ မောင်မြတ်သူတို့၏အစ်ကို၊ မောင်ထင်ကျော်ဖုံ မအိမ့်မိုးနွယ်၊ မမြင့်မြတ်စန္ဒီ၊ မယွန်းမြတ်စန္ဒီတို့၏မွေးသဖခင်၊ ဒေါ်မြတ်မွန်ဦး၏ခင်ပွန်းသည် ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုးမြင့်အောင်

အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်ညိန်းညိန်း)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အခန်းအမှတ်(၁၉)၊ တိုက်(၂)နေ (ဦးဘခိုင်)-ဒေါ်တင်တင်တို့၏သားသမက်၊ ဒေါ်အေးမြကြည်၏မောင်၊ ဦးစံလှ-ဒေါ်ခင်လှိုင်၊ (ဦးထွန်းအောင်)-ဒေါ်ကြည်ကြည်၊ ဦးမောင်မောင်-ဒေါ်သန်းအေးတို့၏အစ်ကိုကြီး၊ ဒေါ်ခင်ဝင်းတင့်၏ခင်ပွန်း၊ မအိအိမွန်၊ ကိုနေလင်းတို့၏မွေးသဖခင်သည် ၁၂-၇-၂၀၁၄ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဦးသိန်းအောင်

အသက် (၇၉)နှစ်

ရုပ်ရှင်လုပ်ငန်း(ငြိမ်း)

ဖျာပုံ-ကျုံကဒွန်း

ကျုံကဒွန်းရွာနေ (ဦးဘဦး-ဒေါ်စိန်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ပိန်းတောလမ်း၊ အမှတ်(၁၅၆)နေ (ဒေါ်ညွန့်ရီ)၏ခင်ပွန်း၊ (ဦးစံမြ)၊ (ဒေါ်တင်အုန်း)၊ (ဒေါ်တင်ရီ)၊ (ဦးဖိုးဆိတ်)တို့၏ ညီ/မောင်၊ ဦးမောင်ကြည်-ဒေါ်လှထွေးတို့၏ အစ်ကို၊ ဦးအောင်ညွန့် (စီးပွားရေးဘဏ်)-ဒေါ်ခင်မျိုးဝင်း၊ ဦးလှဝင်း၊ ဦးသက်စိုး-(ဒေါ်စန်းမြင့်)၊ ဦးမျိုးခိုင် (EPC)-ဒေါ်ဝင်းဝင်းမော်၊ ဦးတင်ဝင်း-ဒေါ်နီနီဝင်း(အာမခံ)၊ ဦးတင်ထွန်း (EPC) ဒေါ်မြမြအေးတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ရင်ရင်မြင့်(ခနေဖြူ)

အသက်(၇၇)နှစ်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်လမ်း၊ အမှတ် (၃၅၆)နေ (ဦးအောင်ရ-ဒေါ်မြနွဲ့)တို့၏သမီးကြီး၊ [ဦးထွန်းလှိုင်(ကုန်သွယ်လယ်ယာ-ငြိမ်း)]၏ဇနီး၊ ဗိုလ်ကြီးကြီးမြင့်(ငြိမ်း) (တပ်မတော်-ရေ)၊ ဦးသန်းငွေ-ဒေါ်ခင်အေးမြင့်တို့၏အစ်မ၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းလှိုင်၊ ဦးသန်းမင်းအေး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကြည်စိုး-ဒေါ်သင်းသင်းကြိုင်၊ ဦးလှမြင့်-ဒေါ်ဖြူဖြူဝင်း၊ ဦးဉာဏ်ထွန်း-ဒေါ်မိုးမိုးဆွေ၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်နီလာမြင့်၊ ဦးမြတ်ကိုကို-ဒေါ်မေသူလှိုင်တို့၏မွေးသမိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး ဦးစိန်မြင့်(ခ)လင်ကုတ်ဟွာ

(အင်းစိန်)

အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ (ဦးစူးဝါးလေး-ဒေါ်ကျင်အေး)၏ဒုတိယသား၊ ပြည်မြို့နေ (ဦးလီဆွေ)-ဒေါ်သန်းရင်၏သားသမက်၊ ဦးရွှေဝင်း-ဒေါ်သန်းသန်းအေး၊ (ဦးရွှေ)-ဒေါ်စမ်းစမ်းအေးတို့၏မောင်၊ ဦးအောင်သောင်း - ဒေါ်ရီရီဝင်းတို့၏ ညီ၊ ဦးမောင်ကြီး - ဒေါ်ကြည်ကြည်နု၊ ဦးမောင်ချို-ဒေါ်ခင်မြအေးတို့၏အစ်ကို၊ အင်းစိန်မြို့နယ်၊ အမှတ် (၄၅၇)၊ လှိုင်မြစ်လမ်း၊ ကမ်းနားအလယ်ရပ်ကွက်နေ ကိုအောင်မြင့်သိန်း-ဒေါက်တာဥမ္မာဝင်း၊ ကိုအောင်ကျော်ထွဋ်၊ မဝေဝေလွင်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မထက်နဒီအောင်၏အဘိုးသည် ၁၂-၇-၂၀၁၄ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ (တနင်္လာနေ့)တွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

မောင်ကောင်းမြတ်ဟိန်း(ခ) ဖြိုးဖြိုး

အသက်(၃၀)

J/E CDC-64716

မော်လမြိုင်မြို့နေ (ဦးဖေတင်)-ဒေါ်သန်းသန်းတင့်၊ ရန်ကုန်မြို့နေ (ဦးစောအောင်ကြီး-ဒေါ်မြစိန်)တို့၏မြေး၊ ဦးစိုးအောင်-ဒေါ်နီနီတို့၏သား၊ ဒေါ်နွေးမမစိုး (အထက၊ ကျောက်တံတား)၏မောင်၊ မောင်ကောင်းထက်စိုး-မခိုင်ခိုင်ဦးတို့၏အစ်ကိုသည် ၁၂-၇-၂၀၁၄ (စနေနေ့) ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ် (၃၅)၊ အောင်မြေလမ်း၊ တောင်လုံးပြန်ရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဦးသန်းစိန်

အသက် (၈၉)နှစ်

ကုန်သွယ်ရေး(၁၀) (ငြိမ်း)၊ ကန်သာယာဆေးရုံ

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ပေါက်မြိုင်ရွာနေ (ဦးထွန်းကျော်-ဒေါ်ရွှေကံ)တို့၏သား၊ ဦးသီ-(ဒေါ်ဝင်းစိန်)၊ ဒေါ်သောင်းသောင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၈၂)နေ ဦးမြင့်လွင်(ဒုတိယညွှန်ကြားရေးမှူး၊ စစ၊ စစ်တွေမြို့)-ဒေါ်အေးအေးသန်း(ခ)ဒေါ်ပါစီ(အထက-၄၊ သယ်န်းကျွန်း)၊ ဦးအောင်သန်းမော်(ဒုတိယရဲမှူး၊ ဗန်းမော်)-ဒေါ်ခင်စန်းဦး၊ ဦးအောင်သန်းထွန်း(အရာခံဗိုလ်၊ နေပြည်တော်)-(ဒေါ်ငွေငွေဝင်း)တို့၏ဖခင်၊ ဒေါ်ညွန့်ရီ၏ချစ်လှစွာသောခင်ပွန်း၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးသန်းစိန်သည် ၁၂-၇-၂၀၁၄ (စနေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဇော်လင်းဒွေး

အသက်(၅၅)နှစ်

ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊ ဇီဝကလမ်း၊ ဆေးရုံအုပ်ကြီးနေအိမ်နေ (ဗိုလ်ကြီးမောင်မောင်ဒွေး)-ဆရာမကြီးဒေါ်စိန်နု(ငြိမ်း)တို့၏ ချစ်လှစွာသောသားကြီး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေး-ဒေါ်ဥမ္မာမြင့်၊ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်-ဒေါ်စုစုဒွေး(ဆေးရုံအုပ်ကြီး၊ ပြင်ဦးလွင်)၊ ဦးသက်လင်းဒွေး[Chief Engineer (FG)]တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မရွှေရည်ဖူးအောင်၊ မောင်လှိုင်ဘွားအောင်။ မစုရည်မွန်အောင်၊ မောင်ဖြိုးအာကာအောင်၊ မစုမြတ်နန္ဒာအောင်တို့၏ ချစ်လှစွာသောဦးကြီးသည် ၁၂-၇-၂၀၁၄ (စနေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးအောင်ကိုကို (၃၆)နှစ်

ကြည်း-၃၁၆၇၄၊ အမှတ်စဉ်(၄၁)

B.Sc(D.S.A), M.Sc(Maths)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၅)လမ်း၊ အမှတ်(၂၀/ခ)နေ ဦးမြင့်ရွှေ (တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်လှဝင်း တို့၏ချစ်လှစွာသောသားကြီး၊ ဦးသိန်း မောင်-ဒေါ်ငွေကြည်တို့၏တူ၊ မော် လမြိုင်မြို့နေ (ဦးစိန်အောင်-ဒေါ်မေမေသိန်း)-ဒေါ်ရှုကြည် (အထက-၇၊ မော်လမြိုင်ကျောင်းအုပ်ကြီး၊ ငြိမ်း)တို့၏သားသမက်၊ ကိုဇော်မြင့်မြတ် (2nd Mate, MARINER SHIPPING)-မငုဝါဝါ၊ ကိုသော်တင့် (2nd Mate, MARINER SHIPPING)-မပြည့်ဖြိုးသူ၊ ကိုလင်းသိန်းထက်-မမေဇင်ကျော်၊ (မောင်ဟိန်းမြတ်မင်း)-မဖြိုးသူဇာ(ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းခတ်ခရိုင်၊ မိုင်းခုတ်မြို့နယ်ခွဲနေ ဒေါ်ခိုင်မာလာအောင်၏ချစ်လှစွာသောခင်ပွန်း၊ မမေမြတ်သံစဉ်၊ မောင်ခန့်သုတတို့၏ ချစ်လှစွာသောဖခင်သည် ၁၀-၇-၂၀၁၄ရက် ည ၉း၃၀နာရီတွင် ကျိုင်းတုံမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ကျိုင်းတုံမြို့ ဟွေ့ဖြန်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိုးမြင့်(ပဲခူး) (၇၄)နှစ်

ပဲခူးမြို့၊ အုန္နဲကျေးရွာနေ (ဦးတုတ်-ဒေါ်စောတင်)တို့၏သမီး၊ (ဦးသာရင်-ဒေါ်အုန်းတင်)တို့၏ သမီးချွေးမ၊ ပဲခူးမြို့နေ ဦးသိန်းမြင့်-ဒေါ်ညွန့်တင်တို့၏ညီမ၊ ဦးထွေးမြင့်-ဒေါ်ခင်ရီ၊ ဦးရီဝင်း-ဒေါ်ကြူ ဒေါ်မြင့်ထွေး၊ (ဦးမြတ်ကြူ)-ဒေါ်မာမာမြင့်၊ ဒေါ်သိန်းသိန်းတို့၏ အစ်မ၊ ဦးချမ်းသာ-ဒေါ်စိုးစိုးအိ၊ ဦးကျော်မိုး-ဒေါ်သန်းနွဲ့၊ ဦးထွန်းအောင်ကျော်-ဒေါ်ငွေငွေလွင်၊ ဦးဇော်မိုး- ဒေါ်တူးတူးမာတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ ပဲခူးမြို့၊ ဆေးရုံဟောင်းလမ်း၊ အမှတ်(၁၇၉)နေ (ဦးသန်းမြင့်)၏ဇနီးသည် ၁၂-၇-၂၀၁၄(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးကျော်လင်း (၆၄)နှစ်

မန်နေဂျာ(ငြိမ်း)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအရှေ့ရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ် (၇၄)နေ (ဦးစံရွှေ-ဒေါ်ကျော့မေ)တို့၏သား၊ (ဦးကျော်ဝေ)-ဒေါ်ခင်ငြိမ်းနွယ်၊ ဦးသုမ္မောစိက္ကာ(ခ) ဒေါက်တာထွန်းမောင်-(ဒေါ်သန်းမြင့်)၊ (ဦးထွန်းစိန်)-ဒေါ်တင်မူ၊ ဦးမောင်ကြီး-ဒေါ်သန်းနု၊ ဒေါ်သန်းငွေ၊ ဦးသန်းစိန်-ဒေါ်ခင်ခင်အေးတို့၏ ညီ/မောင်၊ (ဦးကျန်ရွှေ)၏အစ်ကို၊ မောင်သက်ထွန်းနောင်၊ မောင်တင်ထူးအောင်၊ မဝင့်မာကျော်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်မာလာညွန့် (သူနာပြုဆရာမကြီး၊ အင်းစိန်မီးရထားဆေးရုံ)၏ခင်ပွန်း၊ ဦးကျော်လင်း(မန်နေဂျာ-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မန်နေဂျာ၊ KMA Shipping ကုမ္ပဏီ)သည် ၁၂-၇-၂၀၁၄(စနေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [၁၈-၇-၂၀၁၄ ရက် နံနက် ၇နာရီတွင် အမှတ် (၇၄)၊ မီးရထားဆေးရုံဝင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ခင်ကြည်(ခ)ဒေါ်ကြည်

အသက်(၇၈)နှစ်

၃၄(B)ရုံ၊ သိမ်ကြီးဈေး

(ဒေါ်အေးမျှင်အထည်ဆိုင်)

ရန်ကုန်မြို့၊ (၂၉၀-J)၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်နေ (ဦးရွှေအံ-ဒေါ်အေးမျှင်)တို့၏သမီး၊ (ဦးဘိုးလှ-ဒေါ်မိ)တို့၏သမီးချွေးမ၊ (ဦးထွန်းမြင့်)၏ဇနီး၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်ကြည်(ဦးကျော်ဝင်းအထည်ဆိုင်၊ B-ရုံ၊ သိမ်ကြီးဈေး)၊ ဦးကျော်မင်း-(ဒေါ်ကြည်ကြည်ဝင်း)တို့၏အစ်မ၊ ဦးဇော်ဝင်းမြင့်-ဒေါ်ခင်မြင့်ကြည် (လဲ့လဲ့မြင့်အထည်ဆိုင်၊ B-ရုံ)၊ (ဦးဝင်းနိုင်)တို့၏မိခင်၊ ဒေါ်စန္ဒာဝင်း၏အဒေါ်၊ မလဲ့လဲ့မွန်၊ မောင်အောင်ကျော်စိုး၊ မလဲ့မြင့်သူတို့၏အဘွား ဒေါ်ခင်ကြည်သည် ၁၂-၇-၂၀၁၄(စနေနေ့) မွန်းလွဲ ၁း၄၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ညိုထွေး

အသက်(၅၂)နှစ်

ရွှေဂုံတိုင်၊ ယုဇနတာဝါနေ (ဦးသန်းတင်)-ဒေါ်ရင်ဥတို့၏ ဒုတိယသမီး၊ ဒိုက်ဦးမြို့နေ (ဦးစံရွှေ)-ဒေါ်လှမြင့်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၁၂)၊ ရာမလမ်း၊ စော/တောင်၊ အလုံမြို့နယ်နေ ဦးဝင်းမင်း(အကောက်ခွန်မှူး)၏ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ ဦးသက်တိုးအောင်-ဒေါ်ခင်စိုးဦး၊ ဦးမြင့်ကြိုင်-ဒေါ်ခင်သက်ဇင်၊ ဦးငွေအောင်ကြီး-ဒေါ်စိုးစိုး၊ ကိုအောင်ကျော်ဇော၊ ကိုအောင်ကျော်လင်း၊ ဒိုက်ဦးမြို့နေ ကိုဇော်မင်း-မသန်းသန်းအေး၊ ရန်ကုန်မြို့နေ မခင်သန်းထိုက်၊ ကိုသန်းထွန်း-မခင်မြတ်မွန်၊ ဒိုက်ဦးမြို့နေ ကိုခင်မောင်ငွေ၊ မအေးအေးနှင်းတို့၏အစ်မ၊ မောင်ကျော်ထွဋ်ဇင်၊ မထားယဉ်မွန်(ဒသမတန်း-C၊ အထက-၆၊ အလုံ)တို့၏ မိခင်သည် ၁၂-၇-၂၀၁၄ (စနေနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဘဒ္ဒန္တခေမာစာရ(ခ)ဒေါက်တာဦးမောင်ကို(စစ်ကိုင်း)

သိက္ခာတော်(၁)ဝါ၊ သက်တော်(၈၂)နှစ်

M.B.,B.S(RGN)SAMA.1292, Con:PATHOLOGIST.(Y.G.H)

စစ်ကိုင်းမြို့နေ (ဒေါက်တာဦးဘထူး-ဒေါ်သန်းတင်)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်(၃၂/A)၊ ၆-မိုင်ခွဲ၊ ရှေးဟောင်းသုတေသနလမ်းနေ ဒေါ်မြင့်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဆရာမကြီးဒေါ်ခင်သောင်းတင်၏မောင်၊ ဒေါ်ဘေဘီ၊ ဒေါက်တာဒေါ်ခင်ဝင်းရီ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန-ငြိမ်း)တို့၏အစ်ကို၊ (ဒေါ်လွင်လွင်မော်)၊ ဦးကြီးမြင့်ဗိုလ် (လေယာဉ်မှူးကြီး၊ Air-KBZ)-ဒေါ်အေးအေးမော်၊ ဦးဝင်းထွန်းဇော်-ဒေါ်မာလာမော်၊ ဒေါက်တာကျော်စိုးမိုး-ဒေါက်တာဒေါ်ဥမ္မာအောင်(ကထိက၊ အဏုဇီဝဗေဒ၊ ဆေး-၁)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဒေါက်တာဦးမောင်ကိုသည် ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ (SSC)အထူးကြပ်မတ်ကုသဆောင်(I.C.U)၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်နှင့် ဆေးခန်းမှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၄ (စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်ညွန့်

အသက် (၇၉)နှစ်

စာဖောင်ဖွဲ့၊ မြန်မာ့အလင်းသတင်းစာတိုက်(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဦးဘချိုလမ်း၊ အမှတ်(၂၈၀)နေ (ဦးအုန်းမောင်-ဒေါ်ငွေရင်)တို့၏ သား၊ (ဦးအောင်ခင်-ဒေါ်သန်းရှင်)၊ ဦးမောင်အေး-ဒေါ်အုန်းရွှေ၊ ဦးစိုးဝင်း-ဒေါ်ထွေးကြည်တို့၏ မောင်/အစ်ကို၊ ဒေါ်တင်အေး၏ခင်ပွန်း၊ ဦးလှသိန်း(ပြည်ထောင်စုနေ့စဉ်သတင်းစာ)-ဒေါ်မင်းမင်းအေး(ပြည်ထောင်စုနေ့စဉ်သတင်းစာ)၊ ဒေါ်ချိုချိုအေး (ကြေးမုံသတင်းစာတိုက်)၊ ဒေါ်ချိုချိုမာ၊ ဒေါ်အေးမိစံတို့၏ချစ်လှစွာသောဖခင်၊ မောင်အုပ်စိုးခန့်၊ မောင်ထူးပြည့်နောင်တို့၏ချစ်လှစွာသောအဘိုး ဦးတင်ညွန့်သည် ၁၂-၇-၂၀၁၄(စနေနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်သန်း(မဒေါက်)

အသက် (၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့နေ (ဦးထွန်းလှိုင်)၏ဇနီး၊ ဒေါ်ကျင်ဦး၊ ဦးမြင့်သိန်း-ဒေါ်သန်းငွေ(မြရတီစားသောက်ဆိုင်)၊ ဦးမျိုးမြင့်-ဒေါ်စန်းအေး(မဒေါက်၊ အထက)၊ ဦးခင်ဇော်-ဒေါ်ရီဦး၊ ဗိုလ်မှူးကြီးကျော်ကျော်ထွန်း (တောင်ပိုင်းတိုင်းစစ်ဌာနချုပ်)-ဒေါ်အေးအေးမော်၊ ဗိုလ်မှူးကြီးအေးကျော်လင်း(တြိဂံတိုင်းစစ်ဌာနချုပ်၊ ကျိုင်းတုံမြို့)-ဒေါ်ခင်မျိုးသူ၊ ဦးကျော်ထွန်းငြိမ်း-ဒေါ်ခင်မျိုးသက်၊ ဦးစိုင်းသီဟ(ဇမ္ဗူမင်းဆီဆိုင်)-ဒေါ်သီတာထွေး၊ ဦးစိုင်းဇော်ထက်-မယုယုလှိုင်၊ ဦးသန်းနိုင်-မအိအိထွန်းတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၈ယောက်တို့၏အဘွားသည် ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၅း၄၀နာရီတွင် အမှတ် (၄၀၃)၊ နွယ်နီ(၁၀)လမ်း၊ ၈/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၁၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၄(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဆရာကြီး ဦးတင်မြင့်(ပဲနွယ်ကုန်း)

စက်မှုလက်မှုသိပ္ပံ(ငြိမ်း)

အသက် (၇၄)နှစ်

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၈၃)နေ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဒေါ်ဥမ္မာမြင့် (အထက်တန်းပြ၊ အထကခွဲ-၁၊ တောင်ငူ)၊ ဦးတင်ထွန်းအောင်(ဦးစီးမှူး-မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်သင်းသင်းကြည်၊ ဦးမြင့်နိုင် (A.E ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်သီတာမြင့် (S.A.E ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၊ ဦးထွန်းဝေ-ဒေါ်နီလာမြင့်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၂-၇-၂၀၁၄(စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊မုခ်ဦး ဒါယကာကြီး

လ-၇၆၇၇၃ ရဲတပ်ကြပ်ကြီးမောင်ကျစ်

မူးယစ်တပ်ဖွဲ့စု(၄၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မူးယစ်အထူးတပ်ဖွဲ့

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ ABC ရဲရိပ်သာ၊ လိုင်း(ဃ)၊ အခန်း(၇)နေ (ဦးဟန်တင်-ဒေါ်မြတင်)တို့၏သား၊ (ဦးကျော်စိန်-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ ဒေါ်သန်းသန်းငွေ၏ချစ်ခင်ပွန်း၊ ဗိုလ်မှူးအောင်သူရိန်လင်း-ဒေါ်သက်မာစိုး၊ အောင်သူရိန်ထွန်း-မသွယ်သွယ်ဝင်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မသဒ္ဒါသိမ့်(ခ)ဂျူးဂျူး၏အဘိုးသည် ၁၂-၇-၂၀၁၄(စနေနေ့) ည ၇း၃၀နာရီတွင် အမှတ်(၂) ခုတင်-၅၀၀ စစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၂)စစ်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး

ရဲတပ်ကြပ်ကြီးတင်မောင်ထွန်း

အမှတ်(၃) ရဲစခန်း (နေပြည်တော်)

အသက်(၄၉)နှစ်

(ဦးသောင်းစိန်-ဒေါ်ပုစိန်)တို့၏ သား၊ (ဦးတင်ညို-ဒေါ်မြကျင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉)ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ်(၃၁)နေ မအိသီရိအောင်၊ မနွယ်နီဝင်း၊ ဗလ-မျိုးပိုင် (D.S.A 2nd yrs)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်မာငွေ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၆-၂၀၁၄ရက် ည ၁၀နာရီတွင် ခုတင်(၁၀၀၀)ဆေးရုံကြီး နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာ-စင်ကာပူ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သို့ လေ့လာရန်အတွက် ယနေ့နံနက် ၈ နာရီတွင် စင်ကာပူသမ္မတနိုင်ငံသို့ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. William Chik Kam Weng နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူသမ္မတနိုင်ငံသို့ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

ငြိမ့်ငြိမ့်သဲသဲ ဆင်ယင်နွှဲ အင်ဒိုနီးရှားရွေးကောက်ပွဲ
စာမျက်နှာ - ၅

ပုဂံအမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်ဆီသို့
စာမျက်နှာ - ၆

အဝလွန်သူများ အရိုးအဆစ်ရောင်ပါက နာကျင်မှုပို၍ခံစားရ
စာမျက်နှာ - ၁၁

မန်စီးတီးတိုက်စစ်မျိုး ဂျီဗီတစ်အားခေါ်ယူရန် အင်တာမီလန်ပစ်မှတ်ထား
စာမျက်နှာ - ၁၃

တာချီလိတ်တွင် မြေထိန်းနံရံပြိုကျမှုကြောင့် လူခုနစ်ဦးသေဆုံး

တာချီလိတ် ဇူလိုင် ၁၃

တာချီလိတ်မြို့တွင် ဇူလိုင် ၁၂ ရက် ညသန်းခေါင်ကျော်အချိန်ခန့်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေထိန်းနံရံပြိုကျကာ နေအိမ်နှစ်လုံးပျက်စီးပြီး လူခုနစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့တွင် ဇူလိုင် ၁၂ ရက် ညသန်းခေါင်ကျော်အချိန်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် မြန်မာရွာအမှတ် (၆/၄၃၃)နေ ဦးကျော်ထွေးလင်းပိုင်နေအိမ်နှင့် သုံးခန်းတွဲအိမ်တန်းလျားတစ်ခုတို့ ဘေးနံရံရှိ အမြင့်ပေ ၂၀ ခန့်ရှိသော ကျောက်ရိုးစီဖို့မြေများသည် မိုးရွာသွန်းမှုအရှိန်ကြောင့် ဇူလိုင် ၁၃ ရက် နံနက် ၂ နာရီခန့်တွင် ပြိုကျခဲ့ရာ နေအိမ်နှစ်လုံးပြိုကျပျက်စီးသွားခဲ့ပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့**

အာရှဒေသနိုင်ငံအလိုက် အကောင်းဆုံးဘဏ်ဆု မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်ရရှိ

ရန်ကုန် ဇူလိုင် ၁၃

စင်ကာပူနိုင်ငံအခြေစိုက် The Asian Banking and Finance Awards ဆုရွေးချယ်ရေးအဖွဲ့ကြီးက ပေးအပ်သည့် "၂၀၁၄ ခုနှစ်အတွက် အာရှဒေသတစ်ဝန်းရှိ နိုင်ငံများအားလုံးမှ နိုင်ငံအလိုက်အကောင်းဆုံးဘဏ်ဆု" ချီးမြှင့်ပွဲကို ဇူလိုင် ၁၀ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် စင်ကာပူနိုင်ငံ Marina Bay Sands ရှိ Convention Centre ၌ ကျင်းပရာ မြန်မာနိုင်ငံကမ္ဘောဇဘဏ်လီမိတက်မှ "Best Domestic Retail Bank of the year in Myanmar 2014" နှင့် "Best Core Banking System Initiative of the year in Myanmar 2014" ဆုများ ရရှိခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ အာရှတိုက်အတွင်းရှိ နိုင်ငံပေါင်း ၃၀ မှ ဘဏ်ဥက္ကဋ္ဌများ၊ စီအီးအိုများ၊ အုပ်ချုပ်မှု ဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိကြီးများ ၂၀၀ ကျော် တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအတွက် "Best Domestic Retail Bank of the year in Myanmar 2014" ဆုကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက လည်းကောင်း၊ "Best Core Banking System Initiative of the year in Myanmar 2014" ဆုကို ကမ္ဘောဇဘဏ်လီမိတက် ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းက လည်းကောင်း အသီးသီးတက်ရောက်လက်ခံရယူခဲ့ကြပြီး ကမ္ဘောဇဘဏ်လီမိတက်ကိုယ်စား ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

